Funded by the
European Union

Implemented by
International IDEA

INTER PARES | မိတ်ဖက်လွှတ်တော်များစီမံကိန်း

လွှတ်တော်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ဥရောပသမဂ္ဂ၏ကမ္ဘာလုံးဆိုင်ရာစီမံကိန်း

# လွှတ်တော်များနှင့် အကျပ်အတည်း- စိန်ခေါ်မှုများနှင့် ဆန်းသစ်တီထွင်မှု

## လွှတ်တော်ဆိုင်ရာဖတ်စာအုပ် ၁



Funded by the
European Union

Implemented by
International IDEA

INTER PARES | မိတ်ဖက်လွှတ်တော်များစီမံကိန်း

လွှတ်တော်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ဥရောပသမဂ္ဂ၏ကမ္ဘာလုံးဆိုင်ရာစီမံကိန်း

# လွှတ်တော်များနှင့် အကျပ်အတည်း- စိန်ခေါ်မှုများနှင့် ဆန်းသစ်တီထွင်မှု

## လွှတ်တော်ဆိုင်ရာဖတ်စာအုပ် ၁

Jonathan Murphy

© ၂၀၂၀ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း
(International IDEA)
(Translated): English edition 2020

ဤဖတ်စာအုပ်သည် သီးခြားနိုင်ငံ့ရေးရာ သို့မဟုတ် နိုင်ငံရေး အကျိုးစီးပွားများကို ကိုယ်စားပြုခြင်း မဟုတ်ပါ။ ဤဖတ်စာအုပ်၌ ဖော်ပြထားသောအမြင်များသည် (International IDEA) သို့မဟုတ် ၎င်း၏ ဘုတ်အဖွဲ့ သို့မဟုတ် ၎င်း၏ ကောင်စီ အဖွဲ့ဝင်များ၏ အမြင်များကို ကိုယ်စားမပြုပါ။ INTER PARES မိတ်ဖက်လွှတ်တော်များစီမံကိန်း (လွှတ်တော်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ဥရောပသမဂ္ဂ၏ကမ္ဘာလုံးဆိုင်ရာစီမံကိန်း) ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဥရောပသမဂ္ဂ၏ ငွေကြေးထောက်ပံ့မှုဖြင့် ဤဖတ်စာအုပ်ကို ထုတ်ဝေထားခြင်း ဖြစ်ပါသည်။ ဤဖတ်စာအုပ်ပါ အကြောင်းအရာများသည် International IDEA ၏ တာဝန်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏အမြင်များကို ကိုယ်စားမပြုပါ။

ဤဖတ်စာအုပ်အား အီလက်ထရောနစ်ပုံစံဖြင့်ဖတ်ရှုရန် Creative Commons ၏ စီးပွားရေးအတွက် အသုံးချခြင်းမဟုတ်သည့် အသိအမှတ်ပြုကိုးကားခြင်း – မျှဝေခြင်း ၃.၀ ( CC BY-NC-SA 3.0) လိုင်စင်ဖြင့်ရယူနိုင်ပါသည်။ စီးပွားရေးအတွက်အသုံးချခြင်းမဟုတ်ဘဲ ဖတ်စာအုပ်ကို သင့်လျော်စွာ ကိုးကား အသိအမှတ်ပြုပြီး တူညီသောလိုင်စင်တစ်ခုဖြင့်ဖြန့်ဝေပါက ဤဖတ်စာအုပ်ကို လွတ်လပ်စွာ ကူးယူ၊ ဖြန့်ဝေ၊ ထုတ်လွှင့်၊ ပေါင်းစည်း၊ ဆင့်ပွားကျင့်သုံးနိုင်ပါသည်။ သတင်းအချက်အလက်ပိုမိုရရှိရန် Creative Commons အင်တာနက်စာမျက်နှာသို့သွားရောက်ပါ-‹http://creativecommons.org/licenses/by-nc-sa/3.0/›

International IDEA
စတွန်းစ်ဘောဂ်
SE - ၁၀၃ ၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +46 8 698 37 00
အီးမေးလ် - info@idea.int
ဝက်ဆိုဒ် - ‹http://www.idea.int›

မျက်နှာဖုံးပုံ - Mitch Blunt
ပုံများ၊ ဇယားများ - Tutut Christen
DOI: ‹https://doi.org/10.31752/idea.2020.34›

ISBN: 978-91-7671-320-4 (Print)
ISBN: 978-91-7671-321-1 ((PDF)

Created with Booktype: ‹https://www.booktype.pro›

# မာတိကာ


၁။ မိတ်ဆက် ........................................................................................ ၁

၂။ ဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ခြင်း နှင့် ရင်ဆိုင်ခြင်း – သူရဲကောင်းဆန်တဲ့အာဏာရှင်
စနစ်လား၊ စုပေါင်းဆောင်ရွက်ခြင်းလား ? ............................................................ ၇

၃။ လွှတ်တော်များ နှင့် ၂၀၁၉ – ၂၀၂၀ ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါ.............................. ၉

၄။ လွှတ်တော်များမှ ကိုရိုနာဗိုင်းရပ်စ်ကို မည်သို့ရင်ဆိုင်ဖြေရှင်းခဲ့ကြသလဲ – နိုင်ငံလုံးဆိုင်ရာ
လွှမ်းခြုံသုံးသပ်ချက် ............................................................................ ၁၅

၅။ ဤကပ်ရောဂါကာလအတွင်း နိုင်ငံအုပ်ချုပ်မှုရေးရာ၌ လွှတ်တော်များသည် အရေးပါသော
အခန်းကဏ္ဍတွင် မည်သို့ပါဝင်ဆောင်ရွက်ခဲ့သလဲ................................................... ၂၄

၆။ အထူးအခွင့်အာဏာများအား ဂရုတစိုက် ဆွေးနွေးသုံးသပ်ခြင်း၊ ပြဋ္ဌာန်းခြင်း နှင့် ကန့်သတ်ခြင်း ၃၀

၇။ ကပ်ရောဂါကာလအတွင်း လွှတ်တော်လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေးအတွက်
တီထွင်ကြံဆမှုများ................................................................................ ၃၇

၈။ ပုံရိပ်ယောင်နည်းပညာဖြင့် လုပ်ငန်းလည်ပတ်ခြင်းအား ခွင့်ပြုခြင်း – တရားဥပဒေနှင့်
ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ ........................................................... ၅၀

၉။ အကျပ်အတည်းအတွင်း လုပ်ငန်းများလည်ပတ်ခြင်း – လွှတ်တော်များအတွက် ဖြစ်ရပ်သစ်
တစ်ခုမဟုတ်ပါ ..................................................................................... ၅၅

၁၀။ အတိတ်ကအကျပ်အတည်းများထံမှ သင်ခန်းစာယူခြင်း – လွှတ်တော်များ၏ အရေးပါသော
အခန်းကဏ္ဍ ........................................................................................ ၅၈

၁၁။ လွှတ်တော်များနှင့် ဘေးအန္တရာယ်စီမံကိန်းများရေးဆွဲခြင်း....................................... ၆၀

၁၂။ ကြိုတင်မမှန်းဆနိုင်သည့် ဘေးအန္တရာယ်များအတွက် ပြင်ဆင်ခြင်း?
ကိစ္စရပ်တစ်ခုလုံးအား သုံးသပ်ခြင်း ........................................................................ ၆၃

၁၃။ နိဂုံး ........................................................................................................ ၆၇

ကိုးကားစာရင်း ................................................................................................ ၇၀

ကျေးဇူးတင်လွှာ ............................................................................................... ၈၆

နောက်ဆက်တွဲ ................................................................................................ ၈၇

# ၁။ မိတ်ဆက်

> ဇာတ်ပွဲများ၊ ဝက်ဝံနှင့် ခွေးကိုက်ပွဲများ၊ ကစားပွဲများ၊ ကဗျာရွတ်ခြင်း၊ သီချင်း သီဆိုခြင်းများ၊ ဒိုင်းအသေးသုံး ဓားရေးကစားပွဲများ သို့မဟုတ် ထိုကဲ့သို့ လူစုလူဝေးဖြစ်စေမည့် ပွဲများကို လုံးဝတားမြစ်သည်။ ... လူစုလူဝေးစားသောက်ပွဲများအားလုံး၊ အထူးသဖြင့် ဤမြို့၏ ကုမ္ပဏီများမှကျင်းပသော လူစုလူဝေးစားသောက်ပွဲများ၊ အရက်ဆိုင်၊ စားသောက်ဆိုင်များ၊ နှင့် အခြားပျော်ပွဲစားနေရာများ၌ ညစာ စားပွဲများကျင်းပခြင်းအား အမိန့်ကြေငြာခြင်း၊ ခွင့်ပြုခြင်း မတိုင်ခင်အထိ မပြုလုပ်ရ။

အကျပ်အတည်းများ၊ ဘေးအန္တရာယ်များသည် အသစ်အဆန်းမဟုတ်ပါ။ ၎င်းတို့သည် လူသားဖြစ် တည်မှုနှင့် အတူတွဲပါလျက်ရှိသည်။ အဖွင့်နိဒါန်းတွင်ဖော်ပြထားသည့် ကိုးကားစာသားသည် ၁၇၂၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် Daniel Defoe ၏ ပလိပ်ကပ်ရောဂါနှစ်၏ ဂျာနယ်မှ ရယူဖော်ပြထားခြင်း ဖြစ်သည်။ ကပ်ရောဂါကဲ့သို့သော ဘေးအန္တရာယ်များသည် အသစ်အဆန်းမဟုတ်သည့်အပြင် ထိုဘေးအန္တရာယ်များကိုဖြေရှင်းရန် လူ့အဖွဲ့အစည်းများအသုံးပြုသည့် နည်းနာများသည်လည်း လွန်ခဲ့ သောနှစ်ပေါင်း ၃၀၀ ခန့်မှ ကျင့်သုံးခဲ့သည့် နည်းနာများနှင့် တူညီနေကြောင်း ထိုကိုးကားစာသားမှ ပြသနေခြင်းပင်ဖြစ်သည်။

လူ့အဖွဲ့အစည်းများအားလုံးသည် အချိန်ကာလတစ်လျှောက် အကျပ်အတည်းကြီးကြီးသေးသေးများစွာကို ကြုံတွေ့ရပြီး အုပ်ချုပ်မှုစနစ်များက ထိုအကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းကြရသည်။ လူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးစေရန်၊ အချိန်ကာလတစ်လျှောက် လူသားဘဝအရည်အသွေးမြင့်မားတိုးတက်စေရန်အလို့ငှာ ကျွန်ုပ်တို့သည် ထိုအကျပ်အတည်းများအားမည်သို့ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည်ကို လေ့လာဖို့လိုအပ်ပါသည်။ ရေတိုပျက်စီးမှုများကို ထိန်းချုပ်ကန့်သတ်ရန် ထိုအကျပ်အတည်းများကိုမည်သို့ကိုင်တွယ်ဖြေရှင်းရမည်နှင့် ရေရှည်ထိခိုက်မှု အနည်းဆုံးဖြင့် ပုံမှန်အခြေအနေဆီသို့ပြန်ရောက်နိုင်ရန် မှန်ကန်သောဆုံးဖြတ်ချက်များကို မည့်သို့ရယူရမည်ဆို သည်ကို ကျွန်ုပ်တို့လေ့လာရန်လိုအပ်ပါသည်။ ဤဖတ်စာအုပ်သည် အတိတ်နှင့် ယခုပစ္စုပ္ပန်တွင် လူအများအားခြိမ်းခြောက်အန္တရာယ်ပေးသော အကျပ်အတည်းများ၊ နိုင်ငံသားများအား ကာကွယ်ရန် နှင့် အသေအပျောက်နည်းပါးစေရန် နိုင်ငံ၏စွမ်းဆောင်နိုင်စွမ်းကို ခြိမ်းခြောက်အန္တရာယ်ပေးသော အကျပ်အတည်းများကို လွှတ်တော်များမှ မည်သို့ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို လေ့လာဆန်းစစ်ထား ပါသည်။

၂၀၁၉ - ၂၀၂၀ ကိုရိုနာဗိုင်းရပ်စ်[၁] ကမ္ဘာ့ကပ်ရောဂါကြောင့်ကမ္ဘာတစ်လွှားရှိနိုင်ငံများစွာသည် ဆန်းသစ်၍လျင်လျင်မြန်မြန် ဆိုးရွားလာသော ကျန်းမာရေးအန္တရာယ်နှင့် ရင်ဆိုင်ဖြေရှင်းနေကြရသည်။ မကြာခဏဆိုသလို ရွေးချယ်မှုများစွာ၏ ရေတို / ရေရှည် အကျိုးသက်ရောက်မှုများကို ကောင်းစွာနားလည်မှု မရှိဘဲ နိုင်ငံများသည် ဆုံးဖြတ်ချက်များစွာကိုလျင်လျင်မြန်မြန်ချခဲ့ကြရသည်။ တခါတရံ ဆုံးဖြတ်ရမည့်ရွေးချယ်မှုများအပေါ်၌ သိပ္ပံပညာဆိုင်ရာအမြင်များ ကွဲပြားနိုင်သော်လည်း နိုင်ငံရေးခေါင်းဆောင်များသည် ဆုံးဖြတ်ချက်ချမှတ်သူများအဖြစ် ခက်ခဲကျပ်တည်းသော နေရာတွင် ရှိနေကြသည်။

အကျပ်အတည်းများသည် မည်သည့်အုပ်ချုပ်မှုစနစ်အတွက်မဆို စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ဒီမိုကရေစီစနစ်သည်လည်းထိုစိန်ခေါ်မှုမှ မကင်းလွတ်ပေ။ လွှတ်တော်ဆိုသည်မှာ ကိုယ်စားပြု ဒီမိုကရေစီ၏ အဓိကအဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် အကျပ်အတည်းအတွင်း လုပ်ငန်းဆောင်တာများဆက်လက်လည်ပတ်နိုင်သည့် လွှတ်တော်၏စွမ်းရည်သည် ဒီမိုကရေစီစနစ်တစ်ခု၏ ခွန်အားနှင့် အကြမ်းခံနိုင်မှုကို စစ်ဆေးသော စာမေးပွဲတစ်ခုပင်ဖြစ်သည်။ လွှတ်တော်များသည် ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များ၏ ဂရုတစိုက် ဆွေးနွေးသုံးသပ်ခြင်း၊ ဆုံးဖြတ် ချက်ချမှတ်ခြင်းများဖြင့် လုပ်ငန်းလည်ပတ်ပါသည်။ ပုံမှန်အခြေအနေများတွင် ဂရုတစိုက်ဆွေးနွေး သုံးသပ်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများ လုပ်ဆောင်ပါက ဥပဒေပြုသူများမှ ၎င်းတို့၏မဲဆန္ဒရှင်များထံမှ စကားသံများနားထောင်ရန်၊ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ နှင့် တိုင်ပင်နှီးနှောရန်၊ ဆုံးဖြတ်ချက်တစ်ခုမချခင် မတူညီသောရှုထောင့်အမျိုးမျိုးအပေါ် ဆွေးနွေးရန် (Urbinati နှင့် Warren ၂၀၀၈)။ သို့သော် အကျပ်အတည်းကျရောက်နေသော အချိန်မျိုးတွင် ဆုံးဖြတ်ချက်များကို လျင်မြန်စွာချမှတ်ရန် လိုအပ်ကောင်းလိုအပ်နိုင်သည်။ လွှတ်တော်အမတ်များ လူချင်းတွေ့ဆုံ ရန် ခက်ခဲနိုင်သလို လူချင်းတွေ့ဆုံရန်မဖြစ်နိုင်သောအခြေအနေများလည်း ရှိနိုင်သည်။ ထိုသို့အခြေအနေမျိုးသည် နိုင်ငံတစ်နိုင်ငံကျူးကျော်ခံရ၍ စစ်ပွဲအတွင်းရောက်နေသောကြောင့်ဖြစ်နိုင်သလိုဆူနာမီ သို့မဟုတ် ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြောင့်လည်း ဖြစ်နိုင်သည်၊ သို့မဟုတ် ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါဖြစ်ရပ်တွင် ပြည်သူလူထု အရေးပေါ်ကျန်းမာရေးအခြေအနေကြောင့်ဖြစ်သည်။ ထိုအခြေအနေများတွင် လွှတ်တော်များသည်လည်း ရွေးချယ်စရာအနည်းငယ်သာရှိနိုင်သည်။ ပုံမှန်အနေအထားကဲ့သို့ အနည်းနှင့်အများ လွှတ်တော်များ ဆက်လက်ကျင်းပရန် ကြိုးပမ်းနိုင်သည့် အခြေအနေများလည်းရှိနိုင်သည်။ ဘေးအန္တရာယ်များကျရောက်ပြီး လွှတ်တော်အဆောက်အဦး ပျက်စီးသွားသော်လည်း သင့်တော်သော အခြားအဆောက်အဦးများသည် ပျက်စီးမှုများစွာမရှိဘဲ ယာယီအသုံးပြုနိုင်ပါက လွှတ်တော်အားဆက်လက်ကျင်းပနိုင်သည်။ ဥပမာ ထိုကဲ့သို့သောဖြစ်ရပ်မျိုး တုန်ဂါဥပဒေပြုရေးလွှတ်တော်တွင်ဖြစ်ပွားခဲ့ သည်။ တုန်ဂါလွှတ်တော်အဆောက်အဦးသည် ၂၀၁၈ခုနှစ် ဆိုက်ကလုန်းဂီတာတွင်ပျက်စီးခဲ့သည်။ ရက်ပိုင်းအတွင်းမှာပဲ လွှတ်တော်ဥက္ကဋ္ဌသည် နိုင်ငံ၏မြို့တော် နူကူအလိုဖာ (Nuku'alofa) ရှိဖာအုမ်လာ (Fa'onelua) အစည်းအဝေးခန်းမတွင်လွှတ်တော်ကိုကျင်းပရန်စီစဉ်ခဲ့သည် (Agora ၂၀၁၈)။

တခြားဖြစ်ရပ်များတွင် ပုံမှန်အတိုင်း လွှတ်တော်များကျင်းပရန် မဖြစ်နိုင် သို့မဟုတ် လုံးဝကိုကျင်းပလို့မရနိုင်သည်များလည်းရှိနိုင်သည်။ လွှတ်တော်များသည် အစိုးရအား အထူးအခွင့်အာဏာများပေးအပ်ခြင်းဖြင့် ဆုံးဖြတ်ချက်ချခြင်းအားအစိုးရထံသို့တာဝန်လွှဲအပ်ပေးနိုင်သည်။ ကမ္ဘာအနှံ့ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အမျိုးမျိုးသော အရေးပေါ်အခွင့်အာဏာများပေးအပ်ကြသည်။ သို့သော် မြန်ဆန်အကျိုးဖြစ်ထွန်းသော ဆုံးဖြတ်ချက်ချခြင်းကို ဦးစားပေးရန်အတွက် ပုံမှန်အပြန်အလှန်ထိန်း ကြောင်းမှုများဆိုင်းငံ့ထားရန် လိုအပ်သည့် အလွန်အရေးပေါ်အခြေနေမျိုးတွင်လျှင်ပင် အခြားစနစ်များထက် ဒီမိုကရေစီစနစ်များသည် ပိုမိုခံနိုင်ရည်ရှိစေရန်၊ ပိုမိုထိရောက်မှုရှိစေရန်၊ ပိုမို မျှတမှုရှိစေရန် လွှတ်တော်များမှ ဆောင်ရွက်ဖို့ လွန်စွာအရေးကြီးပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် အရေးပေါ်အခြေအနေ၌ အုပ်ချုပ်ရေးအား အထောက်အပံ့ပေးရန်နှင့် အကျပ်အတည်းအားဖြေရှင်းရန် လိုအပ်သောဥပဒေများကို အတည်ပြုခြင်းဖြစ်သည့် ဥပဒေပြုရေးပါဝင်ပါသည်။ အစိုးရ၏လုပ်ဆောင်မှုများသည် အရေးပေါ်လိုအပ်ချက်များကို ဖြေရှင်းပေးကြောင်း၊ လူအများစုသည် ထိခိုက်လွယ်သောအခြေအနေ၊ မိမိကိုယ်ကိုကာကွယ်နိုင်စွမ်းမရှိသော အခြေအနေတွင် အစိုးရမှနိုင်ငံသားများအားတရားသဖြင့် မျှတစွာဆက်ဆံကြောင်းရှိ – မရှိစစ်ဆေးရမည့်အစိုးရကိုစောင့်ကြည့်ကြီးကြပ်ခြင်းကိုလည်း လွှတ်တော်များမှ လုပ်ဆောင်ရမည်ဖြစ်သည်။ လွှတ်တော်သည် အကျပ်အတည်းကို ဖြေရှင်းရန်လိုအပ်သည့် ဘတ်ဂျက်အပေါ်တွင်လည်းမဲပေးဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုရန်ပုံငွေများအားဘတ်ဂျက်အပေါ်တွင်လည်း မဲပေးဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုရန်ပုံငွေများအား သင့်လျော်စွာအသုံးပြုစေရန်လည်း ထိန်းကြောင်းရမည် ဖြစ်သည်။ စိတ်မကောင်းစရာဖြစ်သည်မှာ တချို့ကောက်ကျစ်စဉ်းလဲသောလူများသည် အသက်များစွာကို မကယ်ဆယ်ဘဲ အရင်းအမြစ်များအား ၎င်းတို့အကျိုးအတွက်သိမ်းယူခြင်းများ လုပ်ခဲ့ကြောင်း အကျပ်အတည်းများပြီးနောက် တွေ့ရှိကြရသည်။ နောက်ဆုံးနှင့် အရေးကြီးဆုံးအချက်မှာလွှတ်တော်နှင့် လွှတ်တော်အမတ်များသည် မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်တွင် ၎င်းတို့အားရွေးကောက်တင်မြှောက်သူများ၏ အမြင်များကို ကိုယ်စားပြုရန်တည်ရှိနေခြင်းပင်ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် ခံစားရသည့် အသက်ဆုံးရှုံးမှု သို့မဟုတ် လူမှုရေးနှင့် စီးပွားရေးပြဿနာများ အမျိုးမျိုးကွဲပြားသော်လည်း ကမ္ဘာ့ရှိနိုင်ငံအားလုံး သို့မဟုတ် နိုင်ငံအားလုံးနီးပါးဆိုးရွားစွာခံစားရသည့် ရှားပါး၍ တမူထူးခြားသောဖြစ်ရပ်တစ်ရပ်ဖြစ်သည်။ မကြာသေးခင်က လူ့သမိုင်းရှိ ၁၉၁၈ – ၁၉၂၀ စပိန်တုပ်ကွေးကပ်ရောဂါနှင့်သာ နှိုင်းယှဉ်ချိန်ထိုးကြည့်နိုင်သော ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် နိုင်ငံအများစုအားအရေးပေါ်အစီအမံများ လုပ်ဆောင်စေသည့် အခြေအနေသို့ တွန်းပို့ခဲ့ပြီး လွှတ်တော်များသည်လည်း ခက်ခဲသောရွေးချယ်မှုများနှင့် ရင်ဆိုင်နေရသည်။

ယခင်လွှတ်တော်များ ကြုံတွေ့ခဲ့ရသော ပြဿနာများ နှင့် ထိုပြဿနာများအား ၎င်းတို့ မည်သို့ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို လေ့လာခြင်းအားဖြင့် လွှတ်တော်များနှင့် ကျယ်ပြန့်သောလူ့အသိုင်း အဝိုင်းများအတွက် အသုံးဝင်သောအတွေ့အကြုံနှင့် အချက်အလက်များစုစည်းရန် ကျွန်ုပ်တို့ရည်ရွယ် ပါသည်။ ထို့သို့လေ့လာခြင်းအားဖြင့် ထိုအခြေအနေမျိုးတွင် လွှတ်တော်များရင်ဆိုင်ဖြေရှင်းရမည့်စိန်ခေါ်မှုများကို ကောင်းစွာနားလည်ရန်အထောက်အကူပြုပါသည်။ အလေးထားမှုသည် အထူးသဖြင့် ရှေ့မျှော်ကြည့်သည့်အပေါ်တွင် ဖြစ်သည် – ဆိုလိုသည်မှာ အကျပ်အတည်းအတွင်း လွှတ်တော်များထိရောက်စွာလည်ပတ်နိုင်ရန် ၊ အကျပ်အတည်းအတွက် အစိုးရ၏ကြိုတင်ပြင်ဆင်မှု နှင့် တုံ့ပြန်မှုတို့ကို အားကောင်းခိုင်မာစေသည့် ထိရောက်၍အပြုသဘောဆောင်သော ကြီးကြပ်ခြင်း ဆောင်ရွက်ရန် လွှတ်တော်များမှ ကြိုတင်ပြင်ဆင်သင့်သည့်အရာများကို ဆိုလိုခြင်းဖြစ်သည်။ အလားသဏ္ဍာန်တူ ကမ္ဘာလုံးဆိုင်ရာအကျပ်အတည်းများနောင်မကြာသော အနာဂါတ်တွင် သို့မဟုတ် ဘယ်သောအခါမှ မပေါ်ပေါက်ရန် မျှော်လင့်သော်လည်း ကျွန်ုပ်တို့၏ အတွေ့အကြုံများအား နားလည်ခြင်း၊ သင်ယူလေ့လာခြင်းဖြင့် ကောင်းစွာပြင်ဆင်ထားပါက မတူကွဲပြားသော အနာဂါတ် စိန်ခေါ်မှုများကို ကျွန်ုပ်တို့ထိရောက်စွာဖြေရှင်းနိုင်မည်ဖြစ်သည်။

ဤလွှတ်တော်ဖတ်စာအုပ်သည် အကျပ်အတည်းကာလအတွင်း ခေါင်းဆောင်မှုတွင် မည်သည်များပါဝင်သနည်းဆိုသည့် မေးခွန်းကိုဆွေးနွေးခြင်းဖြင့် အစပြုထားပါသည်။ ထိရောက်သောခေါင်းဆောင်မှုတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆီသို့ဦးတည်စေသည့်ဆွေးနွေးခြင်းနှင့် ဂရုတစိုက် သုံးသပ်ခြင်းပါဝင်၍ အကျပ်အတည်းနှင့်ပတ်သတ်၍ ကြိုတင်ပြင်ဆင်ရာ၊ ဖြေရှင်းရာ၌ အဆိုပါ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများအတွက်ဒီမိုကရေစီလွှတ်တော်များသည်တရားဝင်တွေ့ဆုံဆွေးနွေးရာနေရာတစ်ခုဖြစ်သည် ဟု ဤဖတ်စာအုပ်မှ အခိုင်အမာဆိုထားပါသည်။

ထို့အပြင် ဤဖတ်စာအုပ်သည် ၂၀၁၉ - ၂၀၂၀ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါနှင့် ရင်ဆိုင်ရသော လွှတ်တော်များ၏ရှုပ်ထွေး၍ (တခါတရံ) ရှေ့နောက်မညီသည့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားပါသည်။ အကျပ်အတည်းကာလအတွင်း လွှတ်တော်များသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို မည်သို့ပင်လုပ်ဆောင်ရန် ရွေးချယ်စေကာမူ ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အဓိက လုပ်ငန်းတာဝန်များဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအား ကြီးကြပ်ခြင်း နှင့် နိုင်ငံသားများကို ကိုယ်စားပြုခြင်းတို့အား စွန့်လွှတ်၍မရကြောင်းလည်း အလေးပေးဖော်ပြထားပါသည်။ ကပ်ရောဂါ အစောပိုင်းကာလအတွင်း လွှတ်တော်များမှလုပ်ဆောင်ခဲ့သော မတူညီသည့်အစီအစဉ်များကိုလည်း အကျဉ်းချုပ်ဖော်ပြထားပါသည်။

အထူးသဖြင့် စီးပွားရေးလုပ်ငန်းများကို တံ့ဆိုင်းစေသည့် ကန့်သတ်အစီအမံများချမှတ်ထား ချိန်တွင် စီးပွားရေးပြိုလဲမှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အခက်အခဲအကျပ်အတည်းများကို ရှောင်ကြဉ်ရန် ချမှတ်သင့်သော စီးပွားရေးအစီအမံအမျိုးအစားများနှင့်ပတ်သတ်၍ ဆွေးနွေးငြင်းခုံခြင်းကဲ့သို့သော အကျပ်အတည်းကာလအတွင်း မူဝါဒဆွေးနွေးပွဲတွင် လွှတ်တော်များသည် အဓိကကျသော လုပ်ငန်းများက မည်သို့လုပ်ဆောင်ကြကြောင်း ဤဖတ်စာအုပ်မှ ဆက်လက်ဆွေးနွေးထားပါသည်။ နိုင်ငံအတော်များများရှိ လွှတ်တော်များသည် ပိုမိုကျယ်ပြန့်စွာလွှမ်းခြုံနိုင်စေရန်၊ အထူးသဖြင့် ထိခိုက်လွယ်သော နိုင်ငံသားများကို အထောက်အပံ့ပေးနိုင်စေရန် အစိုးရ၏ တင်ပြချက်များကို မည်သို့တိုးမြှင့်စေခဲ့ကြောင်း ဥပမာများလည်း ဖော်ပြထားပါသည်။

ထို့နောက် ဤဖတ်စာအုပ်သည် အရေးပေါ်အခြေအနေများကို ဖြေရှင်းရန် နှင့် လိုအပ်သောပြည်သူလူထုကျန်းမာရေးအစီအမံများ လိုက်နာစေရန် အကျပ်အတည်းကာလအတွင်း အစိုးရအား အထူးအခွင့်အာဏာများပေးအပ်ခြင်းကိစ္စရပ်အား လွှတ်တော်များမှ မည်သို့ကိုင်တွယ်ခဲ့ကြောင်းကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ အရေးပေါ်အခွင့်အာဏာများ ဥပဒေသည် အချိန်ကာလနှင့် လုပ်ပိုင်ခွင့်နယ်ပယ်အရ ကန့်သတ်မှုရှိစေရန်နှင့် အထူးအခွင့်အာဏာများ အသုံးပြုခြင်းအား သင့်တော်သောလွှတ်တော်၏ ကြီးကြပ်မှုခံရစေရန် အချို့လွှတ်တော်များသည် ထိုအရေးပေါ်အခွင့် အာဏာများဥပဒေကို သေချာစွာစစ်ဆေး၍ ပြင်ဆင်မှုများပြုလုပ်ခဲ့ကြောင်းလည်းတွေ့ရသည်။ ဝမ်းနည်းစရာကောင်းသည်မှာအချို့နိုင်ငံများတွင်လွှတ်တော်သည် ထိုကဲ့သို့ ကန့်သတ်ချက်များ၊ ကြီးကြပ်မှုများကို ချမှတ်နိုင်ခြင်းမရှိခဲ့ပါ။

ကိုရိုနာဗိုင်းရပ်စ်ပိုး ပျံ့နှံ့နေချိန်၌ မျက်နှာစုံညီအစည်းအဝေးကြီးများတွင် တွေ့ဆုံရန်ဖြစ်နိုင်မှု မရှိခြင်းက ဆန်းသစ်တီထွင်မှုပြုလုပ်ရန်တွန်းအားပေးစေခဲ့သည်။ အထူးသဖြင့် ပုံရိပ်ယောင်နည်းပညာသုံးအစည်းအဝေးများကျင်းပနိုင်ရန်နည်းပညာအား အသုံးချခြင်းကဲ့သို့သော နေရာမျိုးတွင် ဖြစ်သည်။ အလွန်တိုတောင်းသောအချိန်အတွင်းမှာပဲ ထိုကဲ့သို့သောစနစ်များအလုပ်ဖြစ်စေရန် စွမ်းဆောင်နိုင်သည့် လွှတ်တော်များစွာ၏ ချီးကျူးဖွယ်ကောင်းသောမြန်နှုန်း နှင့် တီထွင်ဆန်းသစ်မှုကိုအလေးပေးဖော်ပြ၍ ဤဖတ်စာအုပ်သည် အမျိုးမျိုးသောပုံစံများ နှင့် နည်းလမ်းများကို ဆန်းစစ်လေ့လာထားပါသည်။ အချို့အသုံးချသောနည်းလမ်းများသည် နိုင်ငံသားများ ပါဝင်နိုင်မှုကိုပါ ထည့်သွင်းခဲ့ကြသည်။ ဤအချက်သည် ထိုနည်းလမ်းအသစ်များ၏အလားအလာကောင်းကို ညွှန်ပြနေခြင်းပင်ဖြစ်ပြီး အနာဂါတ်၌ ကပ်ရောဂါအရေးပေါ်အခြေအနေပြီးနောက်တွင်လျှင်ပင် လွှတ်တော် လုပ်ငန်းဆောင်တာကျင်းပပုံကိုပါ ပြောင်းလဲနိုင်ပါသည်။

ပိုမိုလုံခြုံစိတ်ချရသောလုပ်ငန်းလည်ပတ်မှုဖြစ်စေရန် လုပ်ငန်းများကို လျင်မြန်စွာပြောင်းလဲခြင်းသည်လွှတ်တော်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုဖြစ်သော်လည်း အင်တာနက်အသုံးပြုကျင်းပသောအစည်းအဝေးများကဲ့သို့သော ပုံရိပ်ယောင်နည်းပညာသုံးနည်းလမ်းများကို အကောင်အထည်ဖော်ခြင်းသည်ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ဒီမိုကရေစီနိုင်ငံအသစ်များ၏လွှတ်တော်များအတွက် အထူးအခက်အခဲပင်ဖြစ်သည်။

ထိုနိုင်ငံများသည် အဆင်မြင့်အီလက်ထရောနစ်လွှတ်တော်နည်းပညာများ မရှိသလို အဆိုပါနည်းလမ်းများဖော်ဆောင်ရန် ဟာ့ဒ်ဝဲ နှင့် ဆော့ဖ်ဝဲများ လျင်မြန်စွာရယူရန် အရင်းအမြစ်များမရှိကြပါ။ နိုင်ငံတကာ လွှတ်တော်များဆိုင်ရာသမဂ္ဂ (IPU) ၏ကပ်ရောဂါကို ဖြေရှင်းတုံ့ပြန်မှုများဆိုင်ရာ အချက်အလက်အကျဉ်းချုပ်ကဲ့သို့သော ဆွေးနွေးရာနေရာများမှတစ်ဆင့် တီထွင်ဆန်းသစ်မှုများအား မျှဝေနေကြပြီဖြစ်သည် (IPU 2020 u)။ အခြားနိုင်ငံများတွင် စမ်းသပ်ပြီးသော ဖြေရှင်းနည်းလမ်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လွှတ်တော်များမှ လျင်မြန်စွာကျင့်သုံးနိုင်ရန် အကူအညီ ပေးရာ၌ လွှတ်တော်အချင်းချင်းချိတ်ဆက်၍အထောက်အပံ့ပေးခြင်းသည် အလွန်အသုံးဝင်နိုင် ပါသည်။ လွှတ်တော်ဆိုင်ရာအကျပ်အတည်းပြင်ဆင်ခြင်းအတွက် မိတ်ဖက်လွှတ်တော်များစီမံကိန်း (INTER PARES) သည်ထိုကဲ့သို့မျှဝေခြင်းနှင့်သင်ယူခြင်းနည်းလမ်းများကိုဦးစားပေးသွားမည် ဖြစ်သည်။

စည်းမျဉ်း၊ ဥပဒေ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကြောင့် တချို့လွှတ်တော်များသည် ပုံရိပ်ယောင်နည်းပညာသုံးဖြေရှင်းနည်းများကိုအကောင်အထည်ဖော်နိုင်စွမ်းမရှိကြပါ။ စည်းမျဉ်းများ၊ ဥပဒေများအား လျင်မြန်စွာပြင်ဆင်နိုင်လေ့ရှိသော်လည်း လွှတ်တော်အမတ်များ လူကိုယ်တိုင်ကိုယ်ကျတက်ရောက်ဖို့လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များသည် ပြင်ဆင်ရန်ခက်ခဲလေ့ရှိသည်။ အထူးသဖြင့် ကပ်ရောဂါအတွင်း လွယ်ကူစွာမစီစဉ်နိုင်သည့် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန်လိုအပ်သောပြင်ဆင်ချက်ဆိုလျှင် ခက်ခဲပါသည်။ အကျပ်အတည်းကာလတစ်ခုအတွင်းလုံလောက်သောလုပ်ငန်းစဉ်အစီအမံများရှိစေလျက် ပုံရိပ်ယောင်နည်းပညာများဖြင့် ဆက်လက်လည်ပတ်နိုင်ရန် လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးများအားလေ့လာ၍စတင်လုပ်ဆောင်ရန်လိုအပ်ပါသည်။ ဘေးအန္တရာယ်ကျရောက်မှုအား ကြိုတင်ပြင်ဆင်ရာ၌ လွှတ်တော်များနှင့် ၎င်းတို့၏အခန်းကဏ္ဍကို ဤဖတ်စာအုပ်မှ ဆန်းစစ်လေ့လာထားပါသည်။ ယေဘူယျအားဖြင့်ဆိုရလျှင် ဤကပ်ရောဂါသည် ကမ္ဘာတစ်လွှားရှိအုပ်ချုပ်မှုနယ်ပယ်အားလုံးတွင် ထိုကဲ့သို့သော ဘေးအန္တရာယ်မျိုးအတွက် ပြင်ဆင်မှုမှာ မလုံလောက်သေးကြောင်း သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။ ထို့ပြင် လွှတ်တော်များသည် ဘေးအန္တရာယ်ပြင်ဆင်မှုကြီးကြပ်ခြင်းတွင် တိကျသော၊ တက်ကြွစွာပါဝင်နိုင်သော အနေအထားသိပ်မရှိပေ။ အထူးသဖြင့် ပိုးမွှားဆေး သိပ္ပံပြဿနာအန္တရာယ်ကို ထည့်သွင်းစဉ်းစားရန်၊ အကျပ်အတည်းအတွင်း အများပြည်သူရှေ့မှောက် သို့ မထုတ်ပြခင် ပြင်ဆင်ချက်များ၏ လိုအပ်ချက်၊ အားနည်းချက်များကို ကူညီဖော်ထုတ် ဖြေရှင်းပေးနိုင်သည့် သင့်တော်သောလွှတ်တော်ကြီးကြပ်ခြင်းရှိစေရန် ဘေးအန္တရာယ်ကျရောက်မှုအတွက်ကြိုတင်ပြင်ဆင်ခြင်းအားမြှင့်တင်ရန်အလို့ငှာ နိုင်ငံများအတွက် တိကျသော၊ တက်ကြွစွာ ပါဝင်နိုင်သော အနေအထားလိုအပ်ပါသည်။ ဆိုက်ကလုန်းမုန်တိုင်း၊ ဆူနာမီ၊ ငလျင်များကဲ့သို့သော ဘေးအန္တရာယ်များအတွက် ကာလရှည်ကြာကတည်းက ကြိုတင်ပြင်ဆင်ရသည့် ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများ၏ ဥပမာသာဓကများကိုအခြားနိုင်ငံများထည့်သွင်းစဉ်းစားသင့်သည့် ပုံစံတစ်ခု အဖြစ်လည်း ဖော်ပြထားပါသေးသည်။

ဤကပ်ရောဂါသည် လူသားဖြစ်တည်မှု၏ မသေချာမရေရာမှုကို ထင်ဟပ်စေပြီး ခေတ်သစ်လူ့အဖွဲ့အစည်း၏ သဘောသဘာဝအကြောင်းနှင့် ပတ်သက်၍ မေးခွန်းများထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်းလည်း အလေးပေးဖော်ပြပါသည်။ ဥပမာ ကမ္ဘာနှင့်ချီ၍ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များနက်ရှိုင်းစွာ ပေါင်းစည်းမှုကြောင့် ရာသီဥတု နှင့် လူသားကျန်းမာရေး အချက်အလက်များအပေါ် မည့်သို့အကျိုးသက်ရောက်နိုင်ကြောင်းမေးခွန်းဖြစ်သည်။ ထို့အပြင် စက်မှုကုန်ထုတ် လုပ်ငန်း များသည် သဘာဝအရင်းအမြစ်များအား အရှိန်အဟုန်ဖြင့်အလွဲသုံးစား ပြုလုပ်နေပြီး ထိုသို့အရှိန်အဟုန်ဖြင့်အလွဲသုံးစားပြုနေမှုအပေါ်မှီခိုနေရသည့် အမြဲတိုးပွားနေသော ကမ္ဘာ့လူဦးရေ၏ ရေရှည်ဆက်လက်တည့်တံ့နိုင်မှုကိုလည်း မေးခွန်းထုတ်ရမည်ဖြစ်သည်။ အမြင်ပေါင်းစုံ၊ အကျိုး စီးပွားမျိုးစုံကို ကိုယ်စားပြုသောလွှတ်တော်များသည် နိုင်ငံတိုင်း

အတွက် ဆွေးနွေးညှိနှိုင်းမှုလုပ်ဆောင်ရန် အကောင်းဆုံးနေရာတစ်ခုဖြစ်သည်။ နိုင်ငံအဆင့်၌ဘုံနားလည်မှုများ၊ အဖြေများ ရှာဖွေရာ၌ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံသားများ နှင့် ချိတ်ဆက်သော ဆွေးနွေးညှိနှိုင်းမှု၊ မတူကွဲပြား သော အကျပ်အတည်းများ ဘေးအန္တရာယ်များအတွက်ထိရောက်စွာ ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဖြေရှင်းခြင်းများကိုပေါင်းစည်းဆောင်ရွက်ရန်လိုအပ်သော အပြည်ပြည်ဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာ၌ ထည့်သွင်းနိုင်သည့်ဆွေးနွေးညှိနှိုင်းမှုတို့ဖြစ်သည်။

ဤဖတ်စာအုပ်သည်အဓိကတွေ့ရှိမှုများကိုအကျဉ်းချုံးဖော်ပြပြီး အကျပ်အတည်းအားကိုင်တွယ်ဖြေရှင်းခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ လွှတ်တော်၏ပါဝင်မှုအတွက် နောင်တွင် အသုံးချနိုင်မည့်လမ်းညွှန်ချက်များ အကြံပြုခြင်းဖြင့် နိဂုံးချုပ်ထားပါသည်။

## မှတ်စုများ

၁။ ၂၀၁၉–၂၀၂၀ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားစေသော ဗိုင်းရပ်စ်ပိုးကို ကိုရိုနာဗိုင်းရပ်စ် သို့မဟုတ် ကိုဗစ်–၁၉ ဟု အမျိုးမျိုးလူသိများကြသည်၊ ကိုးကားထားသောစာသားမှလွဲ၍ ၏တစ်သမတ်တည်းဖြစ်စေရန် ကိုရိုနာဗိုင်းရပ်စ်ဟူသော အခေါ်အဝေါ်ကို ကျွန်ုပ်တို့အသုံးပြုထားပါသည်။

## ၂။ ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ရင်ဆိုင်ဖြေရှင်းခြင်း– သူ့ရဲ့ကောင်းဆန်ဆန် အာဏာရှင်စနစ်လား ၊ စုပေါင်းဆောင်ရွက်ခြင်းလား ?

လူ့အဖွဲ့အစည်းများသည် အမျိုးမျိုးအဖုံဖုံသော ဒုက္ခအန္တရာယ်များကိုမလွှဲရှောင်နိုင်ပါ။ စစ်ပွဲကဲ့သို့သော ဒုက္ခများသည် မိမိကိုယ်တိုင်လုပ်ဆောင်မှုကြောင့်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်၊ ရောဂါကဲ့သို့သော အခြားဒုက္ခများမှာ ကံအကြောင်းအကောင်းမလှ၍ ဖြစ်ခြင်းဖြစ်သည်။ အစောပိုင်းသမိုင်းမှတ်တမ်းများတွင် ဘေးအန္တရာယ်များအား နတ်ဘုရားများ၏ ဖျက်စီးမှုဟု ယူဆလေ့ရှိကြပြီး (Grandjean et al. ၂၀၀၈) ထိုဘေးအန္တရာယ်ကျရောက်ခြင်းမှ တားဆီးကာကွယ်ခြင်းသည် နတ်ဘုရားများ ကျေနပ်အောင်လုပ်ဆောင်ခြင်းသို့မဟုတ် ကံကြမ္မာကိုယုံကြည်ခြင်းအပေါ်မူတည်သည်ဟုရှုမြင်ကြသည်။ ဂျူး၊ ခရစ်ယာန် နှင့် အစ္စလာမ် ဓလေ့ရိုးရာများအတွင်း တွေ့ရသော နိဒါန်းပုံပြင်သည် အဆိုပါ ယုံကြည်မှုနှင့် ကွဲလွဲနေသည်။ ထိုပုံပြင်တွင် ရေကြီးမှုသည် အပြစ်များအတွက် ဘုရားသခင်၏ဒဏ်ခတ်မှုဖြစ်သော်လည်း သတ္တဝါများကိုယ်စားပြုနမူနာတစ်ခု ကယ်ဆယ်ရန် နိုအာအားအခွင့်အရေးပေးခဲ့ခြင်းဖြစ်သည် (Dynes ၁၉၉၈)။

ဘေးအန္တရာယ်ဖြစ်ရခြင်းမှာ မည်သည့်အကြောင်းကြောင့်ဖြစ်စေကာမူ အစောပိုင်းလူ့အဖွဲ့အစည်းများ၏ အဆင့်မြင့်ဆုံးလူ့အဖွဲ့အစည်းတွင် အခြေခံဘေးအန္တရာယ်ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ မှတ်တမ်းတင်ထားသော အကောင်းဆုံးသာဓကကို မီးငြိမ်းသတ်ရေးတွင် တွေ့ရှိနိုင်သည်။ ကျော်ကြားထင်ရှားသည့် အလက်ဇမ်းဒရီးယား စာကြည့်တိုက်ကဲ့သို့သော အဆောက်အဦးများကို ပုံမှန်ဆိုသလို ပျက်စီးစေသည့် မီးဘေးအန္တရာယ် ငြိမ်းသတ်ရန်အတွက် ရှေးအီဂျစ်တွင် အမျိုးမျိုးသောရေပိုက်စနစ်များကို ဒီဇိုင်းဆွဲခဲ့သည် (Chert ၂၀၀၈) ။ မြို့အားကင်းလှည့်ခြင်း၊ ကိရိယာတန်ဆာပလာမျိုးစုံဖြင့် မီးလောင်မှုများအား ချက်ချင်းတုံ့ပြန်ခြင်းများဆောင်ရွက်ရန် တာဝန်ပေးထားသည့် ငှားရမ်းထားသော ကျေးကျွန်များ (မီးသတ်ရဲတပ်ဖွဲ့များ သို့မဟုတ် 'မီးစစ်သားများ') ဖြင့် ရိုမန်အင်ပါယာအတွင်း၌ အခြေခံမီးသတ်လုပ်ငန်းအား စတင်ဖော်ဆောင်ခဲ့ပါသည် (Sablayrolles ၁၉၉၆)။

သို့သော် အခြားဘေးအန္တရာယ်များနည်းတူ မီးငြိမ်းသတ်ခြင်းအတွက် ပို၍စနစ်ကျသောစနစ်များဆီသို့ ပြောင်းလဲခြင်းသည် ၁၇ ရာစုနှောင်းပိုင်းတွင်စတင်သည့် အသိဉာဏ်ပွင့်လင်းသော ကာလအတွင်း ဖြစ်ပွားခဲ့သည်။ လူသားများသည် စကြဝဠာ၏ဗဟိုတွင်ရှိသည်ဟူသော အယူအဆကို လက်ခံလာကြသောကြောင့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း နှင့် ကာကွယ်ခြင်း လိုအပ်ချက်၊ ဖြစ်နိုင်ခြေများလည်းပေါ်ပေါက်လာခဲ့သည်။ သို့သော်ဘေးအန္တရာယ်များအားကိုင်တွယ်ဖြေရှင်းရန်အတွက် အလုံးစုံလွှမ်းခြုံသော နိုင်ငံလုံးဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာစနစ်များ ကဲ့သို့သော အယူအဆသည် အတော်အသင့်

ဆန်းသစ်နေသေးသည်။ ထိုနည်းတူစွာ ထိုဘေးအန္တရာယ် များ ထပ်မံမဖြစ်ပွားစေရန် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ခြင်းသည်လည်း အတော်အသင့် ဆန်းသစ်ပါသည်။ ကဏ္ဍအလိုက်သီးခြားဖြစ်နေသာအရေး ပေါ်စီမံခန့်ခွဲမှုအဖွဲ့များကို စုစည်း၍ အမေရိက၏ ပြည်ထောင်စုအရေးပေါ်စီမံခန့်ခွဲမှုအဖွဲ့အစည်း (Federal Emergency Management Agency) ကို ၁၉၇၉ ခုနှစ်မှသာ တည်ထောင်ခဲ့သည် (Kreps ၁၉၉၀)။

ကပ်ရောဂါများ၊ အကျပ်အတည်းများ၊ ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၏တန်ဖိုးနှင့် ဘေးအန္တရာယ်ကို ထိန်းချုပ်ရာ၌ အကျပ်အတည်းကာကွယ်တားဆီးရေးနှင့် စီမံခန့်ခွဲမှု စနစ်များမအောင်မြင်သောအခါ အပြစ်တင်ခြင်းများသည် နိုင်ငံရေးအရောင်အလွန်ဆိုးကြသော ကိစ္စတစ်ရပ်ဖြစ်လာပါသည်။ ၂၀၀၅ နွေရာသီ၌ အမေရိကန်ပြည်ထောင်စု၏ တောင်ပိုင်းကမ်းခြေအား ကတ်ထရီနာ ဟာရီကိန်းတိုက်ခတ်သောအခါ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အားစောလျင်စွာ ချိတ်ဆက်ဆောင်ရွက်ခြင်းမရှိခဲ့သည့်အတွက်ပုဂ္ဂိုလ်ရေးအရဝေဖန်ခဲ့ကြပြီး၊ ထိုဘေးအန္တရာယ်အတိုင်းအတာအတွက် ပြည်ထောင်စုအရေးပေါ်စီမံခန့်ခွဲမှုအဖွဲ့အား အဖွဲ့အစည်းတည်ဆောက်ထားပုံအရပြင်ဆင်ထားမှုမရှိခြင်းကို ခွင့်ပြုခဲ့သောကြောင့် ၎င်း၏ခေါင်းဆောင်မှုအပိုင်းတွင်လည်း ဝေဖန်ခံခဲ့ရသည်။ ထိုသို့သောအားနည်းချက်များကြောင့် အသက်ဆုံးရှုံးမှုများ ချက်ချင်းလက်ငင်းကြုံတွေ့ရသည့်အပြင် မူလအခြေအနေသို့ပြန်လည်ရောက်ရှိစေရန် အလွန်အချိန်ကြာမြင့်စွာ ရှည်ကြာခဲ့သည် (Brinkley ၂၀၁၅)။

မတူကွဲပြားသော ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဖြေရှင်းခြင်း တို့၏ အကျိုးထိရောက်မှုနှင့် ပတ်သက်၍ ခေါင်းဆောင်များအား အပြစ်ပုံချခြင်း သို့မဟုတ် ဂုဏ်ပြု ချီးကျူးခြင်းသည် ရှုပ်ထွေးလှသော ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ရေးစနစ်များ ကောင်းစွာလည်ပတ်သည် သို့မဟုတ် လည်ပတ်မှုမရှိသည်ကို ရိုးရှင်းစွာဖော်ပြနေခြင်းပင်ဖြစ်သည်။ Dynes (၂၀၀၃) မှတ်သားသည့်အတိုင်း –

> သမိုင်းအစဉ်အဆက်အရ လူမှုအသိုင်းအဝိုင်းအရေးပေါ်ကိစ္စရေးရာ ပြင်ဆင်ခြင်းသည် စစ်ပွဲ နှင့် ယှဉ်တွဲလျက်ပေါ်ပေါက်လာသောကြောင့်၊ စစ်အတွေ့အကြုံရှိသောသူများသည် ပြည်သူ လူထုအတွက် အစီအစဉ်များကြိုတင်ပြင်ဆင်ရန်အသင့်လျော်ဆုံး စွမ်းရည်များရှိသည်ဟု ပြည်သူလူထုအသိုင်းအဝိုင်းများမှ ယူဆခဲ့သောကြောင့် စစ်တပ်ကဲ့သို့ အမိန့်ပေးထိန်းချုပ်ပြီး လုပ်ငန်းလည်ပတ်သည့်ပုံစံသည် လက်ရှိပြင်ဆင်ကြိုးပမ်းမှုများအတွက် စံနူန်း တစ်ရပ်ဖြစ်နေသေးသည် (Dynes ၂၀၀၃ : ၁၇၄)။

စစ်တပ်ကဲ့သို့အမိန့်ပေးထိန်းချုပ်ပြီးလုပ်ငန်းလည်ပတ်သည့်နည်းလမ်းသည်သာ ဘေးအန္တရာယ်တစ်ခုအား ကိုင်တွယ်ဖြေရှင်းနိုင်သည့် ထင်ပေါ်သော သို့မဟုတ် တစ်ခုတည်းသော နည်းလမ်းဖြစ် သည်ဟု အခိုင်အမာ ပြောဆိုခြင်း သို့မဟုတ် ယူဆခြင်းသည်အုပ်ချုပ်မှုရေးရာ၌ လွှတ်တော်များ၏ အခန်းကဏ္ဍအပေါ် နှင့်ကိုယ်စားပြု ဒီမိုကရေစီတစ်ခုလုံးအပေါ် စိန်ခေါ်မှုတစ်ခုပင်ဖြစ်သည်။ လွှတ်တော်များသည် 'ပုံမှန်' အချိန်များတွင်သာ အရေးပါသောနေရာ၌ရှိပါက ၎င်းတို့သည် အထက်တန်းလွှာအသိုင်းအဝိုင်း၏ အုပ်ချုပ်မှုအား တန်ဆာဆင်ထားသည့်တရားဝင်မှုပြုခြင်းပင်မဟုတ်ပါလော။ ဤဖတ်စာအုပ်သည် ၂၀၁၉ – ၂၀၂၀ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါတစ်ခုတည်းအပေါ် သီးသန့်ကောက်ချက်ချခြင်းမဟုတ်သော်လည်း ထိုကပ်ရောဂါအပေါ်အများစုမူတည် ကောက်ချက်ချ၍ အကျပ် အတည်းကာလများအတွင်း လွှတ်တော်များ၏ အခန်းကဏ္ဍကိုလေ့လာထားပါသည်။

## ၃။ လွှတ်တော်များ နှင့် ၂၀၁၉ – ၂၀၂၀ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအား ဖြေရှင်းရာ၌ လွှတ်တော်များကြုံတွေ့ရသည့် စိန်ခေါ်မှုများသည် အခြားဘေးအန္တရာယ်များအတွင်း ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့်မတူပါ။ မတူညီရသည့် အကြောင်း အရင်းများမှာ –

၁။ (ကပ်ဘေးပြီးနောက် အသက်ရှင်ကျန်ရစ်သူများမှ ရုပ်ပိုင်းဆိုင်ရာ၊ စီးပွားရေး နှင့် လူမှုရေးစနစ်များပြန်လည်တည်ဆောက်ရန်လိုအပ်သည့်) အဖြစ်အပျက်တစ်ခုသာဖြစ်ပွားသော ကပ်ဘေးနှင့်မတူသည်မှာ ဤကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် မသေချာမရေရာမှုများရှိသော အခြေအနေတွင် အချိန်နှင့်တပြေးညီ ဆုံး ဖြတ်ချက်ချမှတ်ခြင်းများအား အချိန်အတော်ကြာကြာလုပ်ဆောင်ရန်လိုအပ်သည်။

၂။ ရောဂါ၏ ဖြစ်နိုင်သော ဖွံ့ဖြိုးမှုအား မသိရှိနိုင်ပါ။ မတူညီသောနိုင်ငံများတွင် ကျင့်သုံးသောတုံ့ပြန်ဖြေရှင်းမှု နှင့် ကပ်ရောဂါ၏သက်ရောက်မှုအကြား တိကျသောဆက်နွယ်မှု မရှိသော်လည်း နာမည်ကျော်ကျွမ်းကျင်ပညာရှင်များသည် ဖော်ဆောင်ရမည့် အကောင်းဆုံးအစီအမံများအပေါ် တော်တော်များများအမြင်မတူကြပေ။ အလွန် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများပင်လျှင် ကပ်ရောဂါနှင့်ပတ်သတ်၍ အလွန်ကွဲပြားသောတုံ့ပြန်ဖြေရှင်းမှုများကျင့်သုံးကြသည်။

၃။ လွှတ်တော်အမတ်များကိုယ်တိုင်သည်လည်း ၎င်းတို့၏ ပုံမှန်လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ခြင်းဖြင့် နာမကျန်းဖြစ်နိုင်သော၊ အသက်ဆုံးရှုံးနိုင်သော အန္တရာယ်များရှိခဲ့ပါသည်။ ၎င်းတို့၏ ပုံမှန်လုပ်ငန်းဆောင်တာ များတွင်ဆုံးဖြတ်ချက်များချမှတ်ရန် လူကိုယ်တိုင်ကိုယ်ကျ စုပေါင်းတွေ့ဆုံခြင်း၊ နိုင်ငံသားများ၏ လိုအပ်ချက်များကို နား လည်သိရှိ၍ ကိုယ်စားပြုရန်နိုင်ရန် နိုင်ငံသားများနှင့်ထိတွေ့ဆက်ဆံခြင်းများပါဝင်ပါ သည်။

ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကျရောက်သောအခါ လွှတ်တော်များသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများနှင့်ပတ်သက်၍ ရှုပ်ထွေးပြီး ရှေ့နောက်မညီသည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

လွှတ်တော်အများစုသည်ထိုအကျပ်အတည်းအား မတူညီသော (တခါတရံ ရှေ့နောက် မညီသည့်) ရှုထောင့် ၄ မျိုးဖြင့် တစ်ချိန်တည်းမှာပဲ တုံ့ပြန်ဖြေရှင်းရန်လိုအပ်သည်ဟုခံယူကြသည်။

၁။ အရေးပေါ်ကျန်းမာရေးအကျပ်အတည်းနှင့် ပတ်သက်၍သော်လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းရမည့် အထူးအစီအမံများ၊ အထူးအခွင့်အာဏာများနှင့် ပတ်သက်၍သော်လည်း ကောင်း ဆုံးဖြတ်ချက်များချမှတ်ခြင်း။
၂။ ခေါင်းဆောင်မှုပြသ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရပြဋ္ဌာန်းထားသော ၎င်းတို့၏ လုပ်ငန်းများကိုလုပ်ဆောင်ခြင်း၊ ထိုသို့ဖြင့် အာဏာခွဲဝေမှုမူခြေအား ဆက်လက်ထိန်းသိမ်းရာ ရောက်ပြီး အကျပ်အတည်းအချိန်ကာလအတွင်းမှာပင်လျှင်အထူးသဖြင့် ပြည်သူလူထု အတွက် အစိုးရမှတာဝန်ယူမှု တာဝန်ခံမှုဆက်လက်ရှိစေရာလည်း ရောက်ပါသည် (Van Onselen ၂၀၂၀)။
၃။ ကျန်းမာရေးအန္တရာယ်များကို တွန်းလှန်တိုက်ခိုက်ရန်ချမှတ်ထားသည့် ပြည်သူ့ကျန်းမာ ရေးပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ဥပမာကောင်းပြနေထိုင်ခြင်း၊ နိုင်ငံအပေါ်မူတည်၍ ထိုပြဋ္ဌာန်းချက်များတွင် လူတစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေခြင်း၊ လူစုလူဝေးအစည်း အဝေးများအား တားမြစ်ခြင်း၊ အိမ်ပြင်မထွက်ရအမိန့်ထုတ်ပြန်ခြင်းစသည်များပါဝင်ပါသည်။
၄။ ၎င်းတို့ ထိတွေ့နိုင်သည့် လူပုဂ္ဂိုလ်များအပါအဝင် တစ်ဦးတစ်ယောက်ခြင်းအနေဖြင့် လည်းကောင်း ပြည်သူများ၏ကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း မိမိကိုယ်ကို ကာကွယ်ခြင်း။


ဆုံးဖြတ်ချက်များချမှတ်ခြင်း
ခေါင်းဆောင်မှုပြသ၍
ဖွဲ့စည်းပုံအခြေခံဥပဒေအရ
အာဏာခွဲဝေမှုမူခြေအားဆက်လက်
ထိန်းသိမ်းခြင်း
အကျပ်အတည်းအား
တုံ့ပြန်ဖြေရှင်းရာ၌
လွှတ်တော်များအသုံးပြုသည့်
ရှုထောင့် ၄
အကောင်းဆုံးသောပြည်သူ့ကျန်းမာရေး
အလေ့အကျင့်များအတွက်
ဥပမာပြုခြင်း
လွှတ်တော်အမတ်များ၏
ဘေးအန္တရာယ်ကင်းရှင်းမှုအတွက်
အကာအကွယ်ပေးခြင်း

အမျိုးမျိုးသော တောင်းဆိုချက်များနှင့် အန္တရာယ်များအကြား မသေချာမရေရာဖြစ်နေသော်လည်းဖြစ်ရပ်အတော်များများတွင် လွှတ်တော်ဥက္ကဋ္ဌများသည် လွှတ်တော်၏တာဝန်ဝတ္တရားကိုဖြည့်ဆည်းရန်အလို့ငှာ အကျပ်အတည်းကာလဖြစ်နေသော်လည်း လုပ်ငန်းဆက်လက်လည်ပတ်နေရန် လွှတ်တော်၏တာဝန်ဝတ္တရားကို အလေးပေးကြသည်။ အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ Nancy Pelosi ကဲ့သို့သော အချို့ခေါင်းဆောင်များသည် နောက်ဆုံးအသက်တစ်ချောင်း ကယ်မပြီး ခင်အထိ သဘော်ာကို မစွန့်ပစ်နိုင်သော သဘော်ာကပ္ပတိန်တစ်ဦးကဲ့သို့ပြုမူဆောင်ရွက်ခဲ့ကြသည် (Reuters ၂၀၂၀)။ လွှတ်တော်အမတ်မဟုတ်သူများ ဝင်ရောက်ခွင့်အားတားမြစ်ထားသော်လည်း ဒိန်းမတ်လွှတ်တော်ဥက္ကဋ္ဌ Henrik Dam Kristensen သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်၏အရေးပါသောကဏ္ဍကို အလေးပေးခဲ့သည်

> ဥပဒေများကို လက်ခံအတည်ပြုနိုင်ရန် ဒိန်းမတ်လွှတ်တော်၏ အရေးပါသော လုပ်ငန်းဆောင်တာများကိုဆက်လက်လုပ်ဆောင်သွားဖို့က ဒိန်းမတ်လူ့အဖွဲ့အစည်းအတွက် အရေးကြီးပါတယ်။ လွှတ်တော်သည်အရေးပေါ်တင်ပြချက်များကိုဆွေးနွေး၊ အတည်ပြုနိုင်စေဖို့ ကျွန်ုပ်တို့မှာ တာဝန်ရှိပါတယ်။ အခြားအရာများအပြင်ဒိန်းမတ်နိုင်ငံအား လက်ရှိအကျပ်အတည်းကို အောင်မြင်စွာကျော်ဖြတ်နိုင်စေသည့် အစီအမံများ အကောင်အထည်ဖော်ရန် အစိုးရအား ဥပဒေကြောင်းအရအထောက်အပံ့ ပေးရန်အတွက် ဥပဒေများလိုအပ်ပါတယ် (ဒိန်းမတ်လွှတ်တော် ၂၀၂၀)။

အီတလီအောက်လွှတ်တော်ဥက္ကဋ္ဌ Roberto Fico သည် အလွန်တရာခက်ခဲသော အခြေအနေတစ်ခုနှင့်ကြုံတွေ့ခဲ့ရသည်။ ၂၀၂၀ မတ်လ၏ ဒုတိယလဝက်တွင် ကပ်ရောဂါကြောင့် အီတလီသည် လူတစ်ဦးတစ်ယောက်ချင်းအရတွက်လျှင်ဖြစ်စေ၊ စုစုပေါင်းကိန်းဂဏန်းအရဖြစ်စေ အသေအပျောက်အများဆုံးကြုံတွေ့ခဲ့ရသည်။ အစည်းအဝေးများ၌ ဥပဒေပြုအမတ်များ စွန့်စားရသည့် ကျန်းမာရေး အန္တရာယ်သည် အလွန်မြင့်မားသည်။ အစည်းအဝေးများအားပုံ ရိပ် ယောင်နည်းပညာအသုံးပြု၍ကျင်းပရန်အလားအလာများကြုံတွေ့ရသောအခါ ထိုအစီအမံများသည် အီတလီဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ရာရောက်နိုင်ကြောင်း ၎င်းကပြောဆိုခဲ့သည်။ အီတလီဖွဲ့စည်းပုံအခြေခံဥပဒေအရ လူကိုယ်တိုင်ကိုယ်ကျတက်ရောက်ရန်လိုအပ်ပြီး (ဥပဒေပုဒ်မ ၆၁၊ အထက်လွှတ်တော် ၁၉၄၇) အကျပ်အတည်းကာလတွင် ဆရာဝန်များကဲ့သို့ လွှတ်တော်သည်လည်း ဆက်လက်ကျင်းပနေရမည် ဖြစ်သည် –

> ကျွန်တော်အားလုံးကို သတိပေးချင်ပါတယ်၊ ဆရာဝန်တွေ၊ တခြားကဏ္ဍက လူတွေ နောက်မဆုတ်သလိုပဲလွှတ်တော်သည်လည်း နောက်ဆုတ်လို့မရပါဘူး၊ ရှေ့တန်းမှာ ရှိနေရပါမယ်။ ဘာကြောင့်လဲဆိုတော့ အရေးပေါ်အခြေအနေများမှာ လွှတ်တော်ဟာ ဒီမိုကရေစီ အခြေခံမှုများကို အာမခံပေးရန် ခံတပ်တစ်ခုအဖြစ်ရှိနေတဲ့အပြင်အရေးပေါ် အခြေအနေကြောင့် စီးပွားရေး၊ လူမှုရေး ဝန်ထုပ်ဝန်ပိုးများခံစားနေရသူများ၊ အရေးပေါ် အခြေအနေအား လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရသူများကိုအထောက်အပံ့ပေးနိုင်ပါတယ် (Agen Press.it ၂၀၂၀)။

ပုံ ၁. ၁–၄–၂၀၂၀ ရက်တွင် ကျန်းမာရေးဝန်ကြီး Roberto Speranza နှင့်အတူ အီတလီအထက်လွှတ်တော်၌ ကျင်းပသော အကျပ်အတည်းပြေလျော့သွားစေရန်အစီအမံများနှင့်ပတ်သက်သည့်သတင်းအချက်အလက်မျှဝေသောအစည်းအဝေး



*သတင်းရင်းမြစ် – အီတလီအထက်လွှတ်တော် အင်စတာဂရမ်စာမျက်နှာ , <https://www.instagram.com/p/B-bmSseCKTO/>, ၂၈–၄–၂၀၂၀ ရက်တွင် ဖော်ပြပါအင်တာနက်စာမျက်နှာမှ ရယူထားပါသည်။*

## အကျပ်အတည်းကာလအတွင်း လတ်တော်မှာဆွေးနွေးသုံးသပ်ခြင်းဖြင့် ဘာကြောင့် ‘အချိန်တွေဖြုန်း၊ အသက်အန္တရာယ်တွေဆုံးရှုံး’စေမှာလဲ။

ကန့်သတ်ပိတ်ဆို့မှုများရှိနေချိန်တွင်လည်းပတ်နေသောနိုင်ငံများ၏သယ်ယူပို့ဆောင်ရေးအခြေအနေကြောင့် လွှတ်တော်ကျင်းပသော အကြိမ်အရေအတွက် လျှော့ချရန်ဖိအား၊ မလိုအပ်သော ထိတွေ့ခြင်းများလျှော့ချလိုခြင်းတို့သည် ကပ်ရောဂါ၏ ကျန်းမာရေးနှင့်စီးပွားရေး အကျိုးဆက်များအားကိုင်တွယ်ဖြေရှင်းရန် ပြတ်သားသော အစီအမံများချမှတ်ရန်လိုအပ်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။အရေးပါဆုံးသော ဆုံးဖြတ်ချက်များအားအကျပ်အတည်းကာလအတွင်းများတွင် ချမှတ်လေ့ရှိကြသည်။ဆုံးဖြတ်ချက်များချမှတ်သောအခါ ကွဲပြားစွာခံစားရသော နေရာဒေသများ၊ မတူကွဲပြားသော လူအုပ်စုများ၊ မတူညီသော လူမှုရေး၊ စီးပွားရေး အကျိုးစီးပွားများ နှင့် ကွဲပြားသော နိုင်ငံရေးအမြင်၊ အယူအဆအမြင်စသည့် မတူညီသည့်ရှုထောင့်များအပါအဝင် အမြင်ပေါင်းစုံကို ထည့်သွင်းစဉ်းစားသင့်သည် လွှတ်တော်သည်သာလျှင် ဆုံးဖြတ်ချက်ချမှတ်သောလုပ်ငန်းစဉ်တွင် လူသားတို့၏မတူကွဲပြားမှုအား စနစ်ကျ၍ အပြုသဘောဆောင်သောနည်းဖြင့် ကိုယ်စားပြုရန်ခွင့်ပြုသော နိုင်ငံလုံး ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် ပြတ်သားသောလုပ်ရပ်၏တန်ဖိုးကို ထုတ်ဖော်ပြသနေသော်လည်း ပြတ်သားမှု နှင့် ထိရောက်သောအုပ်ချုပ်မှုစနစ်သည် ဆက်စပ်မှုမရှိပါ။ အကျပ်အတည်းအချိန်များ၌ အာဏာရှင်အစိုးရများသည် တခါတရံ လျင်လျင်မြန်မြန်လုပ်ဆောင်နိုင်သော်လည်း အကျပ်အတည်းတုံ့ပြန်ဖြေရှင်းခြင်းအတွက် အန္တရာယ်ရှိသည့် အခြားနည်းလမ်းများကိုလည်း ၎င်းတို့မှ လုပ်ဆောင်နိုင်ခြေရှိပါသည်။ ဥပမာ ပြည်သူလူထု နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ထံသို့ပေးအပ်

သော သတင်းအချက်အလက်များသည် ရွေးချယ်ပေးထားခြင်းဖြစ်ပြီး အမှားများကိုဖုံးကွယ်ရန် ပြင်ဆင်ထားခြင်းများရှိနိုင်သည်။ သတင်းပေးသူများသည် ဒဏ်ခတ်မှုကိုစွန့်စား၍အသိပေးရသောအခြေအနေတွင် (South China Morning Post ၂၀၂၀) အရေးပါသောသတင်းအချက်အလက်များကို မဖြစ်မနေဖိနှိပ်ဖုံးကွယ်ကြသည်။ ထို့အပြင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ နိုင်ငံသားတို့၏အမြင်၊ တုံ့ပြန်ချက်မပါရှိသောလူ့အဖွဲ့အစည်းများတွင် အစိုးရလုပ်ဆောင်ချက်များ၏လူ့အခွင့်အရေးဆိုင်ရာအကျိုးဆက်များအား ထည့်သွင်းစဉ်းစားမှုအနည်းငယ်သာရှိပြီး အုပ်ချုပ်ရေးနည်းလမ်းများသည် တုံးတိဆန်လေ့ရှိသည်။

အဆိုးဆုံးအခြေအနေများတွင် အစစ်အဆေးမခံရသော ခေါင်းဆောင်များသည် လိုအပ်မှုမရှိသည့်အပြင် အကျပ်အတည်းအခြေအနေထက်ကျော်လွန်၍ ဆက်လက်တည်ရှိနိုင်သော အာဏာရှင်ဆန်သည့် အစီအမံများကို ချမှတ်နိုင်ပါသည်။ ဥပမာ စစ်ပွဲကာလအတွင်း သစ္စာဖောက် Vichy အစိုးရ၏အစီအမံများစွာသည် စစ်ပွဲပြီး ဒီမိုကရေစီပြင်သစ်နိုင်ငံတွင် ၂၁ ရာစုအထိတည်ရှိခဲ့သည် (Le Point ၂၀၁၂)။

ထို့ပြင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏အစောပိုင်းအထောက်အထားအရ ကိုရိုနာဗိုင်းရပ်စ် ပထမလှိုင်းအား ရောဂါဖြစ်ပွားမှု နှင့် အသေအပျောက်အရေအတွက် ထိန်းချုပ်ရာ၌ အအောင်မြင်ဆုံး ရင်ဆိုင်ဖြေရှင်းမှုများသည် တောင်ကိုရီးယားအပါအဝင် ဒီမိုကရေစီနိုင်ငံများတွင်ဖြစ်ပွားခဲ့ပါသည် (Financial Times ၂၀၂၀)။ အားလုံးပါဝင်သော၊ ပူးပေါင်းဆောင်ရွက်မှုရှိသော ဆုံးဖြတ်ချက်ချမှတ်ခြင်းကြောင့် အစိုးရ၏ဆုံးဖြတ်ချက်များကို အများပြည်သူမှလက်ခံသော ထိရောက်မှုရှိသည့် ဒီမိုကရေစီနိုင်ငံများတွင် ပို၍ရှုပ်ထွေးပြီး အကြောင်းအရာတစ်ခုကို ပစ်မှတ်ထားချဉ်းကပ်သည့် နည်းလမ်းများသည် အများပြည်သူ၏စိတ်လိုလက်ရလက်ခံမှု နှင့် အထောက်အပံ့အပေါ်မူတည်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင်လက်ကိုင်ဖုန်းမှတ်တမ်းမှ ကောက်ယူထားသောအချက်အလက်များအရ (အထူးသဖြင့် အိမ်ပြင်မထွက်ရအမိန့်ထုတ်ထားခြင်းမရှိသည့် ပြည်နယ်များတွင်) စည်းကမ်းလိုက်နာသောရာခိုင်နှုန်းမှာ နည်းပါးသည်ဟုပြသနေသော်လည်း (New York Times ၂၀၂၀ဃ) စစ်တမ်းရလဒ်အရ အမေရိကန်နိုင်ငံသား ၉၀% ရာခိုင်နှုန်းကျော်သည် ၂၀၂၀ မတ်လ၌ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်စည်းမျဉ်းများကို လိုက်နာကြကြောင်းတွေ့ရှိရသည် (The Hill ၂၀၂၀ခ)။ ဗြိတိန်နိုင်ငံတွင် အလားတူစစ်တမ်းအရ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန် စည်းမျဉ်းများအား လိုက်နာမှု ရာခိုင်နှုန်းသည် ၂၀၂၀ ဧပြီအစောပိုင်းတွင် ၈၃% ရှိခဲ့သည် (Weinberg ၂၀၂၀)။

## ၄။ လွှတ်တော်များမှကိုရိုနာဗိုင်းရပ်စ်ကိုမည်သို့ရင်ဆိုင်ဖြေရှင်းခဲ့ကြသလဲ – နိုင်ငံလုံးဆိုင်ရာ လွှမ်းခြုံသုံးသပ်ချက်

နိုင်ငံအမျိုးမျိုးမှ ဖော်ဆောင်ခဲ့သောလုပ်ဆောင်မှုများအပေါ် သုံးသပ်ချက်အရ အခန်း ၃ တွင် ဖော်ပြထားသော ရှုထောင့် ၄ မျိုးထဲမှ ၂ မျိုး သို့မဟုတ် ၂ မျိုးထက်ပို၍ ဖြေရှင်းပေးခြင်းဖြင့် လွှတ်တော်များ သည် ၎င်းတို့၏ အမျိုးမျိုးသောတာဝန်ဝတ္တရားများအကြား တင်းမာမှုကိုမျှခြေညှိကြပါသည်။ ၂၀၂၀ မတ်လ ဒုတိယလဝက်၌ ကမ္ဘာ့နိုင်ငံအများစုဆီသို့ ကပ်ရောဂါရောက်ရှိသွားချိန်၌ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံလွှတ်တော် ၁၉ ခု၊ ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်သော ဥရောပနိုင်ငံလွှတ်တော် ၃ ခု၊ အာရှရှိလွှတ်တော် ၅ ခု၊ မြောက် နှင့် ဗဟို အမေရိကရှိ လွှတ်တော် ၄ ခု၊ တောင်အမေရိကရှိ လွှတ်တော် ၃ ခု၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ နှင့် ပစိဖိတ်သမုဒ္ဒရာကျွန်းဒေသများ ရှိ လွှတ်တော် ၂ ခုစီ အပါအဝင် ကမ္ဘာ့အနှံ့ရှိ နိုင်ငံလွှတ်တော်ပေါင်း ၄၀ ၏ လုပ်ဆောင်ချက်များကို စစ်တမ်းကောက်ခဲ့သည်။ ထို့အပြင် ဥရောပသမဂ္ဂလွှတ်တော်၊ အမေရိကန်ပြည်ထောင်စု နှင့် ဩစတြေးလျရှိပြည်နယ်ဥပဒေပြုလွှတ်တော်အချို့၏ လုပ်ဆောင်ချက်များကိုလည်း စစ်တမ်းကောက်ခဲ့ပါသည်။[၁]

ကောက်ယူခဲ့သော အချက်အလက်များသည် အချက်အလက်ကောက်ယူသောအချိန်ရှိ အခြေအနေနှင့် အင်တာနက်မှတစ်ဆင့် ရယူနိုင်သော သတင်းအချက်အလက်တို့၏ အကျဉ်းချုပ်ဖော်ပြချက် သာဖြစ်သည်။ အများစုမဟုတ်လျှင်တောင်မှ ဤစစ်တမ်းတွင် ပါဝင်သည့် လွှတ်တော်များသည် မတူညီသော သို့မဟုတ် ထပ်ဆောင်းအစီအမံများ ဖော်ဆောင်နိုင်ခဲ့ပါလိမ့်မည်။[၂] ထို့ကြောင့် ဤစစ်တမ်းသည် ကိုယ်စားပြုသော စစ်တမ်းတစ်ခုမဟုတ်ဘဲ မတူညီသောလုပ်ဆောင်ချက်များကို သုံးသပ်သော စစ်တမ်းတစ်ခုမျှသာ ဖြစ်သည်။ စစ်တမ်းကောက်ယူပြီးနောက် လွှတ်တော်အများစုတွင် ကိုရိုနာဗိုင်းရပ်စ်ကို ဖြေရှင်းရန်အထက်တွင်ဖော်ပြခဲ့သော ရှုထောင့် ၄ မျိုးထဲမှ တစ်ခု သို့မဟုတ် ရှုထောင့်များစွာနှင့်အတူ ထပ်ဆောင်းအစီအမံများ လုပ်ဆောင်ခဲ့ကြသည်။ သို့သော် ဖော်ဆောင်သော လုပ်ဆောင်ချက်များသည် အများအားဖြင့် အဆိုပါ ရှုထောင့် ၄ မျိုး အတွင်းရှိသည်။ ဤစစ်တမ်းသည် ကိုယ်စားပြုစစ်တမ်းတစ်ခုမဟုတ်သောကြောင့် အရေအတွက်ရလဒ်များကိုမဖော်ပြပါ၊ လုပ်ဆောင်ချက်အမျိုးအစားများနှင့် သတိပြုဖွယ်ရင်ဆိုင်ဖြေရှင်းပုံများကိုသာ တင်ပြထားပါသည်။

ပထမလုပ်ဆောင်ချက်ရှုထောင့်မှ စ၍ ပြောရပါက ဥပဒေပြုသောနယ်ပယ်တွင် လွှတ်တော်အများစုသည် အများအားဖြင့် ယေဘူယျအမျိုးအစား ၃ ခုအတွင်းရှိဥပဒေပြုရေးအစီအမံတချို့ကိုဖော်ဆောင်ခဲ့ကြသည်။ ဖော်ဆောင်လိုက်သောအစီအမံများသည် တစ်ခုနှင့်တစ်ခု ထပ်တူကျနေလေ့ရှိသည်။ ပထမဦး

စွာ တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေခြင်း နှင့် အချို့စီးပွားရေးလုပ်ငန်းများကို ပိတ် သိမ်းခြင်းကဲ့သို့ အများပြည်သူ ကျန်းမာရေးကိုကာကွယ်ရန် အချို့ထိန်းချုပ်မှုများ နှင့် ကျင့်ထုံးများ အကောင်အထည်ဖော်ခြင်းအား ခွင့်ပြု သည့် (ဥပမာ France 24 ၂၀၂၀ ကိုကြည့်ပါ) ပြည်သူ့ကျန်းမာရေးဥပဒေများအား ပြောင်းလဲမှုများပြုလုပ်ခဲ့ သည်။ ဒုတိယအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါနှင့် ထိုကပ်ရောဂါကို တိုက်ဖျက်ရန်ချမှတ်ထားသော အစီအမံများကြောင့်ဖြစ်ပေါ်လာသောစီးပွားရေးကျဆင်းမှု၊အချို့စီးပွားရေးလုပ်ငန်းများပိတ်သိမ်းထားရခြင်း ၏ဒဏ်ခံရသူများ၏ဝင်ငွေများကို အကာအကွယ်ပေးရန် အရေးပေါ်စီးပွားရေးအစီအမံများ ဖော်ဆောင်ခဲ့ပါ သည် (ဥပမာ Irish Times ၂၀၂၀က ကိုကြည့်ပါ)။ တတိယအချက်အနေဖြင့် လွတ်လပ်စွာစုဝေးခွင့် နှင့် အချို့အခြေအနေများတွင် လွတ်လပ်စွာ ပြောဆိုခွင့် အပါအဝင် နိုင်ငံသားလွတ်လပ်ခွင့် အချို့ အပေါ်ကန့် သတ်ချက်များ ချမှတ်ခြင်း၊ နယ်စပ်များပိတ်ခြင်းကဲ့သို့ ကိစ္စရပ်များ၊ အကျပ်အတည်းကြောင့်ပေါ်ပေါက်လာ သော ကိစ္စရပ်များအား ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်စေဖို့ လွှတ်တော်များစွာသည် အစိုးရအား အထူး အခွင့် အာဏာများအပ်နှင်းရန် မဲပေးခဲ့ကြသည်။

ကိုရိုနာဗိုင်းရပ်စ်နှင့်ဆက်စပ်သော ဥပဒေများအပေါ်အလေးပေးရမည်လော၊ အရေးအကြီးဆုံး သော ကိစ္စရပ်များကိုအလေးပေးရန် ဥပဒေပြုရေးအစီအစဉ်တစ်ခုလုံးအား လျှော့ချရမည်လော သို့မဟုတ် (ကိုရိုနာဗိုင်းရပ်စ်အပါအဝင်) အရေးပေါ်ကိစ္စရပ်များကိုသာ ကိုင်တွယ်ရမည်လောစသည်ဖြင့် လွှတ်တော် များသည် ဥပဒေပြုရေးကို ဦးစားပေးရန် အမျိုးမျိုး အဖုံဖုံသော လုပ်ဆောင်ချက်များ ဖော်ဆောင်ခဲ့သည်။ ဥပမာ ဩစတြေးလျ၊ ဘရာဇီး နှင့် ပြင်သစ်ရှိဥပဒေပြုလွှတ်တော်များသည် ဤကပ်ရောဂါအကျပ်အတည်း နှင့်သာ ဆက်စပ်သောဥပဒေများကိုသာ ကိုင်တွယ်ရန် သဘောတူညီ ခဲ့သည်။ စစ်တမ်းကောက်ယူခဲ့သော လွှတ်တော်များထဲမှ ၆ ခု (ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ အက်စတိုးနီးယား၊ အီတလီ နှင့် နယ်သာ လန်)သည် အရေးပေါ်ဥပဒေ၊ ဦးစားပေး ဥပဒေ နှင့်/ သို့မဟုတ် အချိန်အရအရေးပါသော ဥပဒေများကိုသာ သုံးသပ်ရန်သဘောတူခဲ့သော်လည်း ဂရိနိုင်ငံ၏လွှတ်တော်သည် တစ်ပတ်လျှင် ဥပဒေတစ်ရပ်သာ ဆွေး နွေးမည်ဖြစ်သည်။ သို့သော် ၂၀၂၀ မတ်လ ၂၀ ရက်ထိ ရုရှားနှင့် ဆွီဒင်နိုင်ငံတို့သည် ဥပဒေကိစ္စရပ်အား လုံးအား ဆက်လက်ဆွေးနွေးနေခဲ့ကြသည်။

ပုံ ၂.၁၅–၄–၂၀၂၀ ရက်၌ အောက်လွှတ်တော်ဥက္ကဋ္ဌက ကိုဗစ်–၁၉ သိပ္ပံကောင်စီဥက္ကဋ္ဌ နှင့် ပြင်သစ်နိုင်ငံပြည်သူ့ ကျန်းမာရေးညွှန်ကြားရေးမှူးတို့နှင့်အတူ ကြားနာမှုတစ်ရပ်ပြုလုပ်စဉ်




*သတင်းရင်းမြစ်* – ပြင်သစ်အောက်လွှတ်တော် , ‹http://www.assemblee-nationale.fr/dyn/actualites-accueilhub/mi-covid-19-audition-du-president-du-conseil-scientifique-covid-19-et-de-la-directrice-desante-publique-france›.

လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရခွင့်ပြုထားသော ၎င်းတို့၏ ကြီးကြပ်ရေးကဏ္ဍအား ဆက်လက်လုပ်ဆောင်ရာ၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို နည်းလမ်းမျိုးစုံဖြင့်ရင်ဆိုင် ဖြေရှင်းခဲ့ကြသည်။ စစ်တမ်းကောက်ယူခဲ့သော လွှတ်တော်အားလုံးသည် ကြီးကြပ်ထိန်းကြောင်းခြင်း လုပ်ငန်းရပ်တန့်လိုက်သည်ဟု မရည်ညွှန်းသော်လည်း လွှတ်တော်အတော်များများသည် ၎င်းတို့၏ လွှတ်တော်အစည်း အဝေးများကို ရပ်တန့်ခဲ့ကြသည်၊ သို့သော် ကြီးကြပ်ထိန်းကြောင်းခြင်းလုပ်ငန်းစဉ် ဆက်လက်တည်ရှိနေသည်လားဆိုသည်မှာ မရှင်းလင်းပေ။ တချို့လွှတ်တော်များသည် အထူး ကြီးကြပ်ထိန်းကြောင်းခြင်းပြဋ္ဌာန်းချက်များ ကျင့်သုံးခဲ့ကြသည်။ ဥပမာ၊ ဘရာဇီးတွင် လွှတ်တော် ၁ ရပ်စီမှ ဥပဒေပြုအမတ် ၆ ယောက်ပါဝင်သည့် စုပေါင်းကော်မတီသည် ပုံရိပ်ယောင် နည်းပညာသုံး အစည်းအဝေးများဖြင့် အစိုးရ၏လုပ်ရပ်များကို စောင့်ကြည့်လေ့လာနေကြသည်။ စပိန်တွင် လွှတ်တော်အုပ်စု တစ်ခုစီ၏ တင်မြှောက်ထားသည့် ကိုယ်စားပြုအဖွဲ့ဖြင့်ကော်မတီ၏ကြီးကြပ်ရေးလုပ်ငန်းများကိုလုပ်ဆောင်ခဲ့ကြသည်။ ၂၀၂၀မတ်လတွင်လွှတ်တော်မကျင်းပသော ချက်သမ္မတနိုင်ငံတွင် အစိုးရသည် ပေါ်ပေါက်လာသည့် အခြေအနေတိုးတက်မှုများကို နိုင်ငံရေးအုပ်စုခေါင်းဆောင်များနှင့်လွှတ်တော်ရုံးသို့ပုံမှန်သတင်းပေးပို့ခဲ့သည် (ချက်သမ္မတနိုင်ငံလွှတ်တော် ၂၀၂၀ က)။ ၂၀၂၀ ဖေဖော်ဝါရီလတွင် ကပ်ရောဂါ၏ ကြီးမားသည့်အပျက်အစီးအန္တရာယ်အလားအလာသည် သိသာထင်ရှားလာသောကြောင့် ထရီနီဒက်နှင့်တိုဘဂိုတွင် လွှတ်တော် ၂ ရပ်၏ပြည်သူ့ငွေစာရင်း နှင့် ခွဲဝေရေးပူးတွဲကော်မတီသည် ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေးတွင်ပါဝင်သည့် ဝန်ကြီးဌာနများ အားလုံးအား နိုင်ငံအတွင်း ရုတ်တရက်ပြန့်ပွားလာမှုကို ကိုင်တွယ်ဖြေရှင်းမည့် ၎င်းတို့၏ အစီအစဉ်များကိုရှင်းလင်းပြရန် အထူးအစည်းအဝေးတစ်ခုခေါ်ယူခဲ့သည် (ထရီနီဒက်နှင့် တိုဘဂိုလွှတ်တော် ၂၀၂၀)။ ဤသို့ဖြင့် လွှတ်တော်အမတ်များသည်ဝန်ကြီးဌာနများအား၎င်းတို့၏အစီအစဉ်နှင့်ပတ်သက်၍မေးခွန်းထုတ်နိုင်ခဲ့ပြီးနိုင်ငံသားများသည်လည်း အစိုးရ၏စွမ်းဆောင်ရည်အပေါ် ရှုမြင် အကဲဖြတ်ရန် အခွင့်အရေးရရှိခဲ့ပါသည်။

ပုံ ၃. ၁၄–၄–၂၀၂၀ ရက်တွင် စပိန်အထက်လွှတ်တော်၏ ပြောရေးဆိုခွင့်ရှိသူများဘုတ်အဖွဲ့ဗီဒီယိုအစည်းအဝေးဖြင့်အစည်းအဝေး ထိုင်ခြင်း



*သတင်းရင်းမြစ်* – စပိန်အထက်လွှတ်တော် အင်စတာဂရမ် **,** ‹https://www.instagram.com/senadoesp/›lique-france›.

လွှတ်တော်များသည် ၎င်းတို့၏ကျန်းမာရေးကို ကာကွယ်ခြင်း နှင့် မိသားစုဝင်များ၊ လုပ်ဖော်ကိုင်ဖက်များ စသည်တို့ဆီသို့ ရောဂါမပြန့်ပွားစေခြင်းအပြင် ဘေးအန္တရာယ်ကင်းသော အနေအထိုင် အပြုအမူ ကျင့်သုံးခြင်းဖြင့် အများပြည်သူအတွက် ဥပမာကောင်းပြရန်လိုအပ်ချက်ကိုလည်း နည်းလမ်းမျိုးစုံဖြင့် ဖြေရှင်းလုပ်ကိုင်ခဲ့ကြသည်။ လွှတ်တော် အတော်များများသည် (ကနေဒါ၊ တရုတ်၊ ကိုလံဘီယာ၊ တောင်အာဖရိက၊ ဆွစ်ဇာလန် နှင့် အထက်တွင်ဖော်ပြခဲ့သည့် ချက်သမ္မတနိုင်ငံအပါအဝင်) လွှတ်တော်ခေါ်ခြင်းများကို အချိန်အတိုင်းအတာတစ်ခုအထိ သို့မဟုတ် ရက်အကန့်အသတ် မရှိရပ်ဆိုင်းခဲ့ကြသည်။ တချို့လွှတ်တော်များသည် လွှတ်တော်အစည်းအဝေးများကို ကန့်သတ်ရန် သို့မဟုတ် အစည်းအဝေးများ မြန်မြန်ဆန်ဆန်ပြီးဆုံးရန် လုပ်ဆောင်ချက်တစ် ချို့ကို ဖော်ဆောင် ခဲ့ ကြသည်။ ဥပမာစပိန်တွင်ဝန်ကြီးချုပ်မေးခွန်းများအတွက်သာ လွှတ်တော်အား ၂ပတ်တိုင်တိုင် ကျင်းပခဲ့သည်။ ကိုစတာရီကာ၌ ၂၀၂၀ မတ်လ ၂၂ ရက်နောက်ပိုင်းတွင် လွှတ်တော်အားဆိုင်းငံ့နိုင်ရန် လုပ်ငန်းများကို အပြီးသတ်ရန်အတွက် လွှတ်တော်ကျင်းပခြင်းကို အမြန်လုပ်ဆောင်ခဲ့သည်။ အာဂျင်တီးနားတွင် ၄၈ နာရီကြာတိုင်း လွှတ်တော်လုပ်ငန်းလည်ပတ်ပုံများအားလုံးကို ပြန်လည်သုံးသပ်၍ လိုအပ်သလိုပြင်ဆင်ခဲ့သည်။

လွှတ်တော်လုပ်ငန်းများ လုပ်ဆောင်ခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေး အန္တရာယ်များကိုလျှော့ချရန် အခြားအစီအမံများစွာကိုလည်းဖော်ဆောင်ခဲ့ကြသည်။ စစ်တမ်းကောက်ယူထားသည့်လွှတ်တော်အများစုသည် လွှတ်တော်အမတ်မဟုတ်သူများ လွှတ်တော်တက်ရောက်ခြင်းအပေါ် ကန့်သတ်ချက်များချမှတ်ခဲ့သည်။ လွှတ်တော် အတော်များများတွင် လွှတ်တော်ဝန်ထမ်းများကို ကန့်သတ်ခဲ့ကြသည်၊ ဥပမာ၊ အာဂျင်တီးနားတွင် လွှတ်တော်ကော်မတီအစည်းအဝေးများ၌ ဝန်ထမ်းများအား လွှတ်တော်အမတ်များနှင့်အတူလိုက်ပါခြင်းအား တားမြစ်ခဲ့သည်။ ပုံမှန်အားဖြင့် လွှတ်တော် လုပ်ငန်းများအတွက်အရေးမကြီးသောသူများအားလုံးအား ၎င်းတို့ နှင့် လွှတ်တော်အမတ်များ၏ ကျန်းမာရေးအတွက် လွှတ်တော်အဆောက်အဦးများအားလုံး သို့မဟုတ် အချို့ထံသို့ ဝင်ရောက်ခွင့် မပြုခဲ့ပါ။ ခွင့်ပြုလိုက်သည့်ချွင်းချက်အနည်းငယ်ရှိသော်လည်းအများအားဖြင့် ဆွေးနွေးပွဲများလေ့လာရန် အများပြည်သူလာရောက်နိုင်သည့် ဧည့်သည်ခန်းမများကို ပိတ်ထားပါသည်။

သတင်းမီဒီယာနှင့်ပတ်သက်သည့် ပြဋ္ဌာန်းချက်များသည်လည်း အလွန်ကွဲပြားပါသည်။ ဘူဂေးရီးယား၊ အက်စ်တိုးနီးယား၊ ဖင်လန် အပါအဝင် အချို့လွှတ်တော်များတွင် လွှတ်တော်သို့ သတင်းမီဒီယာဝင်ရောက်ခွင့် ပိတ်ထားပါသည်။ အချို့လွှတ်တော်များတွင် သတင်းမီဒီယာ တက်ရောက်ခွင့်ကို အကန့်အသတ်ဖြင့် ခွင့်ပြုထားဆဲဖြစ်သည်၊ ဥပမာ၊ ဘရာဇီးတွင်သတင်းမီဒီယာဝင် ရောက်ခွင့်အား တရားဝင်အသိအမှတ်ပြုထားပြီးခံရသော သူများကိုသာခွင့်ပြုခဲ့သည်။ အိန္ဒိယ၊ နယ်သာလန် နှင့် ဆွီဒင်ကဲ့သို့သော အချို့နိုင်ငံများတွင် သတင်းမီဒီယာအား လွှတ်တော်အစည်းအဝေးများကို တက်ရောက်ခွင့်ပြုထားဆဲဖြစ်သည်။ လွှတ်တော်အမတ်များ လူကိုယ်တိုင်ကိုယ်ကျမတက်ရောက်ပဲ ကျင်းပသည့် လွှတ်တော်လုပ်ငန်းများအပေါ် သတင်းဌာနများမည့်သို့သတင်းယူရသည်ဆိုသည့်ကိစ္စကိုထပ်ဆောင်းစဉ်းစားသုံးသပ်သင့်ပါသည်။ အထူးသဖြင့်လွှတ်တော်၏ လုပ်ငန်းအတော်တော်များများကို အင်တာနက်ပေါ်မှ လုပ်ဆောင်လျှင် ပို၍စဉ်းစားသုံးသပ်သင့်ပါသည်။ လွှတ်တော် ကျင်းပမှုများသို့ လွှတ်တော်အမတ်များ လူကိုယ်တိုင်ကိုယ်ကျ တက်ရောက်သောအခါ သတင်းထောက်များသည် အမတ်များကို မေးခွန်းများတိုက်ရိုက်မေးနိုင်ပါသည်၊ သို့သော် လူကိုယ်တိုင်မတက်ရောက်နိုင်၍ လွှတ်တော်လုပ်ငန်းများကို အင်တာနက်မှ တစ်ဆင့်ဆောင်ရွက်သည့်အခါမျိုးတွင် အမတ်များအတွက် အီးလ်မေးပို့မေးမြန်းခြင်းအား လျစ်လျူရှုရန် သို့မဟုတ် ဖုန်းမကိုင်ရန်သည် အလွန်လွယ်ကူပါသည်။

လွှတ်တော်များ နှင့် လွှတ်တော်အမတ်များအား လူကိုယ်တိုင်ကိုယ်ကျတွေ့ဆုံခြင်းကို ကန့်သတ်

ထားသော်လည်းလွှတ်တော်ကျင်းပခြင်းများကို ရုပ်သံထုတ်လွှင့်ခြင်းသည် ပုံမှန်အတိုင်းပဲဆက်လက်ဖြစ်ပွားလျက်ရှိသည်။ မျက်နှာစုံညီအစည်းအဝေးများ၊ ကော်မတီအစည်းအဝေးများအတွက် ပုံရိပ်ယောင်နည်းပညာသုံး အထူးအစည်းအဝေးအစီအစဉ်များ စီဉ်ထားသည့် (အောက်တွင် ဖော်ပြထားသော) သာဓကဖြစ်ရပ်များတွင် ဆွေးနွေးထားသည့်အတိုင်း ဘရာဇီးမှာကဲ့သို့ လွှတ်တော်၏အစည်းအဝေးအစီအစဉ်များအပေါ် ပြည်သူလူထုမှ ဝေဖန်သုံးသပ်ချက်ပေးနိုင်ရန် ထပ်ဆောင်း အခွင့်အရေးများထည့်သွင်းခဲ့သည်။ ဤကဲ့သို့ တိုးတက်ပြောင်းလဲမှုသည် ကပ်ရောဂါအကျပ်အတည်း၏ ကောင်းကွက်များထဲမှတစ်ခုကို ဖော်ပြပြီးကပ်ရောဂါအကျိုးဆက်ကြောင့် ပုံရိပ်ယောင်နည်းပညာ သုံးအစည်းအဝေးအစီအစဉ်များဆီသို့ ပြောင်းလဲသွားမှုကို ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့ ပုံရိပ်ယောင်နည်းပညာသုံးအစီအစဉ်များသည် ကိုယ်စားပြုမှုနှင့် နိုင်ငံသားတို့၏အသံကိုမြှင့်တင်ပေးနိုင်ပါသည်။ ရွေးကောက်တင်မြှောက်သူများနှင့် တိုက်ရိုက်ပြောဆိုဆက်သွယ်ခြင်းသည် ကပ်ရောဂါကြောင့် ထိခိုက်ခံရသော လွှတ်တော်၏ နောက်ထပ်လုပ်ငန်းတစ်ခုဖြစ်သည်၊ ဥပမာကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအတွင်းနိုင်ငံအတော်များများ၌မဲဆန္ဒနယ်ရုံးခန်းများပိတ်သိမ်းခဲ့ကြသည်။ ဗြိတိန်နိုင်ငံတွင် အမတ်များသည် မဲဆန္ဒရှင်များနှင့်အဝေးမှ အပြန်အလှန်ဆက်သွယ်ခြင်းအတွက် ကုန်ကျစားရိတ်အပေါ်ထောက်ပံ့ကြေးများရရှိခဲ့ပြီးဂျော်ဂျီယာတွင်အမတ်များသည်ဥပဒေပြုရေးဆွေးနွေးမှုများတွင် ထည့်သွင်းစဉ်းစားရန်အတွက် နိုင်ငံသားများ၏အမြင်များ၊ အယူအဆများ စုစည်းရန် အင်တာနက်စစ်တမ်းများကို ဆန်းသစ်တီထွင်ကျင့်သုံးခဲ့ကြသည် (Thornton ၂၀၂၀)။

ချက်သမ္မတနိုင်ငံတွင် အောက်လွှတ်တော်၏ လွှတ်တော်အဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်ရေးနှင့် ပညာရေးဌာနသည်လွယ်ကူစွာအသုံးပြုနိုင်သော အင်တာနက်စာမျက်နှာ အသစ်တစ်ခုကို ပညာရေး ဆိုင်ရာကိစ္စရပ်များအတွက် လွှင့်တင်ထားပါသည်လူကိုယ်တိုင်ကိုယ်ကျလာရောက်ရသော ပညာရေးအစီအစဉ်များဖျက်သိမ်းလိုက်ခြင်းကို အစားထိုးသည့်အနေဖြင့် ထိုစာမျက်နှာတွင်သတင်းအချက်အလက်ပေးသောအစီအစဉ်များ၊အလုပ်ရုံဆွေးနွေးပွဲသုံး အထောက်အကူပစ္စည်းများ၊ အောက်လွှတ်တော်အား ပုံရိပ်ယောင်နည်းပညာသုံး၍ လှည့်ပတ်ကြည့်ရှုနိုင်ခြင်းများပါရှိပါသည် (ချက်သမ္မတနိုင်ငံလွှတ်တော် ၂၀၂၀ ခ၊ Kuta ၂၀၂၀)။


ပြည်သူ့ကျန်းမာရေး
ဥပဒေများ
တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း
လွှတ်တော် လုပ်ငန်းစဉ်များကို
ပြန်လည်သုံးသပ်ခြင်း
အစိုးရအတွက်
သီးခြားအခွင့်အာဏာများ
နိုင်ငံသားလွတ်လပ်ခွင့် ကန့်သတ်ခြင်းများ
အရေးပါသော လုပ်ငန်းများသာ
လည်ပတ်စေခြင်း
ဥပဒေပြဋ္ဌာန်းခြင်း
ကိုရိုနာဗိုင်းရပ်စ်နှင့်
ဆက်စပ်သည့် ဥပဒေများ
ဥပဒေပြုရေး အစီအစဉ်များကို
ချုံ့စေခြင်း
အရေးပေါ်စီးပွားရေးအစီအမံများ
ကြီးကြပ်ကွပ်ကဲခြင်း
အထူးပြဋ္ဌာန်းချက်များ
တင်မြှောက်ထားသော
ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့
လွှတ်တော်မှ လုပ်ငန်းတာဝန်များထမ်းဆောင်နေသည်
အများပြည်သူအတွက် ဘေးအန္တရာယ် ကင်းသော
အနေအထိုင်အပြုအမူများ ဥပဒေ
အစည်းအဝေးများ ကန့်သတ်လျှော့ချခြင်း
ပြင်ပဧည့်သည်များ အတွက်
ကန့်သတ်ချက်များ
အထူးအစည်းအဝေးများ
အစီအစဉ်များအပေါ် ပြည်သူလူထု၏
အမြင်မှတ်ချက်များ
အချိုးကျတက်ရောက်မှု
ပုံရိပ်ယောင်နည်းပညာသုံး အစည်းအဝေးများအား ရုပ်သံထုတ်လွှင့်ခြင်း
ပုံရိပ်ယောင် နည်းပညာသုံး
အစီအစဉ်များ
ဝင်ငွေနှင့် စီးပွားရေးလုပ်ငန်း
အထောက်အပံ့
သတင်းမီဒီယာများအတွက် ပြဋ္ဌာန်းချက်များ
ကိုယ်စားပြုခြင်းနှင့် နိုင်ငံသားများ၏အသံ
ပညာရေးဆိုင်ရာ
လုပ်ငန်းလည်ပတ်ခြင်း များအား
ပိုမိုလျှင်မြန်ထိရောက် အောင်ပြုလုပ်ခြင်း
နယ်စပ်များအား
လုံခြုံအောင်ပြုလုပ်ခြင်း
အင်တာနက်သုံးစံတမ်းများ
အင်တာနက်စာမျက်နှာ
စုံတွဲ တွဲရေးစနစ်များ

လွှတ်တော်အမတ်များနှင့် ဝန်ထမ်းများကို ကာကွယ်ရန်၊ လုပ်ငန်းလည်ပတ်ခြင်းများ ပိုမိုလင်မြန် ထိရောက်စေရန် လွှတ်တော်များတွင် လွှတ်တော်လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ လူထုထပ်သော မျက်နှာစုံညီအစည်းအဝေး နှင့် ကော်မတီ အခန်းများမရှိဘဲ ပါတီစုံပေါ်အခြေခံ၍ လုပ်ငန်းများဆက်လက်လည်ပတ်နိုင်ရန် လွှတ်တော်များသည် လွှတ်တော်အဖွဲ့၏အရွယ်အစား အလိုက်အချိုးကျတက်ရောက်ခြင်းနှင့် မဲပေးခြင်းများကိုလုပ်ဆောင်ခဲ့သည်။ ထိုရလဒ်ရရှိရန်အမျိုးမျိုးသောနည်းလမ်းယန္တရားများကိုအသုံးပြုခဲ့ကြသည်။ ဩစတြေးလျတွင် (ဖျားနာခြင်း၊ ခရီးသွားခြင်း စသည်)အကြောင်းအမျိုးမျိုးကြောင့် လွှတ်တော် မတက်နိုင်သည့် မတူညီသောပါတီများမှ အဖွဲ့ဝင်များသည် 'တစ်ယောက်အစားတစ်ယောက်ချေ'ရန် သဘောတူကြသည့် စုံတွဲ တွဲရေးစနစ်ကို ကျင့်သုံးကြ သည်။ ဥပမာ ဩစတြေးလျတွင် တက်ရောက်သော လွှတ်တော်အမတ်အရေအတွက် လျှော့ချရန် အလို့ငှာ အမတ်များအား စုံတွဲ တွဲခြင်းတွင် ပါဝင်ရန် ထိုစုံတွဲ တွဲရေးစနစ်အားတိုးချဲ့ကျင့်သုံးခဲ့သည်။

ဆွီဒင်၏ ဥပဒေပြုလွှတ်တော်ကဲ့သို့ အချို့လွှတ်တော်များတွင် လွှတ်တော်လုပ်ငန်းများဆက်လက်လည်ပတ်နိုင်ရန်လိုအပ်သည့် အနည်းဆုံးတက်ရောက်ရမည့် အမတ်ဦးရေကို လျှော့ချခဲ့သည်။ အိုင်ယာလန် အောက်လွှတ်တော်တွင် ပါတီများမှ အချိုးကျရွေးချယ်ထားသော အမတ် ၃ ပုံ ၁ ပုံသည် နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်နှင့်ဆက်စပ်သော စီးပွားရေး၊ ပြည်သူ့ကျန်းမာရေး ဥပဒေများကို ပုံမှန်အတိုင်း 'ထောက်ခံသည်'၊ 'မထောက်ခံပါ' ပြောဆိုခြင်းမပြုဘဲ တက်ရောက်ခြင်းရှိ/မရှိအမည်ခေါ်စစ်ဆေးခြင်းဖြင့် ဆွေးနွေးဆုံးဖြတ်ခဲ့သည် (Irish Times ၂၀၂၀က)။ ကင်ညာတွင် နိုင်ငံ၏ဥပဒေပြုလွှတ်တော် အစည်းအဝေးများအား တက်ရောက်ရန် အဆိုတင်သွင်းသူများ၊ အစိုးရနှင့် အတိုက်အခံခေါင်းဆောင် များ၊ အစည်းအဝေးမှတ်တမ်းမှတ်သားသူများအတွက် ခုံနေရာကြိုတင်ပြင်ဆင်ထားပေးပြီး အမတ် အယောက် ၇၀ အား ဦးရာလူစနစ်ဖြင့် တက်ရောက်ခွင့်ပြုခဲ့သည် (ကင်ညာလွှတ်တော် ၂၀၂၀၊ မြို့တော်ရေဒီယို (ကင်ညာ) ၂၀၂၀)။ နယူးဇီလန်တွင် လူကိုယ်တိုင်ကိုယ်ကျ တက်ရောက်ခြင်းကို လျှော့ချရန် အစီအမံများစွာကို အတည်ပြုခဲ့သည်။ ဥပမာ – အဆိုတင်သွင်းမှုကြေငြာစာများကို အီလက်ထရောနစ်ကိရိယာများအသုံးပြု၍ တင်သွင်းနိုင်ပြီး ခွင့်ပြုထားသောကိုယ်စားမဲပေးနိုင်သည့် အရေအတွက်ကို မြှင့်တင်နိုင်သည်။ ထို့အပြင် ပုံမှန်အခြေအနေတွင် စကားဖြင့်ပြော၍ မေးသော မေးခွန်းများ၊ အရေးကြီးသောမေးခွန်းများအား လူချင်းတွေ့ဆုံမေးမြန်းခြင်းအစား ယခုတွင် အီလက် ထရောနစ်ကိရိယာများအသုံးပြု၍ တင်သွင်းနိုင်သည်။ ဂျာမနီအောက်လွှတ်တော် Bunderstag တွင် ကပ်ရောဂါဗိုင်းရပ်စ်၏ အကျိုးဆက်များကို ဖြေရှင်းရန်စီစဉ်ထားသည့် စီးပွားရေးဆိုင်ရာ အစီအမံများ အပေါ်ဆွေးနွေးမှုကို အမတ်အများစုတက်ရောက်ခြင်းမရှိဘဲ ကျင်းပခဲ့သည်။ ထိုအမတ်များသည် ၎င်းတို့၏ရုံးခန်းများမှနေ၍ ဆွေးနွေးမှုများအား တီဗွီဖြင့်သာကြည့်ရှုခဲ့သည်။ သို့သော် အမတ်အများစုသည် ထိုစီးပွားရေးဆိုင်ရာအစီအမံများအပေါ် မဲပေးခဲ့ကြသည်၊ ၎င်းတို့သည် ပုံမှန်အတိုင်း ထောက်ခံ သည်၊ မထောက်ခံပါ၊ ကြားနေတံခါးများမှ ဖြတ်သန်းခြင်းမျိုး မပြုလုပ်ဘဲ ဟောခန်းမ၏အပြင် မဲပုံးများ တွင် မဲပေးခဲ့ကြသည် (Deutsche Welle ၂၀၂၀)။ လူကိုယ်တိုင် တက်ရောက်ခြင်းကို ကန့်သတ်ခြင်း နှင့် ဗီဒီယိုအသုံးပြုကျင်းပသောဆွေးနွေးပွဲများဖြင့် အစီအစဉ်များအား အဝေးမှ ကျင်းပ ခြင်းသည် နားလည်လက်ခံနိုင်ပြီးလိုအပ်သော အစီအမံများဖြစ်သော်လည်း ဤလက်ရှိသုံးနေသည့် ယာယီနည်းလမ်းများသည် အငြင်းပွားဖွယ်ရာနည်းသော ကိစ္စရပ်များအတွက်သာသင့်လျော်ပါသည်။ အဝေးမှစီစဉ် ကျင်းပသည့် ဆွေးနွေးပွဲတွင် သို့မဟုတ် အမတ်အနည်းငယ်သာတက်ရောက်သော ဆွေးနွေးပွဲတွင် နိုင်ငံရေးအတိုက်အခံက မည်မျှထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မည်ဆိုသည်မှာ တိတိကျကျ မရှင်းလင်းသေးပေ။ သေချာသည်မှာ ကပ်ရောဂါအပြီးတွေ့ ကြုံရမည့်စိန်ခေါ်မှုတစ်ခုမှာ ဗီဒီယိုအသုံးပြုဆွေးနွေးပွဲ စနစ်များကို မြှင့်တင်ရန်၊ ကိုယ်စားပြု ဒီမိုကရေစီ၏အခြေခံအုတ်မြစ်အဖြစ် စွမ်းဆောင်သည့် နီးနီးကပ်ကပ်ထိုင်ကြရသော လွှတ်တော်များ၏ ကဏ္ဍကိုအစား

ထိုးနိုင်သော နည်းလမ်းများစမ်းသပ်ရန် အပတ်တကုတ်ကြိုးပမ်းရမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကျင်းပခဲ့သည့် အိုင်ယာလန်တွင် ရလဒ်များသည် တိကျသေချာခြင်းမရှိခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်အကျည်အတည်း မြင့်မားလာချိန်တစ်လျောက် ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ဝန်ကြီးချုပ် (Taoiseach) အသစ်ရွေးကောက်တင်မြောက်ရန် လွှတ်တော်မဲပေးပွဲအား အိုင်ယာလန် လွှတ်တော်ဖြစ်သည့် လန်နစ်စတာအိမ်တော်တွင် ဘေးကင်းစွာ မကျင်းပနိုင်ခဲ့ပါ။ ထိုအစား တစ်ဦး နှင့်တစ်ဦး ခပ်ခွာခွာနေခြင်းစည်းမျဉ်းများလိုက်နာနိုင်ရန် ဒက်ဗလင်အစည်းအဝေးစင်တာကဲ့သို့ ခန်းမကြီးများတွင် အစည်းအဝေးကျင်းပရန် အိုင်ယာလန်လွှတ်တော်မှ ဆွေးနွေးညှိနှိုင်းခဲ့သည် (thejournal.ie ၂၀၂၀ခ)။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါပြန့်ပွားခြင်းကို ထိန်းချုပ်ရာ၌အဓိကကျသည့်နည်းမှာ အင်တာနက်၊ ဖုန်းများကိုအသုံးပြု၍ အိမ်မှအလုပ်လုပ်ကိုင်ခြင်းပင်ဖြစ်သည်။ အလွန်အဆင့်မြင့်သော ဆက်သွယ်ရေးနည်းပညာများသည် ဗီဒီယိုနည်းပညာအသုံးပြုအစည်းအဝေးထိုင်ခြင်း အပါအဝင်အလုပ်တော်တော်များများကို အင်တာနက်ပေါ်မှ လုပ်ကိုင်နိုင်ရန် အထောက်အကူပြုပါသည်။ ဂရိလွှတ်တော် ကဲ့သို့ လွှတ်တော်အနည်းငယ်သည်အချို့အစည်းအဝေးများအားအင်တာနက်အသုံးပြုကျင်းပနိုင်ရန် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများတွင် ပြဋ္ဌာန်းချက်များရှိနှင့်ပြီးဖြစ်သော်လည်း အကျပ်အတည်းစတင် ဖြစ်ပွားလာပြီးနောက် လွှတ်တော်များစွာသည် ဗီဒီယိုနည်းပညာအသုံးပြု၍ သို့မဟုတ် အဝေးမှစီစဉ် ကျင်းပနိုင်သည့် နည်းလမ်းများဖြင့်ကော်မတီ နှင့်မျက်နှာစုံညီအစည်းအဝေးများ ကျင်းပနိုင်ရန် လုပ်ထုံးလုပ်နည်းများတွင် အရေးပေါ်ပြောင်းလဲမှုများပြုလုပ်ခဲ့ကြသည်။ အဝေးမှ မဲပေးနိုင်သည့် စနစ်များကိုလည်း လွှတ်တော်အတော်များများတွင် စတင်အသုံးပြုခဲ့ကြသည်။ ထိုကဲ့သို့ တီထွင် ဆန်းသစ်မှုများကို အခန်း ၈ တွင် အကျယ်တဝင့်ဆွေးနွေးထားပါသည်။ အဝေးမှနေ၍ လုပ်ငန်းများ လည်ပတ်စေနိုင်မည့် ပြဋ္ဌာန်းချက်များ စတင်ကျင့်သုံးခဲ့သော လွှတ်တော်များသည် စီစဉ်ထား သည့်အတိုင်းလုပ်ငန်းလည်ပတ်နိုင်ရန် အမှန်တကယ်ပဲ စက်ပစ္စည်းကိရိယာများတပ်ဆင်ထားခြင်း ရှိ/မရှိဆိုသည်မှာ မရှင်းလင်းပါ။

အဝေးမှနေ၍ အလုပ်လုပ်နိုင်ရန် အထောက်အကူပြုသည့် စည်းမျဉ်းအစီအစဉ် ဥပမာများမှာ အမျိုးမျိုးအဖုံဖုံဖြစ်သည်။ အမေရိကန်ရှိ ပြည်နယ်ဥပဒေပြုလွှတ်တော်များတွင် အိုကလာဟိုးမား ပြည်နယ်လွှတ်တော်သည် ကိုယ်စားမဲပေးခြင်းကို စတင်ကျင့်သုံး၍ ကော်နက်တီကတ်ပြည်နယ် လွှတ်တော်သည် ကော်မတီအားတယ်လီဖုန်းဖြင့် မဲပေးခြင်းအားခွင့်ပြုခဲ့ပြီး ပင်ဆယ်ဗေးနီးယားပြည်နယ်လွှတ်တော်သည် လွှတ်တော်အမတ်များကို အိမ် သို့မဟုတ် အခြားနေရာမှနေ၍ မဲပေးနိုင်ရန် စည်းမျဉ်းများကို ပြောင်းလဲခဲ့သည်။ ယူတာ့ပြည်နယ်လွှတ်တော်သည် အဝေးမှ နေ၍အစည်းအဝေးများ ကျင်းပနိုင်ရန် ဥပဒေတစ်ခု အတည်ပြုပြဋ္ဌာန်းခဲ့သည်။

## နိုင်ငံသားများ၊ ဥပဒေပြုအမတ်များ နှင့် လွှတ်တော်ဝန်ထမ်းများအား ကာကွယ်လျက် လုပ်ငန်များဆက်လက်လည်ပတ်နိုင်ရန် အခြေခံအစီအမံများ

စစ်တမ်းကောက်ယူထားသည့် လွှတ်တော်အများစုသည် အကျပ်အတည်းတစ်လျှောက် ဘေးအန္တရာယ်ကင်းစွာ၊ ထိရောက်စွာ လုပ်ငန်းလည်ပတ်နိုင်ရန်အတွက်လိုအပ်သည့် ရိုးရှင်းသောလုပ်ဆောင်ချက်များ ဖော်ဆောင်ခဲ့ကြသည်။ ၎င်းတို့မှာ –

- ပြည်သူလူထုနှင့် လွှတ်တော်အမတ်များ၏ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးအတွက် လွှတ်တော်အဆောက်အဦးများဆီသို့ အများပြည်သူဝင်ရောက်ခွင့်အား ကန့်သတ်ခြင်း

- အထက်ပါရည်ရွယ်ချက်များနည်းတူကော်မတီ နှင့် မျက်နှာစုံညီအစည်းအဝေးများ၌ ဝန်ထမ်းတက်ရောက်မှုလျှော့ချခြင်း

- လုပ်ငန်းသဘောသဘာဝအရ အဆင်ပြေပါက ဝန်ထမ်းများအား အင်တာနက်၊ ဖုန်း အသုံးပြု၍ မိမိနေအိမ်မှ အလုပ်လုပ်ရန်ခွင့်ပြုခြင်း

- လွှတ်တော်၏ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများပြောင်းလဲခြင်းဖြင့် မျက်နှာစုံညီနှင့် ကော်မတီအစည်းအဝေးများတွင် လွှတ်တော်အမတ်အရေအတွက်လျှော့ချခြင်း နှင့်

- ချက်ချင်းလက်ငင်းကြုံတွေ့နေရသောအကျပ်အတည်းအပေါ် အာရုံစိုက်ရန်ဥပဒေပြုရေး နှင့် ကြီးကြပ်စောင့်ကြည့်ရေး အစီအစဉ်များကို ဦးစားပေးစီစဉ်ခြင်း

### မှတ်စုများ

၁။ ဤဖတ်စာအုပ်၏ ပထမမူကြမ်းအား ပြန်လည်သုံးသပ်ချိန်၌ ထပ်ဆောင်း သတင်းအချက်အလက်များ ရရှိလာသည့်အခါ စစ်တမ်းတွင်မပါဝင်သည့် သာဓကအချို့အား ဤဖတ်စာအုပ်တွင် ဖော်ပြထားပါသည်။

၂။ စစ်တမ်းအတွက် လွှတ်တော်များကို ရွေးချယ်ရာ၌ အဓိကစံနှုန်းမှာ လွှတ်တော်၏ အင်တာနက်စာမျက်နှာများ နှင့်/သို့မဟုတ် လွှတ်တော်အကြောင်း သတင်းဆောင်းပါးများတွင် အင်္ဂလိပ်ဘာသာစကား၊ ပြင်သစ်ဘာသာ စကား သို့မဟုတ် စပိန်ဘာသာစကားများဖြင့် သတင်းအချက်အလက် အလွယ်တကူချက်ချင်းရရှိနိုင်မှုပင်ဖြစ် သည်။ လွှတ်တော်ရေးရာများကို စစ်တမ်းတွင်အသုံးပြုသည့် ဘာသာစကား ၃ မျိုးထဲမှတစ်ခုခုဖြင့် လွှတ်တော် ၏ အင်တာနက်စာမျက်နှာများ သို့မဟုတ် သတင်းဆောင်းပါးများဖြင့် ပုံမှန်သတင်းတင်ဆက်နေသည့် ဖွံ့ဖြိုးပြီး နိုင်ငံများရှိလွှတ်တော်များကို စစ်တမ်းရလဒ်များမှ ဦးစားပေးဖော်ပြသကဲ့သို့ ပုံပေါ်နေပါလိမ့်မည်။

## ၅။ ဤကပ်ရောဂါကာလအတွင်း နိုင်ငံအုပ်ချုပ်မှုရေးရာဥ္ဒလွှတ်တော်များ သည်အရေးပါသောအခန်းကဏ္ဍတွင် မည်သို့ပါဝင်ဆောင်ရွက်ခဲ့သလဲ

ကမ္ဘာအနှံ့ရှိ လွှတ်တော်များသည် ဤကပ်ရောဂါအား နည်းလမ်းမျိုးစုံဖြင့် ရင်ဆိုင်ဖြေရှင်းခဲ့ကြသည်။ ဤအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အစိုးရအား အထူးအခွင့်အာဏာများ ပေးအပ်သည့် အရေးပေါ်ဥပဒေများပြဋ္ဌာန်းပြီးနောက် လွှတ်တော်အချို့သည် မျက်နှာစုံညီအစည်းအဝေးများ၊ ကော်မတီအစည်းအဝေးများကို ဆိုင်းငံ့ခဲ့သည်။[၁] သို့သော် စစ်တမ်းကောက်ယူခဲ့သော လွှတ်တော် အများစုသည် တစ်ဦးချင်းဝင်ငွေဆုံးရှုံးမှု၊ ကော်ပိုရိတ်လုပ်ငန်းကြီးများအစုလိုက်အပြုံလိုက် ကျရှုံးခြင်း များအပါအဝင် စီးပွားရေးကျဆင်းမှုများ နှင့် ပြည်သူ့ကျန်းမာရေး အကျိုးဆက်များအား ကိုင်တွယ် ဖြေရှင်းရန် အစီအမံများအား ဆွေးနွေးခြင်း၊ မဲပေးဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ ဤအခန်းတွင် လွှတ်တော်များဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်များစွာကိုတင်ဆက်ထားပါသည်။

### အမေရိကန်ပြည်ထောင်စု – ကွန်ဂရက်တွင် ပါတီများအကြား ဆွေးနွေးညှိနှိုင်းခြင်းများမှ ကျယ်ကျယ် ပြန့်ပြန့်လွှမ်းခြုံသည့် စီးပွားရေးအထောက်အကူအစီအမံများ ရရှိစေသည်။

အမေရိကန်ပြည်ထောင်စုကွန်ဂရက်သည် အမေရိကန်ဒေါ်လာ ၂ ထရီလီယံတန်ဖိုးရှိ စီးပွားရေးအစီအမံများချမှတ်ရန် ပါတီများအကြား ဆွေးနွေးပွဲများအပြင်းအထန်ကျင်းပခဲ့သည်။ ထိုအစီအမံများတွင်အောက်ပါတို့ပါဝင်ပါသည် –

- ဝင်ငွေနိမ့်သော၊ ဝင်ငွေအလယ်လတ်တန်းရှိသော နိုင်ငံသားများအား ငွေသားများ တိုက်ရိုက်ပေးခြင်း
- ဗိုင်းရပ်စ်၏အကျိုးဆက်ကြောင့် ရုတ်တရက် အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမားများကိုကူညီရန် အလုပ်လုပ်လက်မဲ့အထောက်အပံ့စနစ်ကို တိုးချဲ့မြှင့်တင်ခြင်း
- ဆေးရုံများကို ထောက်ပံ့ရန် ၊ နိုင်ငံသားများအား ကာကွယ်ရန် ကျန်းမာရေးနှင့်လုံခြုံရေး အစီအမံများ အကောင်အထည်ဖော်ရန် ပြည်နယ်နှင့် ဒေသခံအစိုးရအတွက်အရင်းအမြစ်များလွှဲပြောင်းပေးခြင်း
- အသွားအလာကန့်သတ်ချက်များ ၊ စီးပွားရေးလုပ်ရန်ခက်ခဲမှုများ၊ ခရီးသွားလုပ်ငန်းကဲ့သို့ ပြိုလဲသွားသည့် အချို့စီးပွားရေးအစိတ်အပိုင်းများကြောင့် ဒေဝါလီခံရနိုင်သည့် လုပ်ငန်းများကို အထောက်အပံ့ပေးခြင်း
- ကျောင်းသားချေးငွေပေးဆပ်ရမည်များကို ရပ်ဆိုင်းထားခြင်း၊ ပုဂ္ဂလိကအငြိမ်းစားပင်စင်စည်းမျဉ်းများကို ဖြေလျှော့ခြင်း နှင့် လှူဒါန်းမှုများအတွက်ပိုမိုကြီးမားသည့်အခွန်လျှော့ပေါ့မှုများ ပေးအပ်ခြင်း

ဘက်ဂျက်ဆိုင်ရာအသေးစိတ်များကို လွှတ်တော်အတွင်း ဆွေးနွေးညှိနှိုင်းသည့်အမေရိကန်နိုင်ငံကဲ့သို့အုပ်ချုပ်မှုစနစ်မျိုး တွင် ရှုပ်ထွေးလှ၏သောအစီအမံတစ်ခု စီစဉ်ခြင်းသည် ပြင်းပြင်းထန်ထန် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ရန်လိုအပ်ပါသည်။ မူအရထို ညှိနှိုင်းဆွေးနွေးမှုများကိုအဝေးမှနေ၍ လုပ်ဆောင်နိုင်သော်လည်း လက်တွေ့တွင်ကွန်ဂရက်၏ လွှတ်တော်နှစ်ရပ်လုံးရှိ အဓိကပါတီနှစ်ခု၏ ခေါင်းဆောင်များအကြားမျက်နှာချင်းဆိုင်ဆွေးနွေးမှုများစွာ လုပ်အပ်ပါသည် (New York Times ၂၀၂၀ခ)။

ထိုအစီအမံအပေါ် ပြင်းပြင်းထန်ထန်ဆွေးနွေးရသည့် ကိစ္စရပ်များသည် အကျပ်အတည်းတစ်လျှောက် စီးပွားရေးနှင့် လူမှုရေးကို အထောက်အကူပြုမည့် အကောင်းဆုံးနည်းလမ်းနှင့်ပတ်သတ်၍ အစစ်အမှန်ကွဲပြားမှုများကို ဖြေရှင်းခဲ့သည်။ ရီပါဘလီကန်များသည်စီးပွားရေးလုပ်ငန်းများ ဒေဝါလီမခံရစေရန်အတွက် ထိုလုပ်ငန်းများကို ထောက်ပံ့ပေးရန် အလေးအနက်ထားကြသည်။ ဒီမိုကရက်များကတော့ကပ်ရောဂါအားထိန်းချုပ်ဖြေရှင်းနေသည့် ဆေးရုံများကို ထောက်ပံ့ခြင်းသည်သာလျှင် ဦးစားပေးဖြစ်သင့်သည်ဟု ဆိုကြသည် (New York Times ၂၀၂၀က)။ ထို့အပြင် ဒီမိုကရက်များသည် ရန်ပုံငွေများမည့်သို့အသုံးပြုနေသည်ကို စောင့်ကြည့်ကြီးကြပ်ရန်(New York Times ၂၀၂၀ဂ) ၊ အစီအမံများတွင်ပါဝင်သည့် စီးပွားရေးအထောက်အပံ့များအားသမ္မတထရန့်နှင့်၎င်း၏မိသားစုဝင်များအကျိုးခံစားခွင့်မရှိစေရန်အတွက် ဥပဒေများတွင် ပြဋ္ဌာန်းချက်များထည့်သွင်းရန်လည်း တောင်းဆိုခဲ့ပါသည်။ အထက်လွှတ်တော် ဒီမိုကရက်

### အမေရိကန်ပြည်ထောင်စု – ကွန်ဂရက်တွင် ပါတီများအကြား ဆွေးနွေးညှိနှိုင်းခြင်းများမှ ကျယ်ကျယ် ပြန့်ပြန့်လွှမ်းခြုံသည့် စီးပွားရေးအထောက်အကူအစီအမံများ ရရှိစေသည်။ (အဆက်)

အမတ်များသည် အစီအမံ ပထမမူကြမ်းကို ကန့်ကွက်၍ ထိုမူကြမ်းဆက်လက်အတည် မပြုနိုင်ရန် ပိတ်ဆို့ခဲ့သည်။ ကွန်ဂရက်၏ လွှတ်တော်နှစ်ရပ်လုံးမှ နောက်ဆုံးအတည်ပြုလိုက်သည့် အစီအမံသည် အစိုးရကဏ္ဍအတွင်း နှင့် စီးပွားရေး၊လူမှုရေး ဦးစားပေးမှုများနှင့်ပတ်သတ်၍ အမေရိကလူမှုအသိုင်းအဝိုင်းအတွင်း မတူညီသော အမြင်များအပေါ် အပြန်အလှန်လိုက်လျောမှုပြုထားခြင်းကို ထင်ဟပ်ပြသနေသည်။ နောက်ဆုံးမှာတော့ ထိုအစီအမံအားအထက်လွှတ်တော်တွင် တညီတညွတ်တည်း အတည်ပြုခဲ့ကြပြီးအောက်လွှတ်တော်တွင် အများစုက အတည်ပြုထောက်ခံခဲ့ ကြသည်။ တာဝန်ယူမှုတာဝန်ခံမှုမရှိသော အုပ်ချုပ်သူအာဏာပိုင်မှဆုံးဖြတ်ချက်များချမှတ်ပါက ပြည်သူများ ရွေးကောက်တင်မြှောက်ထားသည့်ကိုယ်စားလှယ်များမှတစ်ဆင့်တင်ပြလာသော ပြည်သူများ၏ မတူကွဲပြားသည့်အမြင်များကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲထိုအစီအမံများကိုခြားနားစွာ ချိန်ဆမည်ဆိုသည်မှာ မြေကြီးလက်ခတ်မလွဲ ဟုပင်ဆိုနိုင် ပါသည်။

## အိုင်ယာလန် – လေ့လာဆန်းစစ်ခြင်းသည် ထိခိုက်လွယ်သောလူများအား ပိုမိုထောက်ပံ့နိုင်ရန် အထောက် အကူပြုပါသည်

အိုင်ယာလန်တွင် ဗိုင်းရပ်စ်ဒဏ်ခံရသောနိုင်ငံသားများအတွက် ဝင်ငွေအာမခံမှုပါဝင်သော စီးပွားရေးကယ်ဆယ်ရေး အစီအစဉ်အားလွှတ်တော်နှစ်ရပ်လုံးတွင် 'မာရသွန်' အစည်းအဝေးများကျင်းပ၍ ဆွေးနွေးခဲ့ရသည်။ ယခင်အထက်လွှတ်တော် အမတ်များ၏ လုပ်ပိုင်ခွင့်များကုန်ဆုံးခါနီးအထွေထွေရွေးကောက်ပွဲပြီးသိပ်မကြာခင် အကျပ်အတည်းစတင်ဖြစ်ပေါ်လာသောကြောင့် ထိုမာရသွန် အစည်းအဝေးများကို အလောတလျင် လုပ်ဆောင်ခဲ့ရသည်။ ယခင်အထက်လွှတ်တော် အမတ်များ၏ လုပ်ပိုင်ခွင့်များကုန်ဆုံးသွားပါက ဥပဒေပြဋ္ဌာန်းမှုများကြန့်ကြာသွားနိုင်ပါသည် (Irish Times ၂၀၂၀ခ)။

အကျပ်အတည်းကိုဖြေရှင်းရန် အိုင်ယာလန်လွှတ်တော်မှ ဆွေးနွေးအတည်ပြုလိုက်သည့် အစီအမံများအား ၂၀၂၀ မတ်လ၏ တတိယနှင့် စတုတ္ထအပတ်များတွင် ဆွေးနွေးအတည်ပြုခဲ့သည့် ဥပဒေနှစ်ခုတွင်ထည့်သွင်းသုံးသပ်ခဲ့သည်။ ထိုဥပဒေ ၂ ခုမှာ ကျန်းမာရေး (အများပြည်သူအကျိုးအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အကာအကွယ်ပေးခြင်း နှင့် အခြားအရေးပေါ်အစီအမံများ) အက်ဥပဒေ (အိုင်ယာလန်ဥပဒေပြုလွှတ်တော် ၂၀၂၀ခ) နှင့် အထူးပေါင်းစည်း ဥပဒေ တစ်ခုဖြစ်သည့် ပြည်သူ့ အကျိုးအတွက် အရေးပေါ်အစီအမံများ (ကိုဗစ်–၁၉)အက်ဥပဒေ (အိုင်ယာလန်ဥပဒေပြုလွှတ်တော် ၂၀၂၀က) တို့ဖြစ်ကြသည်။ ထိုအက်ဥပဒေများတွင် ဝန်ကြီးဌာန ၆ ခုကို လွှမ်းခြုံသော ပြဋ္ဌာန်းချက်များပါဝင်ပါသည်။ ထိုအစီအမံများတွင် အောက်ပါတို့ပါဝင်ပါသည် –

- အသွားအလာများအပေါ်ကန့်သတ်ချက်များယာယီချမှတ်ခြင်း၊ အများပြည်သူပွဲလမ်းသဘင်ကျင်းပခြင်းအားယာယီတားမြစ်ခြင်း၊ စီးပွားရေးလုပ်ငန်းများယာယီပိတ်သိမ်းခြင်းအပါအဝင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းကိုလိုက်နာစေရန် အထူးအခွင့်အာဏာများ
- ဖျားနာသောကြောင့် တိုက်ရိုက်ဖြစ်စေ၊ အသွားအလာကန့်သတ်မှုကြောင့် သွယ်ဝိုက်၍ဖြစ်စေ ကိုရိုနာဗိုင်းရပ်စ်ကြောင့်အထိအခိုက်ခံရသော လူများအတွက်နာမကျန်းပေးငွေ
- ဝန်ထမ်းများဆက်လက်ခန့်ထားနိုင်ရန်အကျပ်အတည်းဒဏ်ခံရသောအလုပ်ရှင်များအတွက် လုပ်ခလစာ ထောက်ပံ့ကြေး၊ အပေါင်ငွေပြန်ဆပ်မှုများအတွက် တရားဥပဒေဖြင့်ဆိုင်းငံ့ထားပေးခြင်း၊ အိမ်/အခန်းငှားရမ်းခ မပေးနိုင်သောကြောင့် အငှားနေသူများကို နှင်ချခြင်းအား တားမြစ်ခြင်း၊ အိမ်/အခန်းငှားရမ်းခ မတက်စေခြင်း
- စားသောက်ဆိုင်များ နှင့် ကော်ဖီဆိုင်များအား ပါဆယ်ရောင်းချခွင့်သာပြုရန် လုပ်ငန်းလိုင်စင်များအားပြောင်းလဲခြင်း
- ကျန်းမာရေးအကျပ်အတည်းအတွင်းလူနာများကိုကုသမှုပေးနိုင်ရန် အငြိမ်းစားယူထားသော ဆရာဝန်များအား လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ရန်ခွင့်ပြုခြင်း

အောက်လွှတ်တော် (Dáil Éireann) အတွင်း ဥပဒေပြုရေးအပေါ်ဆွေးနွေးခြင်းများသည် အသေးစိတ်ကျ၍စေ့စပ်ပါသည်။ ဥပဒေ၌ရှိနိုင် သည့် အားနည်းချက်များကိုဖြေရှင်းရန် ပြင်ဆင်ချက်များစွာကို တင်သွင်း၍ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ (၂၅ မဲ – ၂၄ မဲဖြင့်အတည်ပြု သွားသည့်[၂]) ထိုပြင်ဆင်ချက်များထဲမှတစ်ခုသည် သီးခြားနေအိမ်များတွင်နေခြင်းမဟုတ်ဘဲ အခန်းဌားနေထိုင်သူများကို နှင်ထုတ်ခြင်းမှ ကာကွယ်ရန်၊ ရွှေ့လျားနေအိမ်များတွင်နေထိုင်သော အိုင်းရစ်ခရီးသွားများလူမျိုးစုများကို အကာအကွယ်ပေးရန်တို့ဖြစ်သည် (Dáil Éireann ၂၀၂၀)။ ထိရောက်သော လွှတ်တော်စုံစမ်းစစ်ဆေးမှုမရှိပါက အထူးသဖြင့် ထိခိုက်လွယ်သောလူစုများအကျိုးရှိစေမည့် ထိုပြင်ဆင်ချက်အားကျင့်သုံးခဲ့လိမ့်မည်မဟုတ်ပါ။ ထို့နောက် အရေးပေါ်ဥပဒေပြဋ္ဌာန်းထိုတင်သွင်းလိုက်သောဥပဒေပြင်ဆင်ချက်အား လွှတ်တော်မှ ၂၀၂၀ နိုဝင်ဘာလ ၉ ရက်နောက်ဆုံးထား၍ ပြန်လည်သုံးသပ်ရန် အစိုးရမှသဘောတူညီ၍ လွှတ်တော်မှ အတည်ပြုခဲ့သည်။ ထိုနေ့နောက်ဆုံး ထား၍ ထိုဥပဒေအားဆက်လက်ထိန်းသိမ်းထားမည် သို့မဟုတ် သက်တမ်းကုန်ဆုံးစေမည်ဆိုသည့်အပေါ် မဲခွဲဆုံးဖြတ်ရမည်ဖြစ်သည် (နိုင်ငံသားလွတ်လပ်ခွင့်များဆိုင်ရာ အိုင်းရစ်ကောင်စီ ၂၀၂၀၊ thejournal.ie ၂၀၂၀က)။

## ဂျာမနီ – စီးပွားရေးအစီအမံများအပေါ် မတူကွဲပြားသည့် ပါတီများအကြား ကျယ်ကျယ်ပြန့်ပြန့်သဘော တူညီမှု

ဂျာမနီတွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းအားလိုက်နာစေခြင်းအပါအဝင် ပြည်သူ့ကျန်းမာရေးဥပဒေများအတွက် နိုင်ငံသားများအပေါ် ကန့်သတ်ချက်များချမှတ်ခြင်း တာဝန်သည် ပြည်နယ်တစ်ခုစီအပေါ်တွင်များစွာ မူတည်သည်။ ဖယ်ဒရယ်နိုင်ငံတော်သည် ကျယ်ပြန့်သော အကြီးစားစီးပွားရေးမူဝါဒအပေါ်တွင် တာဝန်ရှိသည်။ ဗိုင်းရပ်စ်ပြဿနာကိုဖြေရှင်းရန် ဥပဒေအစီအမံကြီး ၂ ရပ်ကို ဂျာမနီ နိုင်ငံလွှတ်တော်တွင်မတ်လနှောင်းပိုင်း၌ အတည်ပြုခဲ့သည်။ ထိုအစီအမံကြီး ၂ ရပ်ကို အစိုးရမှတင်သွင်းပြီး လွှတ်တော် ၂ ရပ်မှ ဆွေးနွေးအတည်ပြုခဲ့သည်။ပထမအစီအမံသည် အကျပ်အတည်း နှင့်ပတ်သတ်၍ ကျန်မာရေးစောင့်ရှောက်မှုဖြေရှင်းချက်အား စီစဉ်ထောက်ပံ့ရန် လုပ်ဆောင်ချက်များစွာပါဝင်သည်။ ဒုတိယအချက်တွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအားဖြေရှင်းရန် ယူရို ၇၅၀ ဘီလျံတန်ဖိုးရှိစီးပွားရေးအစီအမံများ ဖြစ်သည်။ ထိုအစီအမံတွင် အောက်ပါတို့ပါဝင်ပါသည်။

- ချေးငွေအာမခံချက်များ၊ ငွေကြေးအကူအညီ နှင့် ဖြစ်နိုင်ခြေရှိသောအစုရှယ်ယာပိုင်ဆိုင်မှုများ စသည့်အထောက်အကူများအပါအဝင် ကုမ္ပဏီကြီးများအတွက် ယူရို ၆၀၀ဘီလျံ အထောက်အပံ့
- အသေးစားကုမ္ပဏီများ နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအတွက် အထောက်အပံ့
- နာရီလျှော့၍ အလုပ်ဆင်းရသော အလုပ်သမားများအတွက် ထောက်ပံငွေများတိုးချဲ့ခြင်း
- လူမှုဖူလုံရေးခံစားခွင့်ရှိသော စံနှုန်းများကို ဖြေလျှော့ပေးခြင်း
- ဆေးရုံများအတွက် တိုက်ရိုက်အထောက်အပံ့
- အိမ်/အခန်းငှားနေသူများကို အကာအကွယ်ပေးခြင်း
- အများပြည်သူကဏ္ဍဆိုင်ရာကြွေးမြီအပေါ် ဂျာမနီ၏တင်းကျပ်သောကန့်သတ်မှုများကို ဆိုင်းငံ့ခြင်း (Der Spiegel ၂၀၂၀)

ဂျာမနီနိုင်ငံအား အကြီးဆုံးရိုးရာစွဲပါတီများအုပ်စုနှစ်ခုဖြင့်ပေါင်းစည်းထားသည့် ညွန့်ပေါင်းအစိုးရမှ အုပ်ချုပ်ခြင်းဖြစ်သည်။ ထိုပါတီများအုပ်စုနှစ်ခုမှာ သဘောထားပျော့ပျောင်းသော ရှေးရိုးစွဲများဖြစ်သည့် ခရစ်ယာန်ဒီမိုကရေစီသမဂ္ဂ ၊ ခရစ်ယာန် လူမှုသမဂ္ဂ (CDU/CSU) နှင့်သဘောထားပျော့ပျောင်းသည့် လူမှုဒီမိုကရေစီထောက်ခံသူများဖြစ်သည့် လူမှုဒီမိုကရေစီပါတီ (SPD) တို့ဖြစ်ကြသည်။ ပြီးခဲ့သော ရွေးကောက်ပွဲများတစ်လျှောက် ထိုပါတီကြီးနှစ်ခု၏အင်အားမှာ လျှော့နည်း လာခဲ့ပြီး (Die Linke ကဲ့သို့သော လက်ဝဲစွန်းပါတီမှ လက်ယာစွန်းပါတီဖြစ်သည့် Alternative für Deutschland (AfD) ပါတီအထိ) အခြားပါတီ ၄ ခုမှာ ကြီးထွားလာသည်။ အောက်လွှတ်တော်ရှိ ဆွေးနွေးမှုတွင် Die Linkeပါတီသည် အစီအမံတွင် အလုပ်သမားများအတွက် အထောက်အပံများပိုမိုပါရှိရန် ပြင်ဆင်ချက်များစွာ တင်သွင်းခဲ့သည်။ စိတ်ဝင်စားစရာ အနေဖြင့် AfD ပါတီ၏ အဆိုပြုပြင်ဆင်ချက်များတွင် မိသားစုများမှကလေးသူငယ်စောင့်ရှောက်မှု ရရှိစေရန်ကဲ့သို့သော အစီအမံအား မြှင့်တင်ခြင်းများပါဝင်ပါသည်။ လက်ဝဲနှင့် လက်ယာပါတီတို့၏ ပြင်ဆင်ချက်များအားလုံး မအောင်မြင်ခဲ့သော်လည်း မတူညီသည့်အမြင်များကိုလက်ခံကြားနာသည့်အခြေအနေသည် ပါတီငယ်များ၏ အသံများကို အမြဲဖိနှိပ်တားမြစ်ထားသည်ဆိုသည့် လူပြောများသောအဆိုများမှာမဟုတ်မမှန်ကြောင်းချေပပြောဆိုလိုက်ခြင်းပင်ဖြစ်သည်။ အကျပ်အတည်းအတွင်း နိုင်ငံနယ်စပ်များအား စောလျင်စွာပိတ်ခဲ့သင့်ကြောင်း ပြောဆိုရန် ၊ ထိုသို့နယ်စပ်ပိတ်ခြင်းအားဖြင့် (AfDပါတီ၏ အဓိကမူဝါဖြစ်သည့်) ရွှေ့ပြောင်းသူများဝင်ရောက်လာမှုကို တားမြစ်ရန် ဂျာမနီ၏နယ်စပ်များကိုလည်း ပိတ်သိမ်းနိုင်သည်ဟု ထောက်ပြန်ရန် AfD ပါတီခေါင်းဆောင် Alexander Gauland သည် ဆွေးနွေးပွဲကိုအသုံးချခဲ့သည်။ ကောက်ပဲသီးနှံများရိတ်သိမ်းရာတွင် ဥရောပသမဂ္ဂပြင်ပမှ ရွှေ့ပြောင်းလုပ်သားများကိုမငှားရမ်းဘဲ လယ်ယာများ၌ ဂျာမန် ကျောင်းသားများ အလုပ်ရစေရန် အတွက်ထောက်ပံ့ကြေးများပေးဖို့ အဆိုတင်သွင်းရန်လည်း AfDပါတီသည် ထိုဆွေးနွေးပွဲ အခွင့်အရေးကို အသုံးချခဲ့သေးပါသည်။

## ဂျာမနီ – စီးပွားရေးအစီအမံများအပေါ်မတူကွဲပြားသည့် ပါတီများအကြား ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီမှု(အဆက်)

သို့သော် အဆုံးတွင်မူ ထိုစီးပွားရေးအစီအစဉ်တွင် 'မှန်ကန်သော ထိုးထွင်းသိရှိနားလည်မှုများစွာ' ပါဝင်ကြောင်းသဘောတူခဲ့ပြီး 'ယခုအချိန်မှာအတူတကွရပ်တည်ခြင်းသည် နိုင်ငံသားတို့၏ ပထမဦးစားပေးလုပ်ရမည့်တာဝန်'ဖြစ်သည်ဆိုသည့်အပေါ် Alexander Gauland မှ သဘောတူခဲ့ပါသည် (ဂျာမနီ လွှတ်တော် ၂၀၂၀က)။ ထိုစီးပွားရေးအစီအစဉ်အား ဥပဒေပြုအမတ်များစွာမှ အတည်ပြုခဲ့ကြသည် (ဂျာမနီလွှတ်တော် ၂၀၂၀ခ)။

အကျပ်အတည်းများအတွင်း လွှတ်တော်ဆွေးနွေးပွဲများ၌ အခြေခံလူထုကြိုက်သောပါတီများမှ ဥပဒေပြုအမတ်များအားပါဝင်စေရာတွင် ထိုအမတ်များအား အရေးတကြီးဖြေရှင်းရမည့်မူဝါဒပြဿနာများကို အသေးစိတ်ဖြေရှင်းရန် တောင်းဆိုသင့်ပါသည်။ ထိုသို့ဖြင့် ပြဿနာများအားလုံးအတွက်ရိုးရှင်းသောအဖြေများရှိပါသည်ဟုအမြင်ရောက်စေသည့် ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုကြွေကြာထားခြင်းများမှ ကင်းဝေးစေပါလိမ့်မည်။

## အကျပ်အတည်းကာလများအတွင်း လွှတ်တော်အခန်းကဏ္ဍ၏အရေးပါမှု

အကျပ်အတည်ကာလများအတွင်း၌ နိုင်ငံ၏လုပ်ဆောင်ချက်များနှင့်ပတ်သတ်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ်နိုင်ငံရေးမှဝင်ရောက်မပါဝင်သင့်ကြောင်း ပြောပါက အပေါ်ယံအရလူကြိုက်များသော်လည်း ထိုသို့ပြောဆိုခြင်းသည် နိုင်ငံရေးအား ကိုယ်ကျိုးစီးပွားများဖော်ဆောင်ရန် အတွက် အသုံးပြုသည့် အကျင့်ပျက်ချစားမှုလုပ်ငန်းတစ်ခုဟု နားလည်မှုလွဲခြင်းပင်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့် သာဓက ၃ ခုတွင်ဆွေးနွေးခဲ့သည့်အတိုင်း ဒီမိုကရေစီလမ်းစဉ်အရဖြေရှင်းရမည့် မူဝါဒ ကွဲပြားမှုများ အမှန်တကယ်ရှိကြပါသည်။ ဥပဒေများ တည်ဆောက်ခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းအတွက် ကြာမြင့်ချိန်များကို အတိုချုပ်ထားသော်လည်း ထိုလုပ်ငန်းစဉ်များသည် နိုင်ငံတိုင်းတွင် အလုပ်ဖြစ်ပါသည်။ ဖြစ်နိုင်ခြေခဲရင်းသည်ဟု ထင်ရသော်လည်း ထိုသာဓက ၃ ခုမှ ၁ ခုစီတိုင်းတွင် အခြေခံလူထုကြိုက်အစွန်းရောက်များ၏ အမြင်များကို ပါတီမျိုးစုံမှ အပြုသဘောဆောင်သော နိုင်ငံရေးသမားများက လွှမ်းမိုးခဲ့ပြီး ထိုနိုင်ငံရေးသမားများသည် နိုင်ငံ၏လိုအပ်ချက်ကိုဖြစ်နိုင်သမျှ ပြီးပြည့်စုံစွာဖြေရှင်းမည့် အပြန်အလှန်အလျှော့ပေးသဘောတူညီမှုတစ်ခုကို ရှာဖွေရန်ဆွေးနွေး ညှိနှိုင်းခြင်းများ အတူတကွလက်တွဲလုပ်ခဲ့ကြပါသည်။ ဒီမိုကရေစီလမ်းစဉ် နှင့် 'စနစ်' အပေါ်အခြေခံ လူထုကြိုက်တိုက်ခိုက်မှုလုပ်ရန်အခွင့်အရေးမပေးဘဲ လွှတ်တော်တွင်အသေးစိတ်ဆွေးနွေးညှိနှိုင်းခြင်းများ လုပ်ဆောင်ခဲ့ခြင်းသည် အရေးပေါ်အကျပ်အတည်းတစ်ခုအတွင်းမှာပဲလျှင် ကိုယ်စားပြုဒီမိုကရေစီစနစ်သည် ထိရောက်စွာလည်ပတ်နိုင်ကြောင်း ပြသနေခြင်းပင်ဖြစ်သည်။

### မှတ်စုများ

၁။ နိုင်ငံတကာလွှတ်တော်များဆိုင်ရာသမဂ္ဂမှ ကမ္ဘာလုံးဆိုင်ရာနောက်ဆုံးရအချက်အလက်များကို တင်ပြပါသည် (IPU ၂၀၂၀ခ)။ အချက်အလက်များကောက်ယူခြင်းအား IPU ၏လွှတ်တော်ဆိုင်ရာတီထွင်ဆန်းသစ်မှုများစင်တာမှ လုပ်ဆောင်ခဲ့ပြီး ထိုစင်တာသည် မိတ်ဖက်လွှတ်တော်များစီမံကိန်း (INTER PARES) မှတစ်ဆင့် ဘဏ္ဍာရေးအထောက်အပံ့ရရှိပါသည်။

၂။ အိုင်ယာလန်အောက်လွှတ်တော် (Dáil Éireann)တွင် အမတ် ၁၆၀ ရှိသော်လည်း ပါတီပေါင်းစုံ၊ အဖွဲ့ပေါင်းစုံမှ အချိုးကျရွေးချယ်ထားသည့်အမတ် ၃ ပုံ ၁ ပုံဖြင့်သာ လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဆွေးနွေးချက်များကို အခန်း ၄ တွင်ကြည့်ပါ။

## ၆။ အထူးအခွင့်အာဏာများအား ဂရုတစိုက်ဆွေးနွေးသုံးသပ်ခြင်း၊ ပြဋ္ဌာန်းခြင်းနှင့်ကန့်သတ်ခြင်း

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းအတွင်း နိုင်ငံအများစုတွင် လွှတ်တော်များသည် အရေးပေါ်အကျပ် အတည်းအားလျင်လျင်မြန်မြန်ကိုင်တွယ်ဖြေရှင်းနိုင်ရန် အစိုးရများအား အထူးအခွင့်အာဏာများ ပေးအပ်ရန် ဥပဒေများပြဋ္ဌာန်းခဲ့သည် သို့မဟုတ် တည်ဆဲအရံအခွင့်အာဏာများကို အသုံးပြုခွင့်ပေးခဲ့သည်။ ပုံမှန်အားဖြင့် ထိုအခွင့်အာဏာများတွင် အကျပ်အတည်းအားထိန်းချုပ်နိုင်ရန် နှင့်/ သို့မဟုတ် ဖြေရှင်းနိုင်ရန် လွတ်လပ်ခွင့်အချို့ကို ဆိုင်းငံ့နိုင်ခွင့်ပါရှိပါသည်။ ဥပမာ စစ်တိုက်ခိုက်မှု သို့မဟုတ် ငလျင်သဘာဝဘေးအန္တရာယ်ပြီးနောက် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များမှ ဒဏ်ရာရလူနာများကို ကုသမှုပေးနိုင်ရန် နှင့်အဆောက်အဦးအားလုံခြုံစိတ်ချစေအောင်ပြုလုပ်နိုင်ရန် ဘေးအန္တရာယ်ဇုန်အနီးအနားသွားလာခြင်းများကို ခေတ္တဆိုင်းငံ့နိုင်ပါသည်။ ကပ်ရောဂါဖြစ်ပွားမှုကိစ္စမျိုးတွင်လူများမှ ဂရုတစိုက်မရှိဘဲ သို့မဟုတ် ရည်ရွယ်ချက်ရှိရှိဖြင့် အခြားသူများဆီသို့ ရောဂါပိုးကူးစက်စေခြင်းကိုတားမြစ်နိုင်ခြင်းသည် အဓိကကျပါသည်။ အပြင်မထွက်ရ အမိန့်ချထားစဉ် အတွင်း အစိုးရအဖွဲ့များသည် စာတမ်းမှတ်တမ်းများကို မရယူနိုင်ပါ သို့မဟုတ် အချိန်မီမဖြေရှင်းနိုင်ပါဆိုသည့် အချက်အပေါ်အဓိကမူတည်၍ နိုင်ငံအတော်များများတွင် သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေများအားတစိတ်တပိုင်း သို့မဟုတ် အပြည့်အဝဆိုင်းငံ့ခဲ့ကြသည် (ကမ္ဘာလုံးဆိုင်ရာသတင်းအချက်အလက်ရပိုင်ခွင့်အဆင့်သတ်မှတ်ချက် ၂၀၂၀။

ဤအခန်းတွင် ခွင့်ပြုလိုက်သည့် အရေးပေါ်အခွင့်အာဏာအမျိုးအစားများ၊ ထိုအထူးအခွင့်အာဏာများကိုကန့်သတ်ထိန်းညှိရန် ချမှတ်လိုက်သည့်ကြီးကြပ်ရေးနှင့် လူ့အခွင့်အရေးကာကွယ်မှုအမျိုးအစားများကို သာဓကများတွင်အလေးပေးဖော်ပြထားပါသည်။

## ဖင်လန် – အရေးပေါ်အခွင့်အာဏာများခေါ်ယူကျင့်သုံးခြင်းအတွက် စည်းမျဉ်းများကောင်းစွာ ချမှတ်ထားသောစနစ်

နိုင်ငံများစွာတွင် အရေးပေါ်အခြေအနေများ အတွက်ပါ အကျုံးဝင်သော တည်ဆဲဥပဒေများရှိပါသည်။ သို့သော် ထိုဥပဒေများ သည် လွှတ်တော်တွင်မဲခွဲဆုံးဖြတ်ပြီးမှသာ ကျင့်သုံးနိုင်ပြီးသက်တမ်းတိုးခြင်းမရှိပါက သ တ်မှတ်ထားသောအချိန် အတိုင်းအတာတစ်ခုအထိသာ ကျင့်သုံးနိုင်ပါသည်။ အရေးပေါ်အခွင့်အာဏာများ ခေါ်ယူကျင့်သုံးခြင်းအတွက် စည်းမျဉ်းများကောင်းစွာ ချမှတ်ထားသောစနစ် ဥပမာတစ်ခုမှာ ဖင်လန် ဖြစ်သည်။ ဖင်လန်တွင် အရေးပေါ်အခွင့်အာဏာ ဥပဒေကဲ့သို့သော ပုံစံတူဥပဒေများရှိနှင့်ခဲ့သော်လည်း ၎င်း၏အရေးပေါ်အခွင့်အာဏာများ အက်ဥပဒေသည် ၁၉၉၁မှ စတင်ခဲ့ပါသည် (တရားရေးဝန်ကြီးဌာန၊ ဖင်လန် ၁၉၉၁)။ ဝန်ကြီးချုပ်တောင်းဆိုပါက ဖင်လန်သမ္မတမှ အရေးပေါ် အခွင့်အာဏာများအက်ဥပဒေကို ခေါ်ယူကျင့်သုံးနိုင်ပါသည်။ ၂၀၀၃ ခုနှစ်ထိ ပြောင်းလဲခဲ့သောပြင်ဆင်ချက်များအပါအဝင် အက်ဥပဒေ တွင် ဖော်ပြထားသည့်အတိုင်း အရေးပေါ်အခွင့်အာဏာများ အက်ဥပဒေကို ခေါ်ယူကျင့်သုံးနိုင်သည့် အခြေအနေ ၅ မျိုးရှိပါသည်။ ထိုအခြေအနေ ၅ မျိုးမှာ –

၁။ စစ်ပွဲ နှင့် စစ်ပွဲပြီးနောက်အပါအဝင် ဖင်လန်နိုင်ငံအား စစ်မက်တိုက်ခိုက်ခံရမှု

၂။ ဖင်လန်နိုင်ငံ၏ နယ်မြေရေးရာစုစည်းမှုကို ပြင်းထန်စွာချိုးဖောက်စော်ကားမှု နှင့် နိုင်ငံအား စစ်တိုက်ရန်ခြိမ်းခြောက်ခြင်း

၃။ ဖင်လန်နိုင်ငံနှင့် စစ်ဖြစ်ရန်ခြိမ်းခြောက်မှုအလားအလာရှိသော ၊ နိုင်ငံ၏ ကာကွယ်ရေးရာများ အသင့်ဖြစ်မှုအခြေ အနေအားအဆင့်မြှင့်တင်ရန် ချက်ချင်းလက်ငင်း လုပ်ဆောင်ရန်လိုအပ်သော ဆိုးရွားပြင်းထန်သည့် အပြည်ပြည်ဆိုင်ရာအကျပ်အတည်းနှင့် ပြည်ပနိုင်ငံများအကြားစစ်ပွဲ သို့မဟုတ် စစ်ပွဲဖြစ်ရန်ခြိမ်းခြောက်ခြင်း။ ထိုကဲ့သို့သော အကျိုးသက်ရောက်မှုများရှိပြီး အပိုင်း ၁ (၁)၊ (၁၉၈/၂၀၀၀) တွင် ညွှန်းဆိုထားသည့် နိုင်ငံတော်တည်ရှိမှု နှင့် သာယာဝပြောမှု၏အခြေခံအုတ်မြစ်များ ကိုအကြီးအကျယ်အန္တရာယ်ပြုစေနိုင်သည့် အခြားအခြေအနေများလည်း ပါဝင်သည်။

၄။ မရှိမဖြစ်လိုအပ်သော လောင်စာ၊ စွမ်းအင်၊ ကုန်ကြမ်းပစ္စည်းများ၊ ကုန်စည်များ တင်သွင်းမှုအား တားဆီးပိတ်ပင်ခြင်း၊ နှောင့်နှေးကြန့်ကြာခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေး၏ အခြေခံအုတ်မြစ်များ သို့မဟုတ် လူထု၏ အသက်မွေးဝမ်းကြောင်းများအပေါ် ဆိုးရွားသည့် ခြိမ်းခြောက်မှု၊ သို့မဟုတ် ထိုကဲ့သို့သော ဆိုးရွားသည့် အပြည်ပြည်ဆိုင်ရာကုန်ရောင်းဝယ်ဖောက်ကားမှုများပြတ်တောက်ခြင်း

### ဖင်လန် - အရေးပေါ်အခွင့်အာဏာများခေါ်ယူကျင့်သုံးခြင်းအတွက် စည်းမျဉ်းများကောင်းစွာ ချမှတ်ထားသောစနစ် (အဆက်)

၅။ အာဏာပိုင်များမှ အခြေအနေအားပုံမှန်အခွင့်အာဏာများနှင့် ထိန်းချုပ်နိုင်စွမ်း မရှိသည့် ကပ်ဘေးအန္တရာယ် (တရားရေးဝန်ကြီးဌာန၊ ဖင်လန် ၁၉၉၁၊ အပိုင်း ၂)။

အထူးအစီအမံများချမှတ်ခြင်းမရှိဘဲ နိုင်ငံတွင်း၌ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုအား ထိန်းချုပ်နိုင်ခြင်းမရှိသည်မှာ ရှင်းလင်းမြင်သာလာသောအခါ ကပ်ဘေးအန္တရာယ်ကိုအကြောင်းပြု၍ (တရားရေးဝန်ကြီးဌာန၊ ဖင်လန် ၁၉၉၁၊ အပိုင်း ၂ (၅)) ငြိမ်းချမ်းသောကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ၂၀၂၀ မတ်လ ၁၄ ရက်နေ့တွင် (Yle ၂၀၂၀က) အရေးပေါ် အခွင့်အာဏာများအက်ဥပဒေကို ခေါ်ယူကျင့်သုံးရန် လုပ်အပ်နိုင်သည်ဟု ဖင်လန်အစိုးရမှ ဆုံးဖြတ်ချက်ချခဲ့သည်။ ဆုံးဖြတ်ချက်မချမှတ်ခင် ဝန်ကြီးချုပ် Sanna Marin သည် ညွန့်ပေါင်း အစိုးရ၏အဖွဲ့ဝင်များဖြစ်သည့် ပါတီပေါင်း ၅ ခုလုံးနှင့်တွေ့ဆုံခဲ့သည်။သတင်းစာရှင်းလင်းပွဲတွင် အစိုးရသည် အရေးပေါ်အခွင့်အာဏာများအက်ဥပဒေကိုခေါ်ယူကျင့်သုံးရန် စဉ်းစားသုံးသပ်နေသည်၊ သို့သော် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ရန်အတွက် ထိုအက်ဥပဒေကို ချက်ချင်းမခေါ် ယူသေးဟု ဝန်ကြီးချုပ်မှကြေငြာခဲ့သည်။ သမ္မတနှင့် ဝန်ကြီးချုပ်တို့၏ တင်ပြချက်အပေါ်လွှတ်တော်မှသက်တမ်းမတိုးပါက ထိုအရေးပေါ်အခွင့်အာဏာများအက်ဥပဒေသည် ၂၀၂၀ ဧပြီလ ၁၃ ရက်နေ့ထိ တည်ရှိနေမည်ဖြစ်သည်။

ထိုအက်ဥပဒေကို ခေါ်ယူကျင့်သုံးခြင်းအား ၇ ရက်အတွင်း လွှတ်တော်မှ ဆွေးနွေးအတည်ပြုရမည်ဖြစ်သည်၊ သို့မဟုတ်ပါက ထိုအက်ဥပဒေသည် တရားမဝင်ဖြစ်သွားပါသည်။ အရေးပေါ်အကျပ်အတည်းကို ချက်ချင်းလက်ငင်းဖြေရှင်းရန် အစိုးရအားခွင့်ပြုရန်လိုအပ်ပါက လွှတ်တော်၏အတည်ပြုချက်မတိုင်ခင် အရေးပေါ်အခြေအနေအားအမိန့်ပေးနိုင်သော်လည်း ဝန်ကြီးချုပ် Marin သည် လွှတ်တော်မှဆွေးနွေးအတည်ပြုပြီး ချိန်မတိုင်ခင်အထိ ထိုအစီအမံများ အသက်မဝင်စေသင့်ဟု ဆုံးဖြတ်ခဲ့သည်။

မတ်လ ၁၆ ရက်နေ့တွင် ဝန်ကြီးချုပ် Marin သည် ထိုအက်ဥပဒေကိုခေါ်ယူကျင့်သုံးသည့် အစိုးရအမိန့်ထုတ်ပြန်ခဲ့ပြီး (Yle ၂၀၂၀ခ၊ Pohjanpalo ၂၀၂၀) ထိုအက်ဥပဒေသည် မတ်လ၁၈ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်သည်။ မတ်လ ၁၇ ရက်နေ့နောက်တစ်နေ့ မနက်ခင်းတွင် လွှတ်တော်သည် ဆွေးနွေးပွဲအချိန် ၂ ချိန်ကျင်းပခဲ့သည် (ဖင်လန်လွှတ်တော် ၂၀၂၀က)။ထိုမနက်ခင်း၌ အစိုးရသည် ထုတ်ပြန်လိုက်သောအမိန့်အား မျက်နှာစုံညီအစည်းအဝေး၌တင်ပြခဲ့ပြီးလွှတ်တော်၏ အတည်ပြုမှုတောင်းခံခဲ့သည်။ နေ့ခင်းတွင် မျက်နှာစုံညီအစည်းအဝေးဖြင့် လွှတ်တော်ပြန်လည်တက်ရောက်ကြပြီး အဆိုပါအရေးပေါ်အခွင့်အာဏာများအပေါ်ဆွေနွေးခဲ့ကြသည်လွှတ်တော်သည် ထိုတင်ပြချက်အား မတ်လ ၁၇ ရက်နေ့ ညနေခင်းတွင် ပထမအစည်းအဝေးကျင်းပခဲ့ပြီး မတ်လ ၁၈ ရက်နောက်တစ်နေ့မနက်ခင်း၌ ဒုတိယအစည်းအဝေး ကျင်းပခဲ့သော ၎င်း၏ဖွဲ့စည်းပုံအခြေခံဥပဒေကော်မတီထံသို့ လွှဲပြောင်းညွှန်းဆို ခဲ့သည်။ ကော်မတီသည် ဥပဒေကျွမ်းကျင်ပညာရှိများ၊ စုံစမ်းစစ်ဆေးရေးအရာရှိ နှင့် တရားရေးဝန်ကြီးချုပ်၊ အစိုးရကိုစောင့်ကြည့် ကြီးကြပ်သော ဖင်လန်နိုင်ငံရှိ လွတ်လပ်သည့် အခြားအဖွဲ့အစည်းတစ်ခုတို့ထံမှ အမြင်များနားထောင်ခဲ့သည်။ ဆွေးနွေးပွဲ ၂ ခုပြီးနောက် ကော်မတီသည် အရေးပေါ်အမိန့်ကို ထောက်ခံအတည်ပြုသည့်

### ဖင်လန် – အရေးပေါ်အခွင့်အာဏာများခေါ်ယူကျင့်သုံးခြင်းအတွက် စည်းမျဉ်းများကောင်းစွာချမှတ်ထားသောစနစ်(အဆက်)

အစီရင်ခံစာတစ်စောင် ပြင်ဆင်ခဲ့သည်၊ သို့သော် ကော်မတီသည် ကျန်းမာရေးဝန်ထမ်းများ၏ အခွင့်အရေးကို မသင့်လျော်စွာထိန်းချုပ်ကန့်သတ်နိုင်သည့် ဥပဒေပုဒ်မတစ်ခုကို ဖယ်ရှားရန် ပြင်ဆင်ခဲ့ပါသည် (ဖင်လန်လွှတ်တော် ၂၀၂၀ခ)။

မတ်လ၁၈ရက်နေ့တွင် the Eduskunta ဖင်လန်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကော်မတီ၏ အစီရင်ခံစာအပေါ်ဆွေးနွေး ဆုံးဖြတ်ခဲ့ကြသည်။ ဆွေးနွေးမှုသည် နိုင်ငံရေးပါတီအားလုံး၏ ကိုယ်စားလှယ်များ၏ အသေးစိတ်မိန့်ခွန်းများနှင့်အတူ စေ့စပ်သေချာ၍ ၅ နာရီကြာမြင့်ခဲ့ပါသည် (ဖင်လန်လွှတ်တော် ၂၀၂၀ဂ)။ ထိုအစီအမံများမှာ လိုအပ်သည်ဟု ယေဘူယျသဘောတူလက်ခံမှု ရှိခဲ့ပြီး အမတ်အများစုသည် အစိုးရမှ အထူးတလည်အာရုံစိုက်သင့်သည်ဟု ၎င်းတို့ယူဆသော ကိစ္စရပ်များကိုအလေးပေးဖော်ပြရာ၌ ၎င်းတို့၏ ပါဝင် လုပ်ဆောင်နေမှုများကို အလေးပေးဆွေးနွေးခဲ့ကြသည်။ ဥပမာ အဓိကအတိုက်အခံ ဖင်လန်လူမျိုးများပါတီ၏ Arja Juvonen သည် ရောဂါပိုး ရှိသူများကိုကုသပေးနေသောကျန်းမာရေးဝန်ထမ်းများအားကာကွယ်ရန်အရေးပါမှုကို အလေးပေး ဖော်ပြခဲ့သည်။ အစီရင်ခံစာရေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ကော်မတီ၏အဖွဲ့ဝင်တစ်ယောက် ဖြစ်သည့် အစိမ်းရောင်အဖွဲ့ပါတီမှ လွှတ်တော်အမတ် Iiris Suomela သည် အရေးပေါ် အခွင့် အာဏာများကျင့်သုံးချိန်တွင်ပင်လျှင် လူ့အခွင့်အရေးကာကွယ်မှုများကို ဆက်လက်လေးစားလိုက်နာရန် အရေးကြီးကြောင်းထောက်ပြပြောဆိုခဲ့သည်။ ခရစ်ယာန်ဒီမိုကရက်များပါတီမှ Päivi Räsänen သည် ဖင်လန်နိုင်ငံသည် ယခင်က ဒုတိယကမ္ဘာစစ်အတောအတွင်း စစ်၏အနိဋ္ဌာရုံများကိုခံစားခဲ့ရပြီး အောင်မြင်စွာကျော်လွှားနိုင်ခဲ့သည်၊ ယနေ့တွင်လည်း ထိုကဲ့သို့ အောင်မြင်စွာကျော်လွှားနိုင်မည်ဟုမှတ်ချက်ပေးခဲ့သည်။ဗဟိုပါတီမှ Mikko Savola သည်ဤအချိန်မျိုး၌ အစားအစာ၊ လောင်စာ နှင့် အရေးကြီးသည့် ဆေးဝါးများအပါအဝင် အခြေခံလိုအပ်ချက်များဖြည့်တင်းပေးနိုင်ရေး လိုအပ်ချက်ကို အလေးပေးပြောဆိုခဲ့သည်။ ညွန့်ပေါင်းအစိုးရဖွဲ့ထားသည့်ပါတီများထဲမှအကြီးဆုံးပါတီဖြစ်သည့် လူမှုဒီမိုကရက်ပါတီမှ Seppo Eskelinen သည် ခရီးသွားလုပ်ငန်း၊စားသောက်ဆိုင်၊ ဟိုတယ်စသည့် ကဏ္ဍမျိုးတွင် ဗိုင်းရပ်စ်၏ ဒဏ်ကိုအလူးအလွန့်ခံနေရသော အသေးစားလုပ်ငန်းများ နှင့် လုပ်ငန်းတာဝန်များဖိစီးနေသော မြူနီစပယ်အစိုးရတို့အား ထောက်ပံ့ကူညီရန်လိုအပ်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။ ဆွေးနွေးမှု၏အဆုံး၌ ကော်မတီ၏ အစီရင်ခံစာအားလက်ခံခဲ့ပြီး ယာယီအရေးပေါ်အစီအမံများကို အတည်ပြုခဲ့ကြသည်။




နိုင်ငံသားလွတ်လပ်ခွင့် အစဉ်အလာများနက်ရှိုင်းစွာရှိသည့် အခြားနိုင်ငံများလုပ်ဆောင်ခဲ့သော အရေးပေါ်အခွင့်အာဏာများတွင်လည်း အလားတူ အကာအကွယ်အစီအမံများပါရှိပါသည်။ ဖင်လန် နိုင်ငံ၏ အိမ်နီးချင်း နော်ဝေနိုင်ငံ၏ လွှတ်တော် The Storting သည်လည်း နိုင်ငံ၏ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဆွေးနွေးမှု ၂ ခုဖြင့် အရေးပေါ်အခွင့်အာဏာဥပဒေများကိုစုံစမ်းစစ်ဆေးခဲ့သည်။ ထို့ပြင် နော်ဝေဥပဒေပြုအမတ်များ၏ ၃ ပုံ ၁ ပုံသည် အရေးပေါ်ဥပဒေများကို တစ်စိတ်တစ်ပိုင်းဖြစ်စေ သို့မဟုတ် တစ်ခုလုံးကိုဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ ထို့ကြောင့် ဥပဒေများကို ဆက်လက် တည်မြဲစေရန် အမတ် ၃ ပုံ ၂ ပုံ၏ တစ်ဝက်ကျော် လိုအပ်ပါသည် (နော်ဝေလွှတ်တော် ၂၀၂၀)။

အကျပ်အတည်းများအား ကိုင်တွယ်ဖြေရှင်းရန် အရေးပေါ်အစီအမံများဖော်ဆောင်ရာ၌ အသုံးပြုသောနည်းလမ်းဥပမာများသည် (က) လွတ်လပ်စွာပြောဆိုခွင့်ကဲ့သို့သော အခြားလူ့အခွင့်အရေးများအပေါ် မလိုအပ်ဘဲချိုးဖောက်ခြင်းမရှိဘဲပြည်သူ့ကျန်းမာရေးကိုအကာအကွယ်ပေးရန်အလို့ငှာအရေးပေါ်အခွင့်အာဏာများပြဋ္ဌာန်းခြင်းကို အခြေခံလိုအပ်ချက်အတွက်သာဖြစ်စေရန် ကန့်သတ်ခြင်း၏ အရေးပါပုံ၊ (ခ) လွှတ်တော်မှ မဲခွဲ ဆုံးဖြတ်၍ သက်တမ်းမတိုးပါက အရေးပေါ်အခွင့်အာဏာများ၏ အချိန်ကန့်သတ်ချက်နှင့် အလိုအလျောက်သက်တမ်းကုန်ဆုံးခြင်းတို့၏ အရေးပါပုံ၊ (ဂ) ထိုအခွင့်အာဏာများသည် အချို့နိုင်ငံသားများအတွက် လွန်ကဲလွန်းသည် သို့မဟုတ် တရားမျှတခြင်း မရှိနိုင်ဟုယူဆကပါက အစိုးရတောင်းဆိုသောအခွင့်အာဏာများကို လျော့ချရန် သို့မဟုတ် ကန့်သတ်ရန် လိုလားမှုရှိခြင်းဖြင့် လိုအပ်သည့်အခွင့်အာဏာများကို လွှတ်တော်မှ အလေးထားစဉ်းစားသုံးသပ်ခြင်း၏ အရေးပါပုံတို့ကို ဖော်ပြနေပါသည်။ အထက်တွင်ပြောခဲ့သည့် ဖင်လန်နိုင်ငံဖြစ်ရပ် နှင့် အခန်း ၆ တွင်ဖော်ပြခဲ့သည့် အိုင်ယာလန်ဖြစ်ရပ် ၂ ခုလုံးတွင် နိုင်ငံသားအားလုံး၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားစေရန်၊ ထိရောက်မှုနှင့် လူ့အခွင့် အရေးများကြား မျှချေတစ်ခု ရှိနေစေရန် လွှတ်တော်သည် ကြားဝင်ဆောင်ရွက်ဖို့ လိုလားကြသည်။ ထိရောက်သောလွှတ်တော်ပါဝင်မှုမရှိပါက ထိုအချက်များကို လုံလောက်စွာထည့်သွင်းစဉ်းစားကြလိမ့်မည်မဟုတ်ပါ။[၁] ဥရောပကော်မရှင်ဥက္ကဋ္ဌ Ursula von der Leyen သည် ၂၀၂၀ မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်သော ကြေငြာချက်တွင် 'လွတ်လပ်ခွင့်၊ ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးများအား လေးစားလိုက်နာမှု စသည့် စံနှုန်းတန်ဖိုးများအပေါ်အခြေခံ၍ ဥရောပသမဂ္ဂကိုတည်ထောင်ထားခြင်းဖြစ်ပါတယ်။ ထိုစံနှုန်းတန်ဖိုးများဟာ ကျွန်ုပ်တို့အားလုံးအတွက် ဘုံဖြစ်ပါတယ်။ ယခုလို စိန်ခေါ်မှုများရှိသောအချိန်တွင် ကျွန်ုပ်တို့သည် ထိုစံနှုန်းတန်ဖိုးများကို ထောက်ခံ၍ ကာကွယ်ကြရမည်' ဟုမှတ်ချက်ပေးခဲ့သည် (ဥရောပ ကော်မရှင် ၂၀၂၀)။ ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၃ နိုင်ငံသည် ထိုအချက်ကို ပူးတွဲကြေငြာချက်တွင် ထပ်မံ ဖော်ပြခဲ့ကြသည်။

ဤကဲ့သို့မကြုံစဖူးအခြေအနေမျိုးတွင် အဖွဲ့ဝင်နိုင်ငံများသည် အကျပ်အတည်းကို ကျော်လွှားရန်နှင့် ၎င်းတို့၏နိုင်ငံသားများကို ကာကွယ်ရန် ထူးကဲသောအစီအမံများ ကျင့်သုံးကြခြင်းမှာ သဘာဝကျပါသည်။ သို့သော်အချို့အရေးပေါ်အစီအမံများကျင့်သုံးရာမှ ဖြစ်ပေါ်လာနိုင်သည့် အခြေခံအခွင့်အရေးများ၊ တရားဥပဒေစိုးမိုးရေး နှင့် ဒီမိုကရေစီတို့၏ အခြေခံမူများအား ချိုးဖောက်နိုင်သည့် အလားအလာကို ကျွန်ုပ်တို့မှ လွန်စွာစိုးရိမ်မိပါသည်။ အရေး ပေါ်အစီအမံများကို လိုအပ်သည်အတွက်ပဲကန့်သတ်ထားသင့်ပြီး အချိုးအစားကျ၍ယာယီသဘောပဲရှိသင့်သည်။ ထို့ပြင်စုံစမ်းစစ်ဆေးမှုခံယူရသင့်ပြီးရှေ့တွင်ဖော်ပြခဲ့သောအခြေခံမူများနှင့်နိုင်ငံတကာဥပဒေသဘာတူညီချက်များကိုလေးစားလိုက်နာသင့်ပါသည်။ ထိုအရေး ပေါ်အစီအမံများသည် လွတ်လပ်စွာထုတ်ဖော်ခွင့် သို့မဟုတ် သတင်းလွတ်လပ်ခွင့်ကို မကန့်သတ်သင့်ပါ (Bayer ၂၀၂၀)။

## ဘေးဒုက္ခကာလများအတွင်း နိုင်ငံများအနေဖြင့် ရှောင်ကြဉ်ရမည့်အချက်များ




မှတ်ချက်    ငွေကြေးအကျိုးအမြတ်အတွက်မဟုတ်သည့် ဥပဒေဆိုင်ရာ ဥရောပစင်တာနှင့် ငွေကြေးအကျိုးအမြတ်အတွက်မဟုတ်သည့် ဥပဒေဆိုင်ရာနိုင်ငံတကာစင်တာတို့မှ ပူးပေါင်းထုတ်ဝေသည့် "လူ့အသက်များနှင့် လူ့အခွင့်အရေးများကို စောင့်ရှောက်ခြင်းမှတစ်ဆင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုကာကွယ်ခြင်း"ဆောင်းပါးပါအချက်များကို ကောက်နှုတ်ထားပါသည်။ ‹http://ecnl.org/wp-content/uploads/2020/03/saving-life-and-human-rights-ECNL-ICNL.pdf›၊ ၂၉-၄-၂၀၂၀ ရက် တွင်ယင်းဆောင်းပါးကို ဖော်ပြပါအင်တာနက်စာမျက်နှာမှ ရယူခဲ့ပါသည်။

### မှတ်စုများ

၁။ အစိုးရအတွက် အထူးအာဏာယုတ်လျော့စေရန်လိုအပ်သည့် သတ်မှတ်ချက်များကို IPU ၏စာအုပ်တွင် ဖော်ပြထားပါသည်။ (၂၀၀၅း ၂၃-၂၄)

## ၇။ ကပ်ရောဂါကာလအတွင်း လွှတ်တော်လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် တီထွင်ကြံဆမှုများ

၂၀၂၀ ပြည့်နှစ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါပျံ့နှံ့လာသည်နှင့်အမျှ လွှတ်တော်များအနေဖြင့် လူချင်းထိတွေ့မှုမရှိဘဲအဝေးမှနေ၍လုပ်ငန်းများဆောင်ရွက်နိုင်ရေးစီစဉ်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့်လူကိုယ်တိုင်တက်ရောက်ရသည့် အစည်းအဝေးများမှတစ်ဆင့် ရောဂါကူးစက်နိုင်မှု အန္တရာယ်ကို လျော့ချနိုင်ပြီးတစ်ဖက်တွင်လည်းလွှတ်တော်အစည်းအဝေးအထမြောက်စေရေးအနည်းဆုံးရှိရမည့်ကိုယ်စားလှယ်ဦးရေပြည့်မီရန် ခက်ခဲလာသည့်အခြေအနေကိုလည်း ဖြေရှင်းရာ ရောက်ပြီး လွှတ်တော်လုပ်ငန်းများကိုပုံမှန်လည်ပတ်စေနိုင်ပါသည်။

ယင်းကဲ့သို့ အဝေးမှနေ၍လုပ်ငန်းများဆောင်ရွက်ခြင်းစနစ်ကို ကနဦးတွင် ကော်မတီအစည်းအဝေးများအတွက်သာအသုံးပြုခဲ့ပါသည်။ ယင်းစနစ်ကို မျက်နှာစုံညီအစည်းအဝေးများအတွက် အသုံး ပြုမည်ဆိုပါက ယင်းအစည်းအဝေးများလည်ပတ်နိုင်ရန် ထောက်ပံ့ / ဖြည့်ဆည်းပေးရမည့်ကိစ္စများအရနှင့် ဥပဒေကြောင်းကိစ္စများအရ ထည့်သွင်းစဉ်းစားရမည့်အချက်များသည် ကော်မတီအစည်းအဝေးများနှင့်ယှဉ်ပါက သိသိသာသာပိုမိုရှုပ်ထွေးနိုင်သည့်အတွက်အသုံးပြုခဲ့ခြင်းမရှိဟုယူဆရပါ သည်။အစည်းအဝေးများကို အွန်လိုင်းမှတစ်ဆင့်ကျင်းပနိုင်သည့်နည်းပညာများရှိနေသည်မှာ နှစ်အတန်ကြာပြီဖြစ်သော်လည်း လွှတ်တော်အစည်းအဝေးများ၏ သဘောသဘာဝသည် ပိုမိုရှုပ်ထွေးပါသည်။ လွှတ်တော်အစည်းအဝေးများတွင် ပုံမှန်မိန့်ခွန်းပြောခြင်းသာမက ဆွေးနွေးခွင့်တောင်းခံခြင်း၊ ကြားဖြတ်ဆွေးနွေးခြင်း၊ ဆွေးနွေးနေသည့်အကြောင်းအရာသည်သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်မညီသဖြင့်ကန့်ကွက်ခြင်း၊ဆွေးနွေးနေသည့်အကြောင်းအရာကိုရွှေ့ဆိုင်းခြင်း စသည်တို့အပါအဝင် အချိန်နှင့်တပြေးညီ ကြားဖြတ်ဝင်ရောက်မှုများပါဝင်ပါသည် (Evans and Silk ၂၀၀၈)။ သက်ဆိုင်ရာ လွှတ်တော်အစည်းအဝေး၏ဥက္ကဋ္ဌအနေဖြင့် ပုံမှန်အစည်းအဝေးတွင်ပင်လျှင် အစည်းအဝေးအစီ အစဉ်များကို လုပ်ထုံးလုပ်နည်းများအတိုင်းဖြစ်စေရေး ကြီးကြပ်ရန်ခက်ခဲသည်ဖြစ်ရာ အွန်လိုင်းမှ တစ်ဆင့်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများတွင် ပိုမိုခက်ခဲသည့်စိန်ခေါ်မှုများကို ကြုံတွေ့နိုင် ပါသည်။ လွှတ်တော်ချယ်နယ်တစ်ခုမှ ထုတ်လွှင့်နေသည့် လွှတ်တော်အစည်းအဝေးကျင်းပနေမှုကို ကြည့်ရှုနေသူတစ်ဦးအနေဖြင့် စိတ်ကျေနပ်မှုရနိုင်သော်လည်း ယင်းအစည်းအဝေး၏ဥက္ကဋ္ဌအနေဖြင့်လွှတ်တော်ကိုယ်စားလှယ်များက ကြားဖြတ်ဆွေးနွေးလိုမှု ရှိ - မရှိ သိနိုင်ရန်အတွက် ကိုယ်စားလှယ်တိုင်းကို မြင်တွေ့နိုင်ရန်လိုအပ်ပါသည်။ ကိုယ်စားလှယ်ဦးရေ ၅၀၀ အထက်ရှိသည့် လွှတ်တော် အစည်းအဝေးများတွင် ဤကိစ္စသည် မဖြစ်နိုင်သလောက်ခက်ခဲပါသည်။ ထို့အပြင်ပြောဆိုဆွေးနေသည့် အကြောင်းအရာများကို

အချိန်နှင့်တပြေးညီ ထုတ်လွှင့်နိုင်မည့်အင်တာနက်မြန်နှုန်းအပါအဝင် နည်းပညာဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရန်ခက်ခဲပါသည်။ အထူးသဖြင့် ယင်းဝန်ဆောင်မှုကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌ၊ အထောက်အပံ့ပေးမည့် ဥပဒေကျွမ်းကျင်ပညာရှင်များသာမက နိုင်ငံတစ်ဝှမ်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ နေအိမ်သို့မဟုတ် ရုံး၌ထားရှိပေးရမည်ဖြစ်သဖြင့် ခက်ခဲပါသည်။ လိုအပ်သည့်အင်တာနက်မြန်နှုန်းကိုစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်း (OECD) နိုင်ငံများရှိ နေရာအတော်များများ၌ရရှိနိုင်သော်လည်း ကမ္ဘာတစ်ဝှမ်းရှိ ဒီမိုက ရေစီအသွင်ကူးပြောင်းဆဲနိုင်ငံများ၌ ရရှိနိုင်ရန်မလွယ်ကူပါ။

လွှတ်တော်များပုံမှန်လည်ပတ်နိုင်ရေး တီထွင်ဆောင်ရွက်မှုများသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ နှင့်ဧပြီလများအတွင်း နေ့စဉ်နှင့်အမျှပြောင်းလဲလာခဲ့ပါသည်။ အောက်ဖော်ပြပါဥပမာများတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအစောပိုင်းကာလအတွင်းလွှတ်တော်များ၏ဆောင်ရွက်ချက်များကို ဖော်ပြထားပါသည်။ နိုင်ငံတကာလွှတ်တော်များဆိုင်ရာသမဂ္ဂ (IPU) က လွှတ်တော်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ဥရောပသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာစီမံကိန်း (INTER PARES) နှင့် ပူးပေါင်းဆောင်ရွက်ပြီး ဥရောပသမဂ္ဂက ငွေကြေးထောက်ပံ့ထားသည့် လွှတ်တော်ဆိုင်ရာတီထွင်ဆန်းသစ်မှုများစင်တာ၌ ကပ်ရောဂါအပေါ် လွှတ်တော်များ၏တုံ့ပြန်ဆောင်ရွက်မှုများနှင့်ပတ်သက်သည့် နောက်ဆုံးရအချက် အလက်များကို ထားရှိထားပါသည် (IPU ၂၀၂၀ ခ)။

**ဘရာဇီးလွှတ်တော်**သည် အင်တာနက်ကွန်ရက်အသုံးပြုသည့်အစည်းအဝေးများကို ကျင်းပနိုင်ရေး လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာချမှတ်ခဲ့ပါသည် (Globo Extra ၂၀၂၀)။ ဘရာဇီးအောက်လွှတ်တော် (the Chamber of Deputies) နှင့် အထက်လွှတ်တော် (the Senate) ၂ ရပ်စလုံးက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကာလအတွင်းအဝေးမှနေ၍လုပ်ငန်းများဆောင်ရွက်နိုင်ရေးဗီဒီယိုကွန်းဖရင့်နည်းပညာအသုံးပြုနိုင်ရန်ဎင်းတို့၏လုပ်ထုံးလုပ်နည်းများကိုပြင်ဆင်ခဲ့ပါသည်။ သို့ရာတွင်ပုံမှန်လူကိုယ်တိုင်တက်ရောက်ဆွေးနွေးနိုင်သည့်အခြေအနေသို့ ပြန်လည်ရောက်ရှိ ကြောင်း ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပါက ဗီဒီယိုကွန်းဖရင့်နည်းပညာသုံးအစည်းအဝေးများ ကျင်းပခြင်းကို အဆုံးသတ်မည်ဖြစ်ပါသည်။

အဝေးမှနေ၍ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဘရာဇီးအောက်လွှတ်တော်ကဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့ပါသည် (ဆုံးဖြတ်ချက်အမှတ် ၁၁/ ၂၀၂၀း ဘရာဇီးအောက်လွှတ်တော် ၂၀၂၀)။ ယင်းဆုံးဖြတ်ချက်အရ အောက်ပါတို့ကိုဆောင်ရွက်မည်ဖြစ်ပါသည် –

၁။ လွှတ်တော်မျက်နှာစုံညီအစည်းအဝေးများ၌ ဆွေးနွေးမှုများ၊ မဲခွဲမှုများကိုအဝေးမှနေ၍ဆောင်ရွက်နိုင်မည့်စနစ် (SRD) ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ လူကိုယ်တိုင်တက်ရောက်ရမှုကိုအစားထိုးခြင်း။

၂။ SRDသည် အရေးပေါ်ကာလအတွင်း အောက်လွှတ်တော်အနေဖြင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အထူးအစီအဉ်တစ်ရပ်ဖြစ်ပါသည်။

အထက်လွှတ်တော်၏ ဆုံးဖြတ်ချက်အရမူ အင်တာနက်ကွန်ရက်ကိုအသုံးပြု၍ အစည်းအဝေးများကျင်းပခြင်းကို အထက်လွှတ်တော်မျက်နှာစုံညီအစည်းအဝေးများသာမက ကော်မတီအစည်းအဝေးများအတွက်ပါ အသုံးပြုမည်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ပထမဆုံးဖြစ်နိုင်သည့် အင်တာနက်ကွန်ရက်မှကျင်းပသည့် လွှတ်တော်မျက်နှာစုံညီအစည်းအဝေးကို ၂၀ – ၃ – ၂၀၂၀ ရက်တွင် ပြုလုပ်ခဲ့ပါ သည်။ ယင်းအစည်းအဝေးကို ယူကျု့ဘ် (YouTube)တွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့ပြီး ကြည့်ရှုနေသူများအနေဖြင့် မှတ်ချက်များဝင်ရောက်ရေးသားနိုင်ရန်လည်း စီစဉ်ပေးခဲ့ပါသည်။

အထက်လွှတ်တော်၏ ဒုတိယမြောက်နေ့အစည်းအဝေးကို မတ်လ ၂၄ ရက်တွင် ကျင်းပခဲ့ပြီး အခွန်အကြွေးကျန်များကို ဖယ်ရှားပေးရေးအဆိုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည် (ဘရာဇီးအထက် လွှတ်တော် ၂၀၂၀)။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အင်တာနက်ကွန်ရက်မှ တစ်ဆင့် ဆွေးနွေးနိုင်ရန် အတွက် အသုံးပြုနိုင်မည့် အပလီကေးရှင်းတစ်ခုကိုလည်း အထက်လွှတ်တော်က စီစဉ်ပေးခဲ့ပါ သည်။

ပုံ ၄. ၂၀–၃–၂၀၂၀ ရက်တွင် ဘရားဇီးအထက်လွှတ်တော်ကအင်တာနက်ကွန်ရက်အသုံးပြု၍အစည်းအဝေး ကျင်းပနေစဉ်




*သတင်းရင်းမြစ်* – ဘရာဇီးအတက်လွှတ်တော် ၂၀၂၀ (ဗီဒီယို၏ဓာတ်ပုံ) , ‹https://www12.senado.leg.br/tv/plenario-e- comissoes/plenario/2020/03/sessao-deliberativa-estado-de-calamidade-publica-nacional›.

ရုမေးနီးယားလွှတ်တော်သည်လည်း လိုအပ်သည့်အပြောင်းအလဲများကို ဆောလျင်စွာဆောင်ရွက်ခဲ့သည့် လွှတ်တော်တစ်ခုဖြစ်ပါသည်။ ကပ်ရောဂါသာမကဘဲ အခြားဘေးအန္တရာယ်များ ကြုံရချိန်တွင်ပါ အဝေးမှနေ၍လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ရုမေးနီးယားလွှတ်တော်က ၎င်း၏လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခဲ့ပါသည် (ရုမေးနီးယားအစိုးရ ၂၀၂၀)။ ရောဂါပျံ့နှံ့နိုင်မည့်အန္တရာယ်ကိုလျော့ချနိုင်ရန် အထူးအစီအစဉ်များကိုအသုံးချ၍ အစိုးရအသစ်တစ်ရပ်ကို မဲပေး အတည်ပြုခန့်အပ်ခဲ့ပါသည်။ ယင်းအစီအစဉ်များမှာ –

> …အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ကြားနာစစ်ဆေးမှုကို ဗီဒီယိုကွန်ဖရင့်အသုံးပြု၍ဆောင်ရွက်ခဲ့ပါသည်။ တစ်ဖက်တွင်လည်း လွှတ်တော်ခန်းမထဲ၌ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ကိုယ်စားလှယ်များက အဖွဲ့ငယ်များခွဲ၍ နာရီအတော်ကြာ မဲပေးခြင်းများဆောင်ရွက်ခဲ့ပါသည်။ ယင်းကိုယ်စားလှယ်အများစုသည် လွှတ်တော်ခန်းမထဲ၌ ရှိနေစဉ် ခွဲစိတ်ခန်းသုံးမျက်နှာဖုံးများ ဝတ်ဆင်ထားကြပါသည် (Turp ၂၀၂၀)။

### ပုံ ၅. ၁၆-၄-၂၀၂၀ ရက်တွင် ရိုမေးနီးယားအောက်လွှတ်တော် (Chamber of Deputies) ကအွန်လိုင်းမှ တစ်ဆင့်အစည်းအဝေးကျင်းပနေစဉ်




*သတင်းရင်းမြစ်* – ရိုမေးနီးယားအောက်လွှတ်တော် ဖေ့စ်ဘွတ်ခ်စာမျက်နှာ ၂၀၂၀ , ‹https://www.facebook.com/cameradeputatilor/photos/a.168058410059611/1326052234260217/?type=3&theater›

ရိုမေးနီးယားလွှတ်တော်က အရေးပေါ်အခြေအနေကြေညာနိုင်ရေး ဆွေးနွေးမှုနှင့် အတည်ပြုမှုတစ်ခုလုံးကို ၂၀-၃-၂၀၂၀ ရက်တွင် အင်တာနက်မှတစ်ဆင့်သာ ဆောင်ရွက်ခဲ့ပါသည် (Romania Insider ၂၀၂၀)။ ပုံမှန်ဆွေးနွေးမှုများနှင့် ကြားဖြတ်ဆွေးနွေးမှုများကို တယ်လီဖုန်းစနစ်ဖြင့် ထုတ်လွှင့်ခဲ့ပါသည်။ လွှတ်တော်ဥက္ကဋ္ဌအနီးရှိ ဖန်သားပြင်ပေါ်တွင် စာများကို အက္ခရာစဉ်အလိုက်ဖော်ပြခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များပါဝင် ဆွေးနွေးနိုင်ရန်အတွက် ၎င်းတို့ထံ ဖုန်းဖြင့်ဆက်သွယ်ခဲ့ပါသည်။ ယင်းသို့ဆက်သွယ်ပြောကြားမှုကို မျက်နှာစုံညီအစည်းအဝေးခန်းမနှင့်ချိတ် ဆက်ထားပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသခဲ့ပါသည်။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော် (Senate) တို့၏ သတင်းအချက်အလက်နှင့်နည်းပညာဌာနများကရေးဆွဲပေးထားသည့်ကွန်ပျူတာဆော့ဝဲလ်ကိုအသုံးပြု၍အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ကိုယ်စားလှယ်များက မဲ ပေးခြင်းများကိုဆောင်ရွက်ခဲ့ကြပါသည်။

> လွှတ်တော် ၂ ရပ်လုံး၏ ဥက္ကဋ္ဌများသည် အောက်လွှတ်တော်မျက်နှာစုံညီအစည်းအဝေးခန်းမထဲ၌ရှိနေမည်ဖြစ်ပြီး မဲပေးခြင်းကိုလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့အသုံးပြုနိုင်မည့် ဆော့ဖ်ဝဲလ်မှတစ်ဆင့် ဆောင်ရွက်မည်ဖြစ်ပြီး ယင်းအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီအတွက်အသုံးပြုသူအမည်နှင့် စကားဝှက်တို့ကို ၎င်းတို့၏ဖုန်းများထံစာပေးပို့မည်ဖြစ်ပါသည်။ လွှတ်တော်အစည်းအဝေးဥက္ကဋ္ဌက အစည်းအဝေးနှင့် အဝေးမှလှမ်း၍မဲပေးသည့်အစီအစဉ်စတင်မည်ဖြစ်ကြောင်းကြေညာပါမည်။ ယင်းသို့ကြေညာချိန်မှစ၍ အနည်းဆုံး ၅ မိနစ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များက "ထောက်ခံသည်"၊ "ကန့်ကွက်သည်"၊ "ကြားနေသည်" နှင့် "မဲမထည့်ပါ" ဟူသည့်ခလုတ်များအနက် ခလုတ်တစ်ခုခုကို နှိပ်နိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ဖော်ပြပါခလုတ်များအနက် မည်သည့်ခလုတ်ကိုမှမနှိပ်ပါက ၎င်းကို မဲပေးရာတွင်ပါဝင်ခြင်းမပြုဟု သတ်မှတ်မည်ဖြစ်ပါသည်။ မဲပေးချိန်ပြီးဆုံးပါက မဲပေးသည့်ကိရိယာ၏ ဖန်သားပြင်တွင် "မဲပေးခြင်းကိုပိတ်ထားသည်" ဟုပေါ်လာမည်ဖြစ်ပါသည်။ အစည်းအဝေးပြီးဆုံးပါက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီက ပေးခဲ့သည့်မဲများကို အောက်လွှတ်တော်နှင့် အထက်လွှတ်တော်၏ အင်တာနက်စာမျက်နှာများတွင် ဖော်ပြပေးမည်ဖြစ်ပါသည်။
> (ရိုမေးနီးယားအောက်လွှတ်တော် ၂၀၂၀ [အလွတ်သဘောဘာသာပြန်ဆိုချက်])

**စပိန်လွှတ်တော်**တွင် အဝေးမှနေ၍မဲပေးသည့်စနစ်ကို နာမကျန်းဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ မီးဖွားခွင့်ယူထားသည့်လွှတ်တော်ကိုယ်စားလှယ်များ သို့မဟုတ် အလားတူကိစ္စများ အတွက် ၂၀၁၂ ခုနှစ်ကတည်းကတပ်ဆင်ထားပြီးဖြစ်ပါသည် (စပိန်အောက်လွှတ်တော် ၂၀၁၂)။ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ယင်းစနစ်ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးအသုံးပြုနိုင်ရန် ပြင်ဆင်ပေးခဲ့ပါသည်။ မတ်လ ၁၇ ရက်တွင် စပိန်အထက်လွှတ်တော် (Senate) ၌ မဲပေးရာတွင် ပါဝင်သူ ၂၆၄ ဦးအနက် ၂၅၉ ဦးက အဝေးမှနေ၍မဲပေးခဲ့ကြပြီး ၅ ဦးသာ လူကိုယ်တိုင်တက်ရောက်မဲပေးခဲ့ကြပါသည်။ သို့ရာတွင် လက်ရှိစနစ်အရ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသဖြင့် မျက်နှာစုံညီအစည်းအဝေးကို စံချိန်တင် ၅ မိနစ်တည်းဖြင့် ရပ်နားခဲ့ပါသည် (Camacho ၂၀၂၀)။

ပုံ ၆. ၁၇-၃-၂၀၂၀ ရက်တွင် စပိန်အထက်လွှတ်တော်၌ အဝေးမှနေ၍မဲပေးခြင်းစနစ်ဖြင့် မဲပေးရာတွင် ကိုယ်စားလှယ် ၅ဦးသာလူကိုယ်တိုင်တက်ရောက်နေစဉ်



*သတင်းရင်းမြစ်* - စပိန်အထက်လွှတ်တော် ၂၀၂၀ , <http://www.senado.es/web/actividadparlamentaria/actualidad/noticias/NoticiasDetalle/index.html?id=2020_03_17_ACUERDOS_PLENO>.

**ဥရောပလွှတ်တော်**သည် ကပ်ရောဂါကိုတိုက်ဖျက်နိုင်ရေး အရေးပေါ်ဆောင်ရွက်ချက်များကို ဆွေးနွေးအတည်ပြုနိုင်ရန်အတွက် အင်တာနာကွန်ရက်ပေါ်မှတစ်ဆင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ယင်းအရေးပေါ်ဆောင်ရွက်ချက်များတွင် လိုအပ်သည့်နိုင်ငံများထံ အရေးပေါ်ဘဏ္ဍာရေးအကူအညီပေးခြင်း၊ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို ကဏ္ဍအလိုက်အကူအညီပေးခြင်း၊ လိုအပ်သည့် နေရာများသို့ ဆေးဝါးပစ္စည်းများရောက်ရှိနိုင်ရေး သယ်ယူပို့ဆောင်မှုစီစဉ်ပေးခြင်းတို့ ပါဝင်ပါသည်။ နံနက်ပိုင်းတွင် ဥရောပကော်မရှင်ကအဆိုပြုချက်များကို ရှင်းလင်းတင်ပြခဲ့ပြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်သိရှိလိုသည်များကို မေးမြန်းနိုင်ရေးနှင့် ပြန်လည်ဖြေကြားပေးနိုင်ရေးဆောင်ရွက်ပေးခဲ့ပါသည်။ တစ်ချိန်တည်းတွင်ဥရောပလွှတ်တော်လုပ်ထုံးလုပ်နည်းများ၏ အာတီကယ် ၁၈၇ အရ 'မဲပေးသည့်လုပ်ငန်းစဉ်ကို အီလက်ထရောနစ်စနစ်ဖြင့်ဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် အချိန်မရွေးဆုံးဖြတ်နိုင်ကြောင်း' ခွင့်ပြုထားရာတွင် အဝေးမှနေ၍မဲပေးခြင်းစနစ်ကို လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံ – မထောက်ခံ လျှို့ဝှက်ဆန္ဒမဲပြုနိုင်ရေး အီးမေးလ်ဖြင့် လွှတ်တော်ကိုယ်စား လှယ်များထံဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းအထူးအစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုပြီးနောက် အရေးပေါ်ကူညီထောက်ပံ့ရေးအစီအစဉ်အပေါ်ပြင်ဆင်လိုသည်များကိုအဆိုပြုနိုင်ပြီး ညနေပိုင်းတွင် မဲပေးခြင်းကိုဆောင်ရွက်ခဲ့ပါသည်။ ဥရောပလွှတ်တော်ဥက္ကဋ္ဌ David Sassoli ကမှတ်ချက်ပြုရာတွင် ဥရောပလွှတ်တော်၏ ဝန်ထမ်းတစ်ဦးသည် ကိုရိုနာပိုင်းရပ်စ်ကြောင့်ကွယ်လွန်သွားပြီဖြစ်ကြောင်း၊သို့ရာတွင် 'ယခုကဲ့သို့ဆိုးရွားသည့်အကျပ်အတည်းကာလတွင် ဒီမိုကရေစီကိုဆိုင်းငံ့ထား၍မရကြောင်း၊ ယခုလိုခက်ခဲသည့်အချိန်မျိုးတွင် ကျွန်ုပ်တို့၏နိုင်ငံသားများအကျိုးအတွက် ဆောင်ရွက်ရန်ပေးသွားရမည့် တာဝန်ရှိကြောင်း၊ မိမိတို့သည်ဥပဒေပြု လွှတ်တော်အမတ်များဖြစ်သည်နှင့်အညီဆောင်ရွက်ပေးရမည့်တာဝန်နှင့်ဆောင်ရွက်နိုင်သည့် အာဏာရှိကြောင်း'ဖြင့် ပြောကြားခဲ့ပါသည် (ဥက္ကဋ္ဌ၊ ဥရောပလွှတ်တော် ၂၀၂၀)။

**ဘာရိန်းအထက်လွှတ်တော်** (Bahrain’s Shura Counil) ၏ ဥပဒေရေးရာကော်မတီသည် ဘာရိန်းနိုင်ငံတရားရေးရာဝန်ကြီးနှင့် အင်တာနက်ကွန်ရက်မှတစ်ဆင့်တွေ့ဆုံ၍ ဆွေးနွေးရန်မပြီး ပြတ်သေးသည့် စီးပွားရေးဆိုင်ရာဥပဒေတစ်ရပ်အပေါ် ဆွေးနွေးခဲ့ကြပါသည်။ အထက်လွှတ်တော်၏ ပုံ ၇ တွင်လွှတ်တော်ကိုယ်စားလှယ်အချို့အနေဖြင့် ၎င်းတို့၏ကားထဲမှပင် ပါဝင်ဆွေးနွေးခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။

ပုံ ၇. ဘာရိန်းအထက်လွှတ်တော်၊ ဥပဒေရေးရာကော်မတီက တရားရေးရာဝန်ကြီးနှင့် အင်တာနာကွန်ရက်မှ တစ်ဆင့်တွေ့ဆုံဆွေးနွေးနေစဉ်



*သတင်းရင်းမြစ်* – ဘာရိန်းအထက်လွှတ်တော်ဓာတ်ပုံ၊ ၂၀၂၀ , <http://www.shura.bh/en/Multimedia/ Photogallery/Pages/default.aspx#>.

**ဗြိတိန်အောက်လွှတ်တော်** (UK House of Commons) ၏ ကော်မတီများအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဖွန်လအကုန်အထိ အင်တာနာကွန်ရက်မှတစ်ဆင့်တွေ့ဆုံနိုင်ရေးအတွက် လွှတ်တော် လုပ်ထုံးလုပ်နည်းများကော်မတီက အဆိုပြုသည့် ယာယီလုပ်ထုံးလုပ်နည်းပြင်ဆင်ချက်များကို ၂၀၂၀ ပြည့်နှစ်၊ မတ်လနှောင်းပိုင်းတွင်ဗြိတိန်အောက်လွှတ်တော်ကအတည်ပြုပေးခဲ့ပါသည်။ အင်တာနက်ကွန်ရက်မှတစ်ဆင့် အစည်းအဝေးများပြုလုပ်ရာတွင် အသုံးပြုမည့်နည်းပညာကို လွှတ်တော်ဥက္ကဋ္ဌကအတည်ပြုပေးရန်လိုပါသည်။ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌအနေဖြင့် ကော်မတီအဖွဲ့ဝင်အားလုံးနှင့် အွန်လိုင်းမှတစ်ဆင့်တွေ့ဆုံပြီးနောက် ကော်မတီအစီရင်ခံစာများကို ထုတ်ပြန်နိုင်ပါသည်။ သို့ရာတွင် နည်းပညာအကန့်အသတ်များကြောင့် သက်ဆိုင်ရာကော်မတီ၌ သက်သေထွက်ဆိုမည့်သူ အရေအတွက်နည်းပါးနိုင်ကြောင်းလွှတ်တော်ကိုယ်စားလှယ်များက လက်ခံထားပါသည် (Bradley ၂၀၂၀)။

ပုံ ၈. ၁၆–၄–၂၀၂၀ ရက်တွင်ကျင်းပသည့် နှုတ်ဖြင့်သက်သေထွက်ဆိုမှုအပေါ် ကြားနာမှုအစည်းအဝေး




*သတင်းရင်းမြစ်* – ဗြိတိန်လွှတ်တော် ၂၀၂၀ , ‹https://committees.parliament.uk/event/788/formalmeeting-oral-evidence-session/›.

**နယူးဇီလန်လွှတ်တော်က**' လက်ရှိကပ်ရောဂါကာလအတွင်း အောက်လွှတ်တော်နှင့် ၎င်း၏ ကော်မတီများ၏လုပ်ငန်းဆောင်တာများကို အထောက်အကူဖြစ်ရန်အတွက်' (နယူးဇီလန်အောက်လွှတ်တော် ၂၀၂၀း၇) အထူးအစီအစဉ်များကို ချမှတ်ခဲ့ပါသည်။ ၁၉–၃–၂၀၂၀ ရက်တွင် ပညာရေးဝန်ကြီး Chris Hipkins ကတင်သွင်းသည့်အဆိုတစ်ရပ်ကို လွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုခဲ့ပါသည်။ ယင်းအဆိုတွင် တခြားကိစ္စရပ်များအပြင် အောက်ပါတို့ပါဝင်ပါသည် –

- လွှတ်တော်ကော်မတီများကို အီလက်ထရောနစ်နည်းများဖြင့် အဝေးမှနေ၍တွေ့ဆုံခွင့်ပြုခြင်း
- လွှတ်တော်အစည်းအဝေးများ၊ အစီအစဉ်များကို ရက်သတ်မှတ်ရေးဆွဲပေးသည့် စီးပွားရေးရာကော်မတီကို အဝေးမှနေ၍လုပ်ငန်းများဆောင်ရွက်ခွင့်ပြုခြင်း
- အဆိုနှင့် မေးခွန်းများတင်သွင်းခြင်းတို့ကဲ့သို့သော ကာယကံရှင်က လက်မှတ်ရေးထိုးပေးရန်လိုအပ်သည့် လွှတ်တော်၏လုပ်ငန်းဆောင်တာများတွင် လက်မှတ်ရေးထိုးခြင်းအစား အီလက်ထရောနစ်နည်းဖြင့် ဆောင်ရွက်ခွင့်ပြုခြင်း
- ကိုယ်စားမဲပေးရာတွင် မဲပေးခွင့်ပြုသည့် ကိုယ်စားလှယ်အရေအတွက် ကန့်သတ်ချက်ကို စီးပွားရေးရာကော်မတီက ပယ်ဖျက်နိုင်ရေး ခွင့်ပြုခြင်း (နယူးဇီလန်အောက်လွှတ်တော် ၂၀၂၀)

**ဂရိလွှတ်တော်** (Hellenic Parliament) ၏ သဘာဝပတ်ဝန်းကျင်ရေးရာကော်မတီသည် ဂရိလွှတ်တော်၏ ကော်မတီများအနက် အွန်လိုင်းမှတစ်ဆင့် အစည်းအဝေးတစ်ရပ်ကို ပုံမှန်အစည်းအဝေးကျင်းပသည့်အတိုင်း အစည်းအဝေးအစီအစဉ်အပြည့်ဖြင့် ပထမဆုံးကျင်းပခဲ့သည့် ကော်မတီဖြစ်ပါသည်။ ယင်းအစည်းအဝေးကို ကိုယ်စားလှယ် ၃၀ ဦးရှိသည့်အနက် ၂၈ ဦးတက်ရောက်ခဲ့ပါသည် (Avgerinopoulou ၂၀၂၀)။ ယင်းအချိန်တွင် အခြားလွှတ်တော်ကော်မတီအများစုသည် ပုံမှန်အတိုင်း လူကိုယ်တိုင်တက်ရောက်ရသည့်အစည်းအဝေးများကို နိုင်ငံရေးပါတီအားလုံးမှ တက်ရောက်သည့်ကိုယ်စားလှယ်အကန့်အသတ်ဖြင့် ကျင်းပနေခဲ့ပါသည်။

**ဖင်လန်လွှတ်တော်** (the Eduskunta) သည် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးပြောကြားရန် အစီအစဉ်ရှိမှသာလျှင် လွှတ်တော်သို့လူကိုယ်တိုင်လာရောက်ရေး အထူးစည်းမျဉ်းများကို ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းတို့အနေဖြင့် ဆွေးနွေးပြောကြားရန်မလိုပါက လွှတ်တော်အတွင်း ဆွေးနွေးမှုများကို ၎င်းတို့၏ရုံးခန်းများမှနေ၍သာ ကြည့်ရှုနားဆင်ရန်ဖြစ်ပါသည် (ဖင်လန်လွှတ်တော် ၂၀၂၀ ဃ နှင့် ရက်စွဲမပါရှိပါ)။ ဤစနစ်ကို ပြဋ္ဌာန်းပြီးနောက်ပိုင်း ပထမဆုံးမေးခွန်းမေးမြန်းသည့် အစီအစဉ်သို့ လွှတ်တော်ကိုယ်စားလှယ် ၄ ပုံ ၁ ပုံ ခန့်တက်ရောက်ခဲ့ကြပါသည် (Lapin Kansa ၂၀၂၀)။

**နော်ဝေလွှတ်တော်** (the Storting) သည် ၁၂-၃-၂၀၂၀ ရက်တွင် ကော်မတီအစည်းအဝေးများသို့ လူကိုယ်တိုင်တက်ရောက်ရန်လိုအပ်ကြောင်း သတ်မှတ်ထားသည့် ၎င်း၏လုပ်ထုံးလုပ်နည်းများပါ အာတီကယ်များကို ၃၀-၄-၂၀၂၀ ရက်အထိ ဆိုင်းငံ့ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ အဝေးမှနေ၍ပါဝင်တက်ရောက်နိုင်ရန် စီစဉ်ခဲ့ပါသည်။ လွှတ်တော်ဥက္ကဋ္ဌက ကော်မတီအဖွဲ့ဝင်များထံ အောက်ပါ အတိုင်းပြောကြားခဲ့ပါသည် -

> ဤသို့စီစဉ်ခြင်းဖြင့် ကော်မတီအဖွဲ့ဝင်များ လူကိုယ်တိုင်လာရောက်ရန်မလိုဘဲ ကော်မတီ၏လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကော်မတီအဖွဲ့ဝင်များအနေဖြင့် တယ်လီဖုန်း သို့မဟုတ် စကိုက် (Skype) ကဲ့သို့သော အဝေးမှနေ၍ဆက်သွယ်နိုင်သည့် နည်းပညာများ သို့မဟုတ် စာဖြင့်ရေးသားဆက်သွယ်ခြင်းတို့ကိုအသုံးပြု၍ ကော်မတီအစည်းအဝေးများတွင် ပါဝင်နိုင်မည်ဖြစ်ပါသည် (နော်ဝေလွှတ်တော် ၂၀၂၀ ခ)။

နော်ဝေလွှတ်တော်သည် ကော်မတီအစည်းအဝေးများကို အွန်လိုင်းစနစ်သို့ ပြောင်းလဲရုံမကဘဲ မျက်နှာစုံညီအစည်းအဝေးများတွင်လည်း လူအချင်းချင်းထိတွေ့မှုကို တတ်နိုင်သမျှလျှော့ချရေး ဆောင်ရွက်ခဲ့ပါသည်။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီ ၉ ခုမှ ကိုယ်စားလှယ် ၁ ဦးစီ ပါဝင်သည့် ကိုရိုနာဗိုင်းရပ်စ်ရေးရာအထူးကော်မတီတစ်ခုကို အခြားနိုင်ငံများမှ လွှတ်တော်များကဲ့သို့ပင် နော်ဝေလွှတ်တော်က ဖွဲ့စည်းခဲ့ပါသည် (နော်ဝေလွှတ်တော် ၂၀၂၀ က)။

ယင်းကဲ့သို့အလားတူပင် **နယူးဇီလန်လွှတ်တော်**က ၂၅-၃-၂၀၂၀ ရက်တွင် ကပ်ရောဂါအပေါ် အစိုးရ၏ တုံ့ပြန်ဆောင်ရွက်ချက်ကို စောင့်ကြည့်စိစစ်ရန်နှင့် လွှတ်တော်သို့ပြန်လည်အစီရင်ခံစေရေး အတွက် ကပ်ရောဂါအပေါ်တုံ့ပြန်ဆောင်ရွက်ရေးကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ ကပ်ရောဂါကိုကိုင်တွယ်ဖြေရှင်းလျက်ရှိသည့် အစိုးရဌာနများ၊ ကျွမ်းကျင်သူများနှင့် ကပ်ရောဂါကြောင့် ထိခိုက်မှုရှိသည့်ကဏ္ဍများမှ ကိုယ်စားလှယ်များ၏ ပြောကြားချက်များကို ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တစ်နေ့လျှင် ၂ နာရီခွဲဖြင့် တစ်ပတ်လျှင် ၃ ကြိမ် ကြားနာရန် စီစဉ်ခဲ့ပါသည်။ ယင်းသို့ကြားနာမှုများကို အများပြည်သူများ တိုက်ရိုက်ကြည့်ရှုနားထောင်နိုင်ရန်အတွက် အင်တာနက်မှတစ်ဆင့် တိုက်ရိုက်ထုတ် လွှင့်ပြသခဲ့ပါသည် (နယူးဇီလန်လွှတ်တော် ၂၀၂၀)။

### ပုံ ၉. ၃၀–၃–၂၀၂၀ ရက်တွင်ကျင်းပသည့် နယူးဇီလန်လွှတ်တော်၏ ကပ်ရောဂါအပေါ်တုံ့ပြန်ဆောင်ရွက်ရေး ကော်မတီ၏ပထမအကြိမ်အစည်းအဝေး




*သတင်းရင်းမြစ်* – နယူးဇီလန်လွှတ်တော်၏ ဖေ့စ်ဘုတ်စာမျက်နှာ , ‹https://www.facebook.com/NZParliament/›.

မွန်ဂိုလီးယားလွှတ်တော် (the State Great Hural) က လူကိုယ်တိုင်တက်ရောက်ခြင်းနှင့် ဗီဒီယိုကွန်းဖရင့်အသုံးပြုခြင်း ၂မျိုးလုံးကို ပေါင်းစပ်အသုံးပြုခဲ့ပါသည်။ လွှတ်တော်အဆောက်အအုံများထဲရှိ အခန်း ၅ ခန်းကို ဗီဒီယိုကွန်းဖရင့်ပြုလုပ်နိုင်ရန်ဆက်သွယ်ခဲ့ပြီး ယင်းအခန်းများ၌ လွှတ်တော်ကိုယ်စားလှယ်များကို တစ်ဦးနှင့်တစ်ဦးစိတ်ချရသည့်အကွာအဝေးမှ ထိုင်စေခဲ့ပါသည်။ ဗီဒီယိုကွန်းဖရင့်အသုံးပြု၍သော မျက်နှာစုံညီအစည်းအဝေးများနှင့် ကော်မတီအစည်းအဝေးများကို ကျင်းပနိုင်ရေး လုပ်ထုံးလုပ်နည်းများကို တရားဝင်ပြင်ဆင်နိုင်ရန်အတွက် နိုင်ငံ့ဖွဲ့စည်းပုံဆိုင်ရာ ကော်မတီ (Standing Committee on State Structure) ၌ ဆွေးနွေးခဲ့ပါသည် (မွန်ဂိုလီးယားလွှတ်တော် ၂၀၂၀)။

ပုံ ၁၀. အိမ်ရာချေးငွေများပြန်ဆပ်မှုကို သက်သေအထောက်အထားပြရန်မလိုဘဲ ရွှေ့ဆိုင်းနိုင်ရေး ၁၅-၄-၂၀၂၀ ရက်တွင်ဆွေးနွေးနေစဉ်။



*သတင်းရင်းမြစ်* – မွန်ဂိုလီးယားလွှတ်တော် , ‹http://parliament.mn/n/k5mo›.

**အစ္စရေးနိုင်ငံ၌** ခရီးသွားလာခြင်းနှင့် လူအချင်းချင်းထိတွေ့ခြင်းကို ရှောင်ရှားနိုင်ရေး ကန့်သတ်ချက်များကို အစ္စရေးပြည်သူများက လိုက်နာမှု ရှိ-မရှိ စောင့်ကြည့်ရန် အစ္စရေးလုံခြုံရေး အေဂျင်စီ (Shin Bet) ကို လုပ်ပိုင်ခွင့်များပေးခဲ့ပါသည်။ ပုံမှန်အခြေအနေများတွင် ယင်းအေဂျင်စီ၏ အဓိကတာဝန်သည် အစ္စရေးနိုင်ငံ၏ ပြည်တွင်းလုံခြုံရေး ကိုကာကွယ်ရန်ဖြစ်ပါသည်။ ယခုကဲ့သို့ ပြည်သူများကို စောင့်ကြည့်ရမည့်ကိစ္စတွင် အာဏာအလွဲသုံးစားမှုမရှိစေရေး အစ္စရေးလွှတ်တော်က စောင့်ကြည့်ရန် အစ္စရေးတရားရုံးများက တောင်းဆိုခဲ့ပါသည်။ အစ္စရေးလုံခြုံရေးအေဂျင်စီ၏ အစ္စရေး ပြည်သူများကို စောင့်ကြည့်မည့်အစီအစဉ်အပေါ် ကြီးကြပ်နိုင်ရေး လျှို့ဝှက်ထောက်လှမ်းရေးကိစ္စများ ဆိုင်ရာဆပ်ကော်မတီတစ်ခုကို ၃ ရက်အတွင်း ဖွဲ့စည်းရန် အစ္စရေးတရားလွှတ်တော်ချုပ်က အစ္စရေးလွှတ်တော် (Knesset) ထံ တောင်းဆိုခဲ့ပါသည်။ ဖော်ပြပါအေဂျင်စီက အစ္စရေးပြည်သူများကို စောင့် ကြည့်နိုင်ခြင်းမရှိပါက ယင်းလုပ်ပိုင်ခွင့်အာဏာကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါသည် (Times of Israel ၂၀၂၀)။

**တူနီးရှားနိုင်ငံ၌** အစိုးရ၏ဆောင်ရွက်ချက်များကို ကြီးကြပ်ရန်နှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို မေးမြန်းနိုင်ရေးတို့အတွက် ဗျူရိုအဖွဲ့ဝင်များနှင့် လွှတ်တော်ရှိ နိုင်ငံရေးပါတီတိုင်းမှ ခေါင်းဆောင်များပါဝင်သည့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့ကို တူနီးရှားလွှတ်တော် (the Assembly of the Representatives of the People) က ဖွဲ့စည်းခဲ့ပါသည်။ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် လိုအပ်ပါကလူကိုယ်တိုင်တက်ရောက်သည့် အစည်းအဝေး သို့မဟုတ် အင်တာနက်ကွန်ရက်မှ တစ်ဆင့်ပြုလုပ်သည့်အစည်းအဝေးကို အချိန်မရွေးခေါ်ယူနိုင်သည်ဖြစ်ရာ ယင်းအဖွဲ့ကို အချိန်ပြည့်တာဝန် ထမ်းဆောင်နေသည်ဟု သတ်မှတ်နိုင်ပါသည် (L’Economiste Maghrébin 2020a; Mosaique FM ၂၀၂၀)။ ယင်းအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းနှင့် ကပ်ရောဂါအပေါ်တုံ့ပြန်နိုင်ရေးအတွက် အထူးလုပ်ပိုင်ခွင့်အာဏာများကို အစိုးရထံအပ်နှင်းခြင်းအပြင် လွှတ်တော်မျက်နှာစုံညီအစည်းအဝေး ထမြောက်စေရန် အနည်းဆုံးလိုအပ်သည့်ကိုယ်စားလှယ်အရေအတွက်ကိုလျှော့ချခဲ့ခြင်း၊ ဆွေးနွေးသည့်အချိန်များကိုလျှော့ချခဲ့ခြင်း၊ ကော်မတီအစည်းအဝေးများကို အင်တာနက်ကွန်ရက်မှတစ်ဆင့် ကျင်းပခွင့်ပြုခဲ့ခြင်း၊ မျက်နှာစုံညီအစည်းအဝေးများကို ပြည်သူများပါဝင်ခြင်းမပြုဘဲ ကျင်းပစေခဲ့ခြင်း (သို့ရာတွင် ရုပ်မြင်သံကြားတွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့ပါသည်) တို့ကို လွှတ်တော်ကဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့ လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲရာတွင် သတ်မှတ်ထားသည့်စည်းမျဉ်းဥပဒေများ အတိုင်းမဟုတ်ဘဲဆောင်ရွက်ခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်တချို့က ဝေဖန်ခဲ့ကြပါသည် (L’Economiste Maghrébin 2020b; Espace Manager 2020)။

## ပုံ ၁၁. ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်အပေါ် တူနီးရှားလွှတ်တော်ကတုံ့ပြန်ဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံများ



မှတ်ချက် – ဘယ်ဘက်အပေါ်ပုံတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ပညာရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများကို ၁၅–၄ ၂၀၂၀ ရက်တွင် ဆွေးနွေးနေခြင်းဖြစ်ပါသည်။ ညာဘက်အပေါ်ပုံတွင် တူနီးရှားလွှတ်တော်ဥက္ကဋ္ဌ Rachid Ghannouchi က တူနီးရှားလွှတ်တော်မျက်နှာစုံညီအစည်းအဝေးကို ၂၆–၃–၂၀၂၀ ရက်တွင် ဦးဆောင်ကျင်းပနေခြင်းဖြစ်ပါသည်။ အောက်ဆုံးပုံတွင် ဘဏ္ဍာရေးကော်မတီက အင်တာနက်ကွန်ရက်မှတစ်ဆင့် တစ်စိတ်တစ်ပိုင်းကြားနာမှုကို ၁၆–၄–၂၀၂၀ ရက်တွင် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

*သတင်းရင်းမြစ်* – တူနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဆိုင်ရာဥပဒေပြုလွှတ်တော် ၂၀၂၀, ‹http://www.arp.tn/›.

**ဆွစ်ဇာလန်**နိုင်ငံ၌လည်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါနှင့်ပတ်သက်၍ အစိုးရ၏ဆောင်ရွက် ချက်များကို လွှတ်တော်ကကြီးကြပ်နိုင်ရေး ဆွေးနွေးခဲ့ပါသည်။ နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ လာသည်နှင့် အမျှ ဆွစ်ဇာလန်လွှတ်တော် (Federal Assembly) ၏ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများသို့ ကူးစက်နိုင်ခြေရှိသည့်အတွက် လွှတ်တော်ကို မတ်လ ၁၅ ရက်နေ့တွင် ရပ်နားခဲ့ပါသည်။ လွှတ်တော်ရပ်နား သည့်အချိန်တွင် အောက်လွှတ်တော် (National Council) နှင့် နိုင်ငံ့ အစိုးရတို့က ဆွစ်ဇာလန်စစ်တပ်ကို (ကိုရိုနာရောဂါတိုက်ဖျက်ရေးတွင်ပါဝင်ရေး) ဆင့်ခေါ်သည့် အမိန့်၊ စီးပွားရေးလုပ်ငန်းများလည်ပတ်မှုနှင့် ပြည်သူအချင်းချင်းထိတွေ့မှုကို ကန့်သတ်သည့်အမိန့်များကိုထုတ်ပြန်ခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ် အချို့က လွှတ်တော်ကိုမရပ်ဆိုင်းဘဲ ပုံမှန်အတိုင်း အစည်းအဝေးများကို ကျင်းပရန်နှင့် ဗီဒီယိုနည်းပညာအ သုံးပြု၍ အစည်းအဝေးကျင်းပရန်ပါ တောင်းဆိုခဲ့ပါသည်။ ဆွစ်ဇာလန်နိုင်ငံသည် နိုင်ငံသားလွှတ်လပ်ခွင့်ကို အထူး အလေးထားသည့် နိုင်ငံဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မှတ်ချက်ပြုရာတွင် နိုင်ငံသည် 'ကပ်ရောဂါကြောင့်ဖြစ်သည့် အကျပ်အတည်းများကိုဖြေရှင်းနေကြောင်း၊ သို့ရာတွင် အာဏာရှင်ဆန်ဆန် ဆောင်ရွက်ရမှုများကိုလည်း မလွဲမသွေကြုံနေရကြောင်း' ဖြင့် ပြောကြားခဲ့ပါသည်။ ထို့အပြင် လွှတ်တော် ကိုယ်စားလှယ် Elisabeth Schneider-Schneiter က 'လွှတ်တော်ကို ရပ်နားထားခြင်းသည် အန္တရာယ် ရှိကြောင်း' ပြောကြားခဲ့ပါသည် (ယင်းလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ပြောကြားချက်များကို Fluri ၂၀၂၀ မှ ကိုးကားထားပါသည်)။ ယင်းကဲ့သို့စိုးရိမ်မှုများကြောင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါနှင့်ပတ်သက်သည့် လွှတ်တော်အထူးအစည်းအဝေးတစ်ရပ်ကို အစည်းအဝေးတက်ရောက်သူများကို တစ်ဦးနှင့်တစ်ဦး စိတ်ချရ သည့်အကွာအဝေး၌ ထားရှိပေးနိုင်မည့် BERNEXPO ပြခန်း၌ ၄–၅–၂၀၂၀ ရက်တွင် ကျင်းပရန် စီစဉ်ခဲ့ပါ သည် (ဆွစ်ဇာလန်လွှတ်တော် ၂၀၂၀ခ)။

**မက္ကဆီကိုနိုင်ငံ၌** ကပ်ရောဂါအခြေအနေဆိုးရွားလာသည် နှင့်အမျှ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ၂ ရပ်စလုံးကို မတ်လထဲ၌ရပ်ဆိုင်းခဲ့ပါသည်။ အောက်လွှတ်တော် (Chamber of Depuies) က ၎င်း၏လုပ်ငန်းဆောင်တာများကို မတ်လ ၂၀ ရက်နေ့တွင် ရပ်ဆိုင်းခဲ့ပြီး လုပ်ငန်းများ ပြန်လည်စတင်မည့် ၃၀-၄-၂၀၂၀ ရက်မတိုင်မီ လွှတ်တော်၏လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည့် အမြဲတမ်းကော်မတီတစ်ခုကိုဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီတွင် လွှတ်တော်ရှိနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်ပါသည်။ ပုံမှန်အားဖြင့် ယင်းကဲ့သို့သော အမြဲတမ်းကော်မတီသည် လွှတ်တော်ပုံမှန် အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား ရပ်နားထားချိန်တွင်မှသာ လွှတ်တော်၏လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပါသည် (မက္ကဆီကိုအောက်လွှတ်တော် ၂၀၂၀)။ အောက်လွှတ်တော်၏ လုပ်ငန်းများရပ်နားနိုင်ရန်အတွက် အထက်လွှတ်တော် (Senate) ၏အတည်ပြုချက်ကိုလိုအပ်ရာတွင် အထက်လွှတ်တော်က အတည်ပြုပေးခဲ့ပါသည်။ အောက်လွှတ်တော်၏ ကော်မတီများအနေဖြင့်မူ လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန်ဖြစ်ပြီး ဖြစ်နိုင်ပါက အင်တာနက်ကွန်ရက်မှတစ်ဆင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ယင်းသို့အဝေးမှနေ၍ဆောင်ရွက်နိုင်ရေးကို တည်ဆဲလုပ်ထုံးလုပ်နည်း များတွင် ခွင့်ပြုထားပြီးဖြစ်ပါသည်။

အောက်လွှတ်တော်၏ လုပ်ငန်များရပ်ဆိုင်းပြီး ရက်အနည်းငယ်အကြာ အထက်လွှတ်တော်က လည်း အလားတူလုပ်ငန်းများကိုယာယီရပ်ဆိုင်းခဲ့ပါသည်။ အထက်လွှတ်တော်၏ အုပ်ချုပ်မှုအဖွဲ့ (Mesa) က 'အင်တာနက်ကွန်ရက်မှတစ်ဆင့် အစည်းအဝေးများကျင်းပနိုင်ရေးအတွက် နည်းပညာများအသုံးပြုနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မူဘောင်ပြင်ဆင်ရေးကိုရေးဆွဲအကြံပြုမည်' ဖြစ်ကြောင်းအထက်လွှတ်တော် ကပြောကြားခဲ့ပါသည်။အတိုက်အခံပါတီဖြစ်သည့်အမျိုးသားလှုပ်ရှားမှုပါတီ(National Action Party) ကလွှတ်တော်အစည်းအဝေးများကို အင်တာနက်ကွန်ရက်မှ တစ်ဆင့်ကျင်းပနိုင်ရေးအတွက်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်မလိုကြောင်း ပြောကြားခဲ့ပါ သည် (Vargas ၂၀၂၀)။

**အမေရိကန်ပြည်ထောင်စုကွန်ဂရက်**သည် ကွန်ဂရက်၌အငြင်းပွားဖွယ်ရာကိစ္စတစ်ခု ဖြစ်ခဲ့သည် ကိုပင်အင်တာနက်ကွန်ရက်မှတစ်ဆင့် အစည်းအဝေးများပြုလုပ်ရန်ကို ၂၀၂၀ ပြည့်နှစ်၊ မတ်လကုန်သည့် တိုင် ငြင်းဆိုနေခဲ့ပါသည်။ယင်းအငြင်းပွားဖွယ်ရာကိစ္စတွင် အမေရိကန်ဒေါ်လာ ၂ ထရီလီယံ တန်ဖိုးရှိ စီးပွားရေးထောက်ပံ့မှုနှင့် အခြားသက်ဆိုင်ရာ ဆောင်ရွက်ချက်များကို ကွန်ဂရက်ကအတည်ပြုပေးနိုင်ရေး အတွက် အဓိကပါတီ ၂ ခုဖြစ်သည့် ဒီမိုကရက်ပါတီနှင့် ရီပါဘလစ်ကန်ပါတီတို့က အင်တိုက်အားတိုက် ထောက်ခံထားခဲ့ပါသည်။ သို့ရာတွင် ယင်းအစီအစဉ်များကို အတည်ပြုနိုင်ရေး သေချာမှုရှိစေရန်ဆိုကာ ရောဂါကူးစက်နိုင်သည့်အန္တရာယ်ကြားမှပင်အောက်လွှတ်တော်အမတ်တစ်ဦးကအောက်လွှတ်တော်အမတ်အတော်များများကို လွှတ်တော်သို့လာရောက်စေခဲ့ပါသည် (Forgey ၂၀၂၀)။

အောက်လွှတ်တော်၏ပြီးခဲ့သည့်ပုံမှန်အစည်းအဝေး ၄ ရပ်လုံးကို အဝေးမှနေ၍ ကျင်းပနိုင် ရေးအဆိုကို ဒီမိုကရက်ပါတီလွှတ်တော်အမတ် Eric Swalwell က ၂၀၁၃ ခုနှစ်ကတည်းကစ၍ တင်သွင်းခဲ့ပါသည် (Bright ၂၀၂၀)။ ၉-၃-၂၀၂၀ ရက်တွင် Swalwell နှင့်ရီပါဘလစ်ကန်အမတ် Rick Crawford တို့က ယင်းအဆိုကိုပြန်တင်သွင်းခဲ့ပါသည်။ Swalwell က ယင်းအဆိုနှင့် ပတ်သက်၍ အောက်ပါ အတိုင်း ပြောကြားခဲ့ပါသည် -

> ကော်မတီဝင်များနှင့် ဖိတ်ကြားထားသည့် သက်သေထွက်ဆိုမည့်သူများကို ကော်မတီများ၏ ကြားနာစစ်ဆေးမှုများသို့ အဝေးမှနေ၍ပါဝင်နိုင်ခွင့်ပြုမည် ဖြစ်ပါသည်။ ယင်းသို့ပါဝင်ရာတွင် အစည်းအဝေးထမြောက်စေရန်အနည်းဆုံး လိုအပ်သည့်ကိုယ်စားလှယ်အရေအတွက်ပြည့်မီရေးကိုပါထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်။ ထို့အပြင် စုစုပေါင်းရှိသည့် ကိုယ်စားလှယ်အရေ အတွက်၏ ၃ ပုံ ၂ ပုံ

ထောက်ခံမဲများဖြင့် အတည်ပြုပေးနိုင်ပြီး ယေဘူယျအားဖြင့်အငြင်းပွားဖွယ်မရှိသည့်ဥပဒေမူကြမ်းများ (suspension bills) နှင့်ပတ်သက်၍အဝေးမှနေ၍ လျှို့ဝှက်မဲ ပေးနိုင်မည့်စနစ်ကို တည်ထောင်နိုင်ရေးကိုလည်း ဆောင်ရွက်မည်ဖြစ်ပါသည် (Swalwell ၂၀၂၀)။

အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ဒီမိုကရက်လွှတ်တော်ကိုယ်စားလှယ် Nancy Pelosi က ဖော်ပြပါအဆိုပြုချက်နှင့်ပတ်သက်၍ပြောကြားရာတွင် ' ကျွန်ုပ်တို့လွှတ်တော်ကိုယ်စားလှယ်များသည် သဘော်ာကပွတိန်များပင်ဖြစ်ကြောင်း၊ သဘော်ာကိုနောက်ဆုံးစွန့်ခွာသူများသည် ကျွန်ုပ်တို့သာဖြစ်ရမည်ဖြစ်ကြောင်း' ဖြင့်တင်စားပြောကြားခဲ့ပါသည်(The Hill ၂၀၂၀ က)။ သူမဆိုလိုသည်မှာ ဥပဒေပြု လွှတ်တော်အမတ်များသည် ၎င်းတို့အတွက် ဘေးအန္တရာယ်လုံခြုံရန်ကိစ္စ၊ ပြည်သူများအတွက် စံပြအဖြစ်နေထိုင်ရန်ကိစ္စနှင့် အခြားသူများကို ခေါင်းဆောင်မှုပြုရမည့်ကိစ္စတို့အကြား မျှတစွာဆောင် ရွက်ရန်လိုကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။

## တီထွင်ဆန်းသစ်မှုများနှင့်နည်းပညာဆိုင်ရာဖြေရှင်းချက်များ




မှတ်စုများ

၁။ မက္ကဆီကိုအထက်လွှတ်တော်၏ အုပ်ချုပ်မှုအဖွဲ့တွင် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ၂ ဦး၊ လွှတ်တော်၏ လုပ်ငန်းဆောင်တာများလည်ပတ်နိုင်ရေးကဏ္ဍအသီးသီးကို တာဝန်ယူထားသူ ၁၁ ဦးတို့ပါဝင်ပါသည်။

## ၈။ ပုံရိပ်ယောင်နည်းပညာဖြင့် လုပ်ငန်းလည်ပတ်ခြင်းအား ခွင့်ပြုခြင်း – တရားဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စရပ်များ

မျက်နှာစုံညီအစည်းအဝေးများနှင့် ကော်မတီအစည်းအဝေးများကျင်းပခြင်း၊ လွှတ်တော်၌မဲပေးခြင်း တို့အပါအဝင် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို အဝေးမှနေ၍ ဆောင်ရွက်နိုင်ရေးတို့အတွက် လွှတ်တော်ကိုယ်စားလှယ်များက အဆိုပြုရာတွင်ကြုံတွေ့ရသည့် ကိစ္စတစ်ခုမှာ ယင်းသို့ဆောင်ရွက်ခြင်းသည် ဥပဒေကြောင်းအရ တရားဝင် – မဝင် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်သည် ၎င်းတို့ တစ်ဦးချင်းစီအတွက်သာဖြစ်သည် ဟူသည့်အချက်ကို အခြေခံလျက် နိုင်ငံအများစု၏ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဥပဒေများတွင် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားမဲပေးပိုင်ခွင့်ကို ကန့်သတ်ထားပါသည်။ ယင်းကဲ့သို့ ကိုယ်စား မဲပေးပိုင်ခွင့်ကို မကန့်သတ်ထားပါက ဩဇာကြီးသည့် နိုင်ငံရေးပါတီဝင်များက လွှတ်တော်ရှိ နိုင်ငံရေးပါတီတစ်ခုခု၏ မဲအားလုံးနည်းပါးကို ထိန်းချုပ်ထားနိုင်မည်ဖြစ်ပါသည်။ နေထိုင်မကောင်းသည့် လွှတ်တော်ကိုယ်စားလှယ်များ သို့မဟုတ် မီးဖွားခွင့်ယူထားသည့် လွှတ်တော်ကိုယ်စားလှယ်များ ၎င်းတို့ကျန်းမာရေးကို မျက်ကွယ်ပြု၍ လွှတ်တော်၏လျှို့ဝှက်မဲခွဲမှုများသို့ တက်ရောက်မဲပေးရမည့် အခြေအနေကိုရှောင်ရှားနိုင်ရန်အတွက် ကိုယ်စားမဲပေးခြင်းကို အခြေအနေအချို့အတွက် ခွင့်ပြုပေးနိုင်ရေး ပြီးခဲ့သည့်နှစ်များအတွင်း လွှတ်တော်အချို့ကဆောင်ရွက်လာခဲ့ပါသည်။ ဗြိတိန်အောက်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်အချို့အထူးသဖြင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏စည်းရုံးမှုများကြောင့် မကြာမီမီးဖွားရန်ရှိသည့် သို့မဟုတ် မကြာသေးခင်ကမှ မီးဖွားပြီးသည့် လွှတ် တော်ကိုယ်စားလှယ်များအတွက်ကိုယ်စားမဲပေးနိုင်မည့်စမ်းသပ်စနစ်ကို အောက်လွှတ်တော်က ၂၀၁၉ ခုနှစ်တွင် ချမှတ်ခဲ့ပါသည် (ဗြိတိန်လွှတ်တော် ၂၀၁၉)။

အခြားလွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်အချို့က လာရောက်မဲပေးခြင်းမရှိသည့် ၎င်းတို့လုပ်ဖော်ကိုင်ဖက်တစ်ဦး သို့မဟုတ် ယင်းထက်ပိုသည့် ဦးရေအတွက်ကို မဲဝင်ပေးခြင်းများသည် အငြင်းပွားဖွယ်ရာ ပြဿနာများဖြစ်ခဲ့ပါသည်။ ယင်းကို စန္ဒရားတီးသကဲ့သို့ မဲပေးခြင်းဟုလည်း တင်စားခေါ်ဆိုပါသည် (ဥရောပလွှတ်တော် ၂၀၁၆း၃၅)။ ယူကရိန်းလွှတ်တော်၌ပြီးခဲ့သည့်နှစ်များအတွင်းယင်းကဲ့သို့မဲပေးခြင်းများနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာများဖြစ်ပြီး နောက်ပိုင်း ယင်းကဲ့ သို့မဲပေးခြင်းကို လွှတ်တော်က ပြစ်မှုအဖြစ်သတ်မှတ်ခဲ့ပါသည်။ ယူကရိန်း၌ ယင်းသို့မဲပေးခြင်းမျိုးသည် လူတစ်စုအကျိုးအတွက်မဲဝယ်ခြင်းကဲ့သို့သော အကျင့်ပျက်ချစားမှုများနှင့် ဆက်စပ်ပါသည် (UNIAN ၂၀၁၉)။ ယင်းဖြစ်စဉ်မျိုးသည် ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံများတွင်သာ ဖြစ်ခြင်းမဟုတ်ပါ။ အိုင်ယာလန်အောက်လွှတ်တော် (Dáil Éireann) ၌

၂၀၁၉ ခုနှစ်အတွင်း မဲပေးရာတွင် လာရောက်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ကိုယ်စားလှယ်အချို့က ဝင်ရောက်မဲပေးသည့် ဖြစ်စဉ်များကို တွေ့ရှိခဲ့ရသဖြင့် လွှတ်တော်စာရေးကြီး (Clerk of Parliament) က ဦးဆောင်စစ်ဆေးခဲ့ရပါသည်။ နိုင်ငံရေးပါတီအမျိုးမျိုးမှ လွှတ်တော်ကိုယ်စားလှယ်များသည် အချိန်အတိုင်းအတာတစ်ခုအထိ ယင်းကဲ့သို့မဲပေးခဲ့ကြောင်းတွေ့ရှိခဲ့ရပါသည် (Independent.ie ၂၀၁၉)။

ဖော်ပြပါကဲ့သို့ ကိုယ်စားမဲဝင်ပေးမှုများကြောင့် နိုင်ငံအချို့၌ လွှတ်တော်အစည်းအဝေးများ၊ အထူးသဖြင့် မဲပေးမှုများသို့ လွှတ်တော်ကိုယ်စားလှယ်များ လူကိုယ်တိုင်တက်ရောက်ရန် လွှတ်တော်၏စည်းမျဉ်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများတို့တွင်ထည့်သွင်းပြဋ္ဌာန်းလာကြပါသည်။ လွှတ်တော်လုပ်ထုံးလုပ်နည်းများနှင့် ပင်မဥပဒေများကို လိုအပ်ပါက လျင်လျင်မြန်မြန်ပြင်ဆင်နိုင်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါစာသားများကိုပြင်ဆင်ရန်မှာမူ အချိန်ယူဆောင်ရွက်ရသည့်ကိစ္စဖြစ်ပြီး ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန်ပင်လိုအပ်နိုင်ပါသည်။ အရေးပေါ် ပြည်သူ့ကျန်းမာရေး အန္တရာယ်နှင့်ကြုံတွေ့နေရချိန်တွင် ယင်းသို့ဆောင်ရွက်ရန်မှာ လက်တွေ့မကျနိုင်ပါ။

လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ခြင်းနှင့် မဲပေးခြင်းတို့ကို လွှတ်တော်သို့လာရောက်ရန်မလိုဘဲ အဝေးမှနေ၍ဆောင်ရွက်ရန် လွှတ်တော်များက ခွင့်ပြုလာသည်နှင့်အမျှ ယင်းသို့ အဝေးမှနေ၍ ဆောင်ရွက်ခြင်းသည် လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံပါပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှု ရှိ – မရှိ အငြင်းပွားစရာဖြစ်လာပါသည်။ ပိုလန်အောက်လွှတ်တော် (Polish Sejm) ၏ လုပ်ထုံးလုပ်နည်းများတွင် လွှတ်တော်ကိုယ်စားလှယ်များ အဝေးမှနေ၍လုပ်ငန်းများဆောင်ရွက်ခြင်းကို ခွင့်ပြုထားခြင်းမရှိခဲ့ပါ။ အရေးပေါ်အခြေ အနေကြေညာထားသည့်ကာလတွင် ပုံမှန်ဥပဒေကြောင်းအရ ဆောင်ရွက်ရမှုများကို ဆိုင်းငံ့နိုင်ကြောင်း ပိုလန်ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသော်လည်း ပိုလန်နိုင်ငံ၌ တရားဝင်အရေးပေါ်အခြေအနေ ကြေညာထားခြင်းမရှိပါ။ ပိုလန်လွှတ်တော်အစည်းအဝေးများနှင့်လွှတ်တော်၌ မဲပေးမှုများကို အဝေးမှနေ၍ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်၏လုပ်ထုံးလုပ်နည်းများကို ၂၆-၃-၂၀၂၀ ရက် တွင် ပိုလန်အောက်လွှတ်တော်က မဲခွဲ၍ပြင်ဆင်ခဲ့ပါသည် (Warsaw Business Journal ၂၀၂၀)။

ယူကရိန်းနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်၊ မတ်လနှောင်းပိုင်းတွင် ယူကရိန်းလွှတ်တော် (Verkhovna Rada) အမတ်အနည်းဆုံး ၃ ဦး တွင် ကိုရိုနာပိုင်းရပ်စ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည် (Myroniuk ၂၀၂၀)။ ယင်းနောက် ဧပြီလအစောပိုင်းအထိ လွှတ်တော်ကိုရပ်နားထားရန် ဆုံးဖြတ်ခဲ့ပါသည် (Sorokin ၂၀၂၀ က)။ သို့ရာတွင် လွှတ်တော်က အလွန်အရေးကြီးသည့် ဥပဒေ ၂ ရပ်ကို ချမှတ်နိုင်ရေး ဆွေးနွေးနေချိန်သည် ကိုရိုနာရောဂါဖြစ်ပွားမှုအမြင့်ဆုံးအချိန်နှင့် တိုက်ဆိုင်နေပါသည်။ ယူကရိန်း နိုင်ငံအရှေ့ပိုင်း၌ ရုရှားနိုင်ငံက ကျောထောက်နောက်ခံပြုခဲ့သည့်စစ်ပွဲ၊ နိုင်ငံတွင်းအကျင့်ပျက်ခြစားမှု များနှင့် စီမံခန့်ခွဲမှုအလွဲများကြောင့် ယူကရိန်းနိုင်ငံ၏စီးပွားရေးသည် ယိုယွင်းလျက်ရှိရာ စီးပွားရေးကို ပြန်လည်တည်ဆောက်ရန်အတွက်နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ငွေကြေးအကူအညီကိုလိုအပ်နေပါသည်။ သို့ရာတွင် ဖော်ပြပါ ဥပဒေ ၂ ရပ်ကို အတည်ပြုချမှတ်နိုင်မှသာလျှင် ယင်းငွေကြေးအကူအညီကို ရရှိမည်ဖြစ်ပါသည်။ ယင်းဥပဒေ ၂ ရပ်အနက် တစ်ခုသည် နိုင်ငံ၏အကြီးဆုံး ဘဏ်နှင့်ပတ်သက်နေပြီး ယင်းဘဏ်သည် ချေးငွေများကို ဘဏ်နှင့်ပတ်သက်ရာပတ်သက်ကြောင်းရှိသူများထံ သာမန်ထက်နည်းသည့်အတိုးနှုန်းဖြင့်ချေးထားသဖြင့် နိုင်ငံတော်ပိုင် အသိမ်းခံထားရသည့်ဘဏ်ဖြစ်ပါသည်။ ကျန်ဥပဒေတစ်ခုမှာ ယူကရိန်းသမ္မတ Zelensky က ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲ၌ ကတိပေးခဲ့သည့် ပုဂ္ဂလိကပိုင်လယ်ယာမြေများရောင်းချခြင်းကို ခွင့်ပြုပေးသည့်ဥပဒေ ဖြစ်ပါသည်။ သို့ဖြစ်ရာ ဆွစ်ဇာလန်နိုင်ငံ (အပေါ်တွင်ဖော်ပြထားပါသည်) နှင့် ဗြိတိန်နိုင်ငံတို့ကဲ့

သို့ လွှတ်တော်များကိုရပ်ဆိုင်းရန်မှာ မဖြစ်နိုင်ခဲ့ပါ။ ယင်းဥပဒေ ၂ ရပ်ကို လွှတ်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရေးတွေ့ဆုံရန် သမ္မတ Zelensky က တောင်းဆိုခဲ့ရာ ၃၀ – ၃ – ၂၀၂၀ ရက်တွင် လွှတ်တော်အထူးအစည်းအဝေးတစ်ရပ်ကိုကျင်းပရန် စီစဉ်ခဲ့ပါသည်။

လွှတ်တော်မျက်နှာစုံညီအစည်းအဝေးကို နောက်လာမည့် ရက်ပေါင်း ၆၀ အထိ ဗီဒီယိုကွန်းဖရင့်စနစ်ဖြင့်သာဆောင်ရွက်နိုင်ရေး ဥပဒေမူကြမ်းတစ်ရပ်ကို အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Ruslan Stefanchuk က မတ်လ ၂၀ ရက်နေ့တွင် တင်သွင်းခဲ့ပါသည်။ လွှတ်တော်ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ဥပဒေကို ပြင်ဆင်/ရေးဆွဲရမည့်သူများ နှင့် သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌများကမူ လူကိုယ်တိုင်တက် ရောက်ရမည်ဖြစ်ပါသည်။ မဲပေးချိန်တွင် ဗီဒီယိုကွန်းဖရင့် မှတစ်ဆင့်အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးသို့ရောက်ရှိကြောင်း တစ်ဦးချင်းစီကြေညာရမည် ဖြစ်ပြီး မဲပေးခွင့်ရရှိနိုင်ရေးအတွက် ၎င်းတို့၏တရားဝင်ခန့်အပ်လွှာများကို တင်ပြရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းအပေါ် ဝေဖန်မှုများလည်းရှိပါသည်။ ယင်းကိစ္စအပေါ် ယူရိန်းနိုင်ငံရေး လေ့လာသုံးသပ်သူ Vitalay Bala က မှတ်ချက်ပြုရာတွင် 'ဥပဒေပြုလွှတ်တော်အမတ်များသည် စက်ရုံ၊ အလုပ်ရုံများနှင့် အရေးကြီးလုပ်ငန်းများကို ဆက်လက်လည်ပတ်စေလိုသော်လည်း ၎င်းတို့ကိုယ်တိုင် ကမူ အိမ်မှနေ၍သာ အလုပ်လုပ်လိုကြသည်' ဟု မှတ်ချက်ပြုခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ် Maryna Bardina အနေဖြင့် လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ လူကိုယ်တိုင်တက်ရောက်သည်ကို လိုလားပြီး 'ကိုယ်စားလှယ်များအနေဖြင့်မျက်နှာဖုံးနှင့် ကာကွယ်ရေးဝတ်စုံများဝတ်ဆင်ထားနိုင်ကြောင်း' ဖြင့် သူမ၏အမြင်ကိုပြောကြားခဲ့ပါသည်။ သို့ရာတွင် လွှတ်တော်အစည်းအဝေးများကို အဝေးမှနေ၍ကျင်းပခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆန့်ကျင်သည်ဟု သူမအနေဖြင့်မယူဆပါ။ လူကိုယ်တိုင်တက်ရောက်မဲပေးခြင်း၏အဓိပ္ပာယ်ကို ယူကရိန်းဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ၁၉၉၈ ခုနှစ်တွင် ဖွင့်ဆိုထားပြီးဖြစ်ပြီး ယခုကိစ္စကိုလည်း ဆုံးဖြတ်သတ်မှတ်နိုင်ရေး ယင်းခုံရုံးသို့ လွှဲပြောင်းပေးရန်အရေးကြီးကြောင်း သူမအနေဖြင့်ထင်မြင်ပါသည် (Sorokin ၂၀၂၀ ခ)။

ပုံ ၁၂. မြေယာရောင်းချခြင်းကိုတရားဝင်ခွင့်ပြုနိုင်ရေး ယူကရိန်းလွှတ်တော်ကိုယ်စားလှယ်များက ၃၁–၃–၂၀၂၀ ရက်တွင် မဲပေးနေသည်ကို သမ္မတ Zelensky က ကြည့်ရှုနေစဉ်




*သတင်းရင်းမြစ်* – ယူကရိန်း သမ္မတအိမ်တော်သတင်းပြန်ကြားရေးဌာန, ‹https://www.president.gov.ua/en/news/prezident-zaklikavparlamentariv-pidtrimati-zakonoproekti-ne-60385›.

အထက်ဖော်ပြပါက ဥပဒေ ၂ ရပ်နှင့်ပတ်သက်သည့် လွှတ်တော်အထူးအစည်းအဝေးများကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ နှင့် ၃၁ ရက်များတွင် ကျင်းပခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ လူကိုယ်တိုင် တက်ရောက်ခဲ့ပါသည်။ ယင်းဥပဒေ ၂ ရပ်ကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးအတည်ပြုနိုင်ရေး လွှတ်တော်ကချမှတ်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ မတ်လအကုန်အထိ ကပ်ရောဂါကာလအတွင်း လွှတ်တော်၏ ဆုံးဖြတ်ချက်ချမှုများကို အဝေးမှနေ၍ဆောင်ရွက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခဲ့သည့် နိုင်ငံဟူ၍ ချီလီ နိုင်ငံတစ်နိုင်ငံတည်းသာရှိပါသည်။ ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်ကိုချမှတ်ခဲ့သည့် ၂၄ - ၃ - ၂၀၂၀ ရက်မှစ၍ တစ်နှစ်ပြည့်သည်အထိ သက်တမ်းရှိမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အောက်ဖော်ပြပါ အာတီကယ်ကိုထည့်သွင်းခဲ့ပါသည် -

> ဤနိုင်ငံ၌ မှီတင်းနေထိုင်သူများ၏ ကျန်းမာရေး သို့မဟုတ် ဘဝနေထိုင်မှု သို့မဟုတ် ဒေသတစ်ခု သို့မဟုတ် ယင်းထက်ပိုသည့်ဒေသများအပေါ် ကြီးကြီးမားမားထိခိုက် နိုင်သည့် ဘေးအန္တရာယ်ကျရောက်နေသဖြင့် တည်ဆဲဥပဒေများအတိုင်း ဆောင်ရွက်ရန်လိုအပ်ချက်ကိုဆိုင်းငံ့ကြောင်း သို့မဟုတ် အသွားအလာ အနေအထိုင်ကန့်သတ်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည့်အခါနှင့် ယင်းဘေးအန္တရာယ် တည်ရှိနေဆဲကာလများအတွင်း အောက်လွှတ်တော် (Chamber of Deputies) နှင့် အထက်လွှတ်တော် (Senate)တို့သည် အစည်းအဝေးများကို အပြည့်အစုံဖြစ်စေ တစ်စိတ်တစ်ပိုင်းဖြစ်စေမကျင်းပနိုင်သည့်အခါ ဤပြင်ဆင်ချက်ကိုချမှတ်သည့်အချိန်မှစ၍ နောက်တစ်နှစ်ပြည့်သည့်အချိန်အထိ ၎င်းတို့၏လုပ်ငန်းဆောင်တာများကို တယ်လီကွန်းဆက်သွယ်ရေးများကိုအသုံးပြု၍ ဆောင်ရွက်နိုင်သည်။

ယင်းပြဋ္ဌာန်းချက်ကိုအတည်ပြုနိုင်ရန် သက်ဆိုင်ရာလွှတ်တော်၏ ကိုယ်စားလှယ် အရေအတွက်၏ ၃ ပုံ ၂ ပုံကို ကိုယ်စားပြုသည့်ကော်မတီများ၏ သဘောတူညီချက်ကိုလိုအပ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော် အစည်းအဝေးများကျင်းပခြင်း၊ ဥပဒေမူကြမ်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းတို့အပေါ် မဲပေးခြင်းနှင့် ၎င်းတို့ထံအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာများကိုကျင့်သုံးခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ လွှတ်တော်အတွင်း မဲပေးရာတွင် အသုံးပြုမည့် တယ်လီကွန်းဆက်သွယ်ရေးစနစ်များသည် လွှတ်တော်ကိုယ်စားလှယ်များပေးသည့်မဲများသည် ၎င်းတို့ကိုယ်တိုင်ပေးသည့်မဲများဖြစ်ကြောင်းနှင့် ကိုယ်စားပေးခြင်းမဟုတ်ကြောင်း သေချာမှုရှိစေရန်လိုအပ်သည်။ (Chilean Chamber of Members and Members ၂၀၂၀ [အလွတ်သဘောဘာသာ ပြန်ဆိုချက်])

ချီလီအထက်လွှတ်တော်၊ ပညာရေးနှင့် ယဉ်ကျေးမှုကော်မတီက ဖော်ပြပါပြဌာန်းချက်ကို ပထမဦးဆုံးအသုံးချ၍ အင်တာနက်ကွန်ရက်မှတစ်ဆင့် အစည်းအဝေးတစ်ရပ်ကို မတ်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့ပြီးအစည်းအဝေးတွင် စာသင်ကျောင်းများပိတ်ထားရသည့်အတွက် ကျောင်းသား/ ကျောင်းသူ ၃.၅သန်းကျော်ကို အွန်လိုင်းမှတစ်ဆင့် စာဆက်သင်ပေးနိုင်ရေး ပညာရေးဝန်ကြီးဌာနက အဆိုပြုထားသည့်ကိစ္စနှင့် အမျိုးသားတယ်လီဗေးရှင်းကွန်ရက်အတွက် ညွှန်ကြားရေးမှူး ၂ဦးခန့်အပ်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြပါသည်။ ယင်းအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီး၊ ကော်မတီအဖွဲ့အဝင်အနည်းငယ်နှင့် အရာရှိအနည်းငယ်တို့က လူကိုယ်တိုင်တက်ရောက်ခဲ့ကြပြီး ကျန်ကော်မတီဝင်များက အွန်းလိုင်းမှတစ်ဆင့် ပါဝင်ဆွေးနွေးခဲ့ပါသည် (ချီလီအထက်လွှတ်တော် ၂၀၂၀)။

ပုံ ၁၃. ချီလီအထက်လွှတ်တော်၊ ပညာရေးကော်မတီ၏ အစည်းအဝေးများ



မှတ်ချက်- အပေါ်ပုံသည် ၂၄-၃-၂၀၂၀ ရက်တွင် ချီလီအထက်လွှတ်တော်၊ ပညာရေးကော်မတီကအွန်လိုင်းမှတစ်ဆင့် အစည်းအဝေးကျင်းပနေသည့်ပုံဖြစ်ပြီး အောက်ပုံသည် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ချက်များ အသင့်ဖြစ်-မဖြစ်ကို ကျွမ်းကျင်သူများနှင့် အထက်လွှတ်တော်ကိုယ်စားလှယ်များက ၁၃-၄-၂၀၂၀ ရက်တွင် ဆွေးနွေးနေသည့်ပုံဖြစ်ပါသည်။

*သတင်းရင်းမြစ်* - ချီလီအထက်လွှတ်တော်,‹https://www.senado.cl/›

## ၉။ အကျပ်အတည်းအတွင်း လုပ်ငန်းများလည်ပတ်ခြင်း – လွှတ်တော်များအတွက်ဖြစ်ရပ်သစ်တစ်ခုမဟုတ်ပါ

စစ်ဖြစ်နေသည့်အချိန်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ် သို့မဟုတ် ကပ်ရောဂါကျနေရောက်နေသည့်အချိန်ဖြစ်စေ ကျပ်တည်းသည့်ကာလအတွင်း လွှတ်တော်များအနေဖြင့် ဆက်လက်လည်ပတ်ရလေ့ရှိပါသည်။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်ကာလအတွင်း ၁၉၄၁ ခုနှစ်၊ မေ ၁၀ – ၁၁ ရက်၊ ညအချိန်များ တွင် ဗြိတိန်အောက်လွှတ်တော်ဆောင်သည် ဗုံးဒဏ်ကြောင့်ပျက်ဆီးခဲ့သော်လည်း ဗြိတိန်လွှတ်တော်သည် ရပ်ဆိုင်းမှုမရှိဘဲ ဆက်လက်လည်ပတ်ခဲ့ပါသည်။ ဗုံးဒဏ်သင့်ချိန်မှစ၍ အောက်လွှတ်တော် ဆောင်ပြန်လည်ပြင်ဆင်ပြီးသည့် ၁၉၅၀ ပြည့်နှစ်အထိ အောက်လွှတ်တော်သည် အထက်လွှတ်တော်က အသုံးပြုလေ့ရှိသည့်အဆောင်၌ အစည်းအဝေးများကျင်းပခဲ့ရပြီး အထက်လွှတ်တော်သည် ယခင် လွှတ်တော်အဝတ်လဲခန်းကို အသုံးပြုခဲ့ရပါသည် (ဗြိတိန်လွှတ်တော်၊ ရက်စွဲမပါရှိပါ)။

လွှတ်တော်တစ်ချို့သည် ၎င်းတို့တည်ရှိရာနိုင်ငံများ ကျူးကျော်သိမ်းပိုက်ခြင်းခံရသည့်အချိန်တွင် နှစ်အတော်ကြာ ပြည်ပမှနေ၍ လုပ်ငန်းများဆောင်ရွက်ရသည့်ဖြစ်စဉ်များလည်း ရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက တိဘက်ကို ၁၉၅၀ခုနှစ်တွင် သိမ်းပိုက်ခဲ့ချိန်မှစ၍ တိဘက်လွှတ်တော် (Parliament of the Central Tibetan Administration) ကို အိန္ဒိယနိုင်ငံ၊ ဒရမ်ရှားလားမြို့၌ထား ရှိပါသည် (ပြည်ပရောက်တိဘက်လွှတ်တော် ၂၀၁၉ က)။ ယင်းလွှတ်တော်တွင် အဖွဲ့ဝင် ၄၅ ဦးပါဝင်ပြီး လွှတ်တော်အဖွဲ့ဝင်များကို ပြည်ပြေးအဖြစ် နိုင်ငံရပ်ခြားတွင်နေထိုင်နေသည့် တိဘက်လူမျိုးများက ၎င်းတို့၏မူရင်းဒေသများအလိုက် ဒီမိုကရေစီနည်းကျရွေးချယ်ပါသည်။ ထို့အပြင် လွှတ်တော်တွင် တိဘက်ဗုဒ္ဓဘာသာဂိုဏ်းအမျိုးမျိုး၊ ဥရောပ၊ ဩစတြေးလျနှင့် မြောက်အမေရိကတို့ရှိ တိဘက်အသိုင်းအဝိုင်းများကို ကိုယ်စားပြုသည့်ကိုယ်စားလှယ်များလည်းပါဝင်ပါသည် (ပြည်ပရောက် တိဘက်လွှတ်တော် ၂၀၁၉ ခ)။ ၂၀၁၁ ခုနှစ်မှစ၍တိဘက်လွှတ်တော်သို့ ပါတီပေါင်းစုံက ဝင်အရွေးခံမှုများရှိပါသည် (Lundsgaard ၂၀၁၁)။ တိဘက်လွှတ်တော်ကိုယ်စားလှယ်များသည် တိဘက်လူမျိုးများ၏အကျိုးကိုကိုယ်စားပြုနိုင်ရန်အတွက် တိဘက်ဒေသရှိတိဘက်အသိုင်းအဝိုင်းများနှင့် ထိတွေ့နိုင်ရန်ကြိုးပမ်းနေသော်လည်း လက်တွေ့တွင်မူ ပြည်ပရောက်တိဘက်လွှတ်တော်၏ တိဘက်ဒေသ အပေါ်လွှမ်းမိုးနိုင်မှုသည် အကန့်အသတ်ရှိပါသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ဆိုဗီယက်ပြည်ထောင်စုက ဘော့လတစ်ဒေသရှိ သမ္မတနိုင်ငံများဖြစ်သည့် အက်စတိုးနီးယားနိုင်ငံ၊ လက်တ်ဗီးယားနိုင်ငံနှင့် လစ်သူရေးနီးယားနိုင်ငံတို့ကို သိမ်းပိုက်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင်ဆိုဗီယက်ပြည်ထောင်စုမပြိုကွဲမီ၎င်းတို့နိုင်ငံလွတ်လပ်ရေးရသည့်အချိန်အထိ ယင်း ၃ နိုင်ငံ

မှ ပြည်ပြေးအစိုးရအဖွဲ့ဝင်များက ၎င်းတို့၏ လွှတ်တော်များအပါအဝင် အစိုးရအဖွဲ့အစည်းများ ဆက်လက်တည်ရှိရေးကြိုးပမ်းခဲ့ပါသည်။ ယင်း၃နိုင်ငံအနက် ၁၉၉၀ ပြည့်နှစ်တွင်လစ်သူရေးနီးယားနိုင်ငံလွတ်လပ်ရေးရသည့်အချိန်နှင့် လစ်သူရေးနီးယားလွှတ်တော် (Seimas) ကို လစ်သူရေးနီးယားနိုင်ငံမြို့တော် ဗေးလ်နီးရက်စ်၌ ပြန်လည်တည်ထောင်ပြီးသည့်အချိန်အထိ လစ်သူရေးနီးယားနိုင်ငံလွတ်မြောက်ရေးကော်မတီက လစ်သူရေးနီးယားလွှတ်တော်ကို ကိုယ်စားပြုကြောင်းရပ်တည်လျက် ပြည်ပြေးလစ်သူရေးနီးယားအစိုးရနှင့် လွှတ်တော်အဖြစ် ဆောင်ရွက်ခဲ့ပါ သည် (Blaževičius ၂၀၀၄)။

၁၉၁၈ ခုနှစ်တွင် စတင်ခဲ့သည့် စပိန်တုပ်ကွေးကပ်ရောဂါကာလအတွင်း နိုင်ငံအများစု၌ ဒီမိုကရက်တစ်လွှတ်တော်များကို ရပ်ဆိုင်းခဲ့ခြင်းမရှိပါ။ နယူးဇီလန်လွှတ်တော်နှင့် ဩစတြေးလျလွှတ်တော်တို့က ဖော်ပြထားရာတွင် ယင်းအချိန်ကာလများ၌ ၎င်းတို့လွှတ်တော်များသည် ရပ်ဆိုင်းခဲ့ခြင်းမရှိဘဲ လုပ်ငန်းများကိုဆက်လက်ဆောင်ရွက်ခဲ့ကြောင်း ပါဝင်ပါသည်။ (Van Onselen ၂၀၂၀)။ သို့ရာတွင် ကပ်ရောဂါကာလအတွင်း ယင်းလွှတ်တော်များအတွင်းလုံခြုံမှုရှိစေရေး ဆောင်ရွက် ကောင်းဆောင်ရွက်ခဲ့နိုင်သည့် အထူးအစီအစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ မရှိ ပါ။

စပိန်တုပ်ကွေးကပ်ရောဂါကာလအတွင်း ဗြိတိန်လွှတ်တော်သည်လည်း ဆက်လက်လည်ပတ်ခဲ့ပြီး ကပ်ရောဂါပြန့်ပွားမှုကို တိုက်ဖျက်ရေး အစိုးရ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အစိုးရကို မေးခွန်းများမေးမြန်းခဲ့ပါသည်။ ယင်းအချိန်ကမေးမြန်းခဲ့သည့်မေးခွန်းများသည် ၂၀၁၉ – ၂၀၂၀ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကာလအတွင်း မေးခဲ့သည့်မေးခွန်းများနှင့် အလားသဏ္ဍာန်တူပါသည်။ ဥပမာအားဖြင့် စစ်တန်းလျားများ၌ရောဂါဖြစ်ပွားမှုအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်ရေး ဆောင်ရွက်ထားသည်များကို သိလိုကြောင်းနှင့်ရောဂါပြန့်ပွားမှုနှုန်းကိုလျှော့ချနိုင်ရေး စာသင်ကျောင်းများကို ပိတ်ရန်သင့် – မသင့်တို့ နှင့်ပတ်သက်၍ဖြစ်ပါသည်။

> မစ္စတာ Rowntree က ပညာရေးဘုတ်အဖွဲ့ဥက္ကဋ္ဌကို မေးမြန်းရာတွင် တုပ်ကွေးရောဂါပျံ့နေသည့်အတွက် စာသင်ကျောင်းများ၌ ရောဂါဖြစ်သည်နှင့်တစ်ပြိုင်နက်ကျောင်းများကိုပိတ်ရန် သင့်လျော်မှုရှိ – မရှိအပေါ် ပညာရေးဘုတ်အဖွဲ့ ကျန်းမာရေးဌာန၏အမြင်ကို ပညာရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌက ပြောကြားနိုင်ခြင်း ရှိ – မရှိ၊ ကလေးသူငယ်များမှတစ်ဆင့်ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်ရေး ဆောင်ရွက်ရန်အချက်များကို ထုတ်ပြန်ရန်သင့်ကြောင်းဘုတ်အဖွဲ့ဥက္ကဋ္ဌအနေဖြင့်ယူဆခြင်း ရှိ – မရှိတို့နှင့်ပတ်သက်၍ မေးမြန်းခဲ့ပါသည်။ (Hansard ၁၉၁၈)

စပိန်တုပ်ကွေးကပ်ရောဂါကာလအတွင်း အမေရိကန်လွှတ်တော်၏ဆောင်ရွက်ချက်များသည်လည်း ရာစုနှစ်တစ်ခုကြာပြီးနောက်ဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် တူညီမှုရှိပါသည်။ ၁၉၁၈ ခုနှစ်၊ နောက်ဆုံး လေးလအတွင်းစပိန်တုပ်ကွေးကပ်ရောဂါဖြစ်ပွားမှုအမြင့်ဆုံးအချိန်တွင်လွှတ်တော်သည်ဆက်လက်လည်ပတ်နေခဲ့ပါသည်။ သို့ရာတွင် ရောဂါပြန့်ပွားမှုလျှော့ချနိုင်မည့်နည်းလမ်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ဥပမာအားဖြင့် အောက်လွှတ်တော်၏ကြားနာမှုများကို ပြည်သူများတက်ရောက် လေ့လာခွင့်ကို အောက်လွှတ်တော်က ပိတ်သိမ်းခဲ့ပြီး ယင်းသို့ ပိတ်သိမ်းမည်ဖြစ်ကြောင်းကိုလည်း ပိတ်သိမ်းပြီးမှသာ မဲခွဲအတည်ပြုခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ် အများအပြား ရောဂါကူးစက်ခံခဲ့ရပြီး လွှတ်တော်အစည်းအဝေးများကိုလည်း တတ်နိုင်သမျှအနည်းဆုံးဖြစ်စေရန်စီစဉ်ခဲ့ပါသည်။

### ပုံ ၁၄. ၁၉၁၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် စပိန်တုပ်ကွေးကပ်ရောဂါ



*သတင်းရင်းမြစ်* – အမျိုးသားမော်ကွန်းတိုက် ‹https://catalog.archives.gov/id/45499339›, ၂၀-၄-၂၀၂၀ ရက်တွင်ဖော်ပြပါ အင်တာနက်စာမျက်နှာမှရယူထားခြင်းဖြစ်ပါသည်။

မှတ်ချက် – တုပ်ကွေးကပ်ရောဂါကာလအတွင်း အမေရိကန်ကြက်ခြေနီ၊ ဆီရက်တဲလ်မြို့အဖွဲ့က ပြုလုပ်ပေးသည့်မျက်နှာဖုံးများကို ဝါရှင်တန်ပြည်နယ်၊ ဆီရက်တဲလ်မြို့ရှိ ရဲတပ်ဖွဲ့ဝင်များဝတ်ဆင်ထားပုံ။

ယင်းအချိန်ကြုံတွေ့နေသည့်ကပ်ဘေးနှင့် အနာဂတ်ကပ်ဘေးများတွင် ဝန်နှင့်အင်အားမမျှသည့် ဆရာဝန်များကိုကူညီရန်အတွက် စစ်ဘက်ဆိုင်ရာဆေးဝန်ထမ်းများကို နိုင်ငံတစ်ဝှမ်းသို့ စေလွှတ်နိုင်ရေး ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုတပ်ဖွဲ့ကို တည်ထောင်နိုင်ရေးအတွက် ၁၄ – ၁၀ – ၁၉၁၈ ရက်တွင် အောက်လွှတ်တော်အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပါသည်။ အစည်းအဝေးထမြောက်ရန်အနည်းဆုံးရှိရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ပြည့်မီခြင်း ရှိ – မရှိ စိစစ်ပေး ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တောင်းဆိုမှုအရ စိစစ်ခဲ့ရာတွင် အနည်းဆုံးလိုအပ်သည့် ကိုယ်စားလှယ်ဦးရေ ၂၅၁ ဦးကို မပြည့်မီသဖြင့် ယင်းအစီအစဉ်သည် ကနဦးတွင် မအောင်မြင်ခဲ့ပါ။ သို့ရာတွင် အနည်းဆုံးရှိရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ကို မစိစစ်ဘဲ ယင်းအစီအစဉ်ကို နောက်တစ်နေ့တွင် ပြန်လည်စဉ်းစားရန် လွှတ်တော်ကိုယ်စားလှယ်များအကြား အလွတ်သဘောတူညီမှုရယူခဲ့ပါသည်။ သတ်မှတ်ကိုယ်စားလှယ်အရေအတွက်မပြည့်မီကြောင်း အောက်လွှတ်တော် ကိုယ်စားလှယ်အချို့က ထောက်ပြမှုများရှိသော်လည်း ယင်းအစီအစဉ်ကိုချမှတ်နိုင်ရေးလွှတ်တော် ကိုယ်စားလှယ်ဦးရေ ၅၀ အောက် တက်ရောက်ခဲ့ပြီး ကန့်ကွက်သူမရှိအတည်ပြုနိုင်ခဲ့ပါသည် (အမေရိကန်အောက်လွှတ်တော် ၁၉၁၈)။

## ၁၀။ အတိတ်ကအကျပ်အတည်းများထံမှ သင်ခန်းစာယူခြင်း – လွှတ်တော်များ၏ အရေးပါသောအခန်းကဏ္ဍ

အစိုးရအများစုနှင့် လွှတ်တော်အများစု၏ အားနည်းချက်တစ်ခုသည် ယခင်ကဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များမှ သင်ခန်းစာများရယူ၍ လက်ရှိဖြစ်နေသည့် သို့မဟုတ် နောင်ဖြစ်လာမည့် ဘေးအန္တရာယ်များတွင် ပြန်လည်အသုံးချနိုင်ရန်ခက်ခဲခြင်းဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ဆားစ် (SARS) ကပ်ရောဂါကာလအတွင်း ထိရောက်သည့်ရောဂါထိန်းချုပ်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သုတေသနတစ်ခုတွင် အောက်ပါအတိုင်းမှတ်ချက်ပြုထားပါသည် –

> ရောဂါကို အလျင်အမြန်စစ်ဆေးနိုင်မည့်နည်းလမ်းများ၊ ကာကွယ်ဆေးနှင့် ထိထိရောက်ရောက်ကုသနိုင်သည့်နည်းလမ်းများမရှိသော်လည်းပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်နိုင်ရန်နှင့် ရောဂါကူးစက်မှုကိုထိန်းချုပ်နိုင်ရန် အခြေခံဆောင်ရွက်ချက်များဖြစ်သည့် ရောဂါပင် ရင်းကိုထိန်းချုပ်ခြင်း၊ လူနာများကိုစီမံခန့်ခွဲခြင်း၊ ရောဂါကူးစက်မှုကိုစုံစမ်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနေရာများ၌ ရောဂါကူးစက်မှုကို ထိန်းချုပ်ခြင်းနှင့် နေရာဒေသအလိုက်ရောဂါ ထိန်းချုပ်နိုင်ရန်ဆောင်ရွက်ခြင်းတို့ကို စနစ်တကျလိုက်နာခြင်းကြောင့်တစ်စနှင့်တစ်စပြန့်ပွားနေသည့်ကပ်ရောဂါကို လေးလအတွင်းတစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ထိန်းချုပ်နိုင်ခဲ့ပါသည်။ (Weinstein ၂၀၀၄း၂၃၃၄)

၂၀၁၉–၂၀၂၀ တွင်ဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအပေါ် အစိုးရများက မတူညီကွဲပြားသည့် နည်းအမျိုးမျိုးဖြင့်တုံ့ပြန်နေခြင်းကို ကြည့်ခြင်းအားဖြင့် ဆားစ်ကပ်ရောဂါမှ သင်ခန်းစာများယူနိုင်ခြင်းမရှိ သို့မဟုတ် ဆုံးဖြတ်ချက်ချသူများအနေဖြင့် ၎င်းတို့၏ဆုံးဖြတ်ချက်များချမှတ်ရာတွင် ယခင်အတွေ့အကြုံများအပေါ်အခြေခံထားခြင်းမရှိဟု ယူဆနိုင်ပါသည်။ သို့ရာတွင် တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဟောင်ကောင်တို့ကဲ့သို့ အစောပိုင်းဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုများကို ထိထိရောက်ရောက်ထိန်းချုပ်နိုင်ခဲ့သည့်ဒေသများကို ပြန်လည်သုံးသပ်ရာတွင် ယင်းဒေသများသည်ဖော်ပြပါရောဂါထိန်းချုပ်ရေးနည်းလမ်းများကို လိုက်နာခဲ့ကြောင်း ယူဆရပါသည်။

ဘေးအန္တရာယ်များ ကြုံလာရသည့်အချိန်တွင်ကျွမ်းကျင်သူများ၏ အကြံဉာဏ်များအတိုင်း ဆောင်ရွက်လေ့ရှိသော်လည်း ရှုပ်ထွေးသည့် ဘေးအန္တရာယ်တစ်ခုနှင့်ပတ်သက်၍ ကျွမ်းကျင်သူများ၏ အကြံဉာဏ်သည် အမျိုးမျိုးဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ အထူးသဖြင့် ကိုရိုနာဗိုင်းရပ်စ်ကဲ့သို့သော ယခင်ကကြုံခဲ့ဘူးခြင်းမရှိသည့် အန္တရာယ်တစ်ခုအပေါ် တုံ့ပြန်ဆောင်ရွက်ရမည့်အချိန်မျိုး တွင် ပိုသတိထားသင့်ပါသည်။ ထို့အပြင် သိပ္ပံပညာနယ်ပယ်မှ လူများသည်လည်း အလားတူဖြစ်စဉ် များတွေ့ ကြုံရပါသည်။ ၂၀ ရာစု ဇီဝဗေဒနှင့် ဒသနိကဗေဒပညာရှင်Ludwik Fleck[၁]က သိပ္ပံနည်းကျ ဖြင့်ပြဿနာတစ်ရပ် (ရောဂါ) ကို ချဉ်းကပ်ရာတွင် အောင်မြင်နိုင်မှုအလားအလာသည် ယင်းချဉ်းကပ်ပုံ၏ ထိရောက်မှုအစွမ်းထက် ယင်းချဉ်းပုံကိုလက်ခံသည့် သိပ္ပံပညာရှင်များ၏ စုစည်းမှုအပေါ်တွင် မူတည်ကြောင်း မှတ်ချက်ပြုခဲ့ပါသည် (Fleck ၂၀၁၂)။

ထို့ကြောင့် ကပ်ရောဂါအပေါ် အကောင်းဆုံးတုံ့ပြန်နိုင်မည့်နည်းကဲ့သို့သော သိပ္ပံနည်းတကျ ဖြေရှင်းရမည့်ရှုပ်ထွေးသည့် ပြဿနာများနှင့် ပတ်သက်၍ အယူအဆအမျိုးမျိုးအပေါ် ချင့်ချိန်စဉ်းစားနိုင်ရန်အတွက် ယင်းအယူအဆများကိုအများပြည်သူသိရှိရေးဆောင်ရွက်ပေးရန် အရေးကြီးပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် သတင်းအမှားများ၊ မမှန်ကန်သည့်အယူအဆများကို ထောက်ခံ၍ ဆောင်ရွက်ခြင်းမဟုတ်ပါ။ အစိုးရ၏အစီအစဉ်များ၊ ဆောင်ရွက်ချက်များကို စောင့်ကြပ်ကြည့်ရှုနိုင်သည့် လွှတ်တော်များသည် ဖော်ပြပါကဲ့သို့သော အယူအဆအမျိုးမျိုးအပေါ် စနစ်တကျငြင်းခုံဆွေး နွေးနိုင်ပြီး အစိုးရအပေါ်စည်းနှောင်မှုရှိသည့်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည့်နေရာဖြစ်ပါသည်။

### ကနေဒါ – ကပ်ရောဂါနှင့်ပတ်သက်သည့် အစီအစဉ်များ၏ထိရောက်မှု

ပြီးခဲ့သည့်ကပ်ရောဂါအတွင်း ဆောင်ရွက်ခဲ့သည့်အစီအစဉ်များ၏ထိရောက်မှုကို ပြန်လည်သုံးသပ်၍ နောင်ကြုံတွေ့ရသည့်ကပ်ရောဂါကို ပိုမိုကောင်းမွန်သည့်နည်းလမ်းများဖြင့်တုံ့ပြန်ခဲ့သည့်နိုင်ငံကို ဥပမာပေးရမည် ဆိုပါက ကနေဒါနိုင်ငံဖြစ်ပါသည်။ ၂၀၀၃– ၂၀၀၄ ခုနှစ်များတွင် ဆားစ်ကပ်ရောဂါဖြစ်ပွားခဲ့သဖြင့် တုပ်ကွေးကပ် ရောဂါအပေါ် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်တစ်ရပ်ကို ကနေဒါအစိုးရက ၂၀၀၄ ခုနှစ်တွင်ချမှတ်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ကနေဒါသည် H1N1 တုပ်ကွေးကပ်ရောဂါကို ကြုံတွေ့ခဲ့ရပါသည်။ ယင်းရောဂါအပြီး ဖော်ပြပါ အစီအစဉ်၏ထိရောက်မှုကို ကနေဒါအထက်လွှတ်တော်ကစစ်ဆေးခဲ့ပြီး အစီရင်ခံစာကို ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီအစဉ်သည် ရောဂါ၏သက်ရောက်မှုများကို လျော့ကျစေခဲ့ပြီး ကနေဒါ၏ တုံ့ပြန်ဆောင်ရွက်ချက်သည် အောင်မြင်မှုရှိကြောင်း ကနေဒါအထက်လွှတ်တော်က တွေ့ရှိခဲ့ပါသည်။ သို့ရာတွင် H1N1 ရောဂါသည် ယခုထက် ကူးစက်နှုန်းပိုမြင့်ခဲ့မည်ဆိုပါက နှင့်/သို့မဟုတ် လူဦးရေအတော်များများ ကူးစက်ခံခဲ့ရမည်ဆိုပါက ကနေဒါ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် ဝန်ပိခဲ့နိုင် ကြောင်း အစီရင်ခံစာတွင် သုံးသပ်ထားပါသည် (Norris ၂၀၁၀)။

**မှတ်စုများ**

၁။ နာဇီများက Fleck ကို လုဒ်ဗရှူးဂျူးအကျဉ်းစခန်း (လက်ရှိတွင် ယူကရိန်းနိုင်ငံ၌ရှိပါသည်) သို့ပို့ဆောင်ခဲ့သော်လည်း ၎င်းသည် တိုက်ဖွိုက်ရောဂါကုသရေးအတွက် များစွာပါဝင်ဆောင်ရွက်ပေးခဲ့ပါသည်။ အသေးစိတ်ကို Weisz and Grzybowski (၂၀၁၁)၏စာအုပ်တွင်ကြည့်နိုင်ပါသည်။

# ၁၁။ လွှတ်တော်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း

ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာသဘောတူညီချက်များနှင့် မူဘောင်များစွာရှိပြီး ၎င်းတို့အနက်မှ အထင်ကရတစ်ခုမှာ အောက်တွင်ဖော်ပြထားသည့် ကုလသမဂ္ဂ၏ ဆန်ဒိုင်းမူဘောင်ဖြစ်ပါသည်။ ယင်းမူဘောင်သည် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များထက် မြေငလျင်များ၊ ဆိုက်ကလုန်းမုန်တိုင်း များနှင့် ဆူနာမီများကဲ့သို့သောသဘာဝဘေးအန္တရာယ်များကို ဖြေရှင်းရန် ရေးဆွဲထားခြင်းဖြစ်ပါသည်။ သို့ရာတွင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ တာဝန်ရှိသည့်ကုလသမဂ္ဂအေဂျင်စီတစ်ခုဖြစ်သည့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာကုလသမဂ္ဂရုံး (UNDRR) က ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါအပါအဝင် ကပ်ရောဂါဘေးအန္တရာယ်များအပေါ် ပြီးခဲ့သည့် နှစ်များအတွင်း ပိုအာရုံစိုက်လာ ပါသည်။ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ မဟာဗျူဟာများကို အမျိုးသားအဆင့် ချမှတ်ပြီးပါက ယင်းမဟာဗျူဟာများကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရေး အသင့်ဖြစ်စေရန်နှင့် ဖြစ်လာနိုင်သည့် အခြေအနေအရပ်ရပ်နှင့်ပတ်သက်၍ ခက်ခဲသည့် မေးခွန်းများအတွက် အစိုးရ၌အဖြေရှိစေရေးတို့အတွက် ကြီးကြပ်စောင့်ကြည့်ရန် လွှတ်တော်များတွင် တာဝန်ရှိပါသည်။

### သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာဆန်ဒိုင်းမူဘောင်

၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့သည့် ဆန်ဒိုင်းမူဘောင် (ကုလသမဂ္ဂ ၂၀၁၅) သည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အများသဘောတူနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်မည့် ဥပဒေအရစည်းနှောင်မှုမရှိသည့် ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက် တစ်ခုဖြစ်ပါသည်။ ယင်းမူဘောင်၏ရည်မှန်းချက်သည် လက်ရှိဘေးအန္တရာယ်များကိုလျှော့ချရန်နှင့် ဘေးအန္တရာယ်အသစ်များပေါ်ထွက်လာခြင်းမှ ကာကွယ်ရန်ဖြစ်ပါသည်။ UNDRR က ညှိနှိုင်းဆောင်ရွက်ပေးသည့် ယင်းမူဘောင်သည် ဘေးအန္တရာယ်များအတွက်ကြိုတင်စီမံရန်နှင့် ၎င်းတို့ကို ဖြေရှင်းရန်မူဘောင်တစ်ခုဖြစ်ပါသည်ဆန်းဒိုင်းမူဘောင်သည် အခြေခံမူဝါဒ ၄ ခုအပေါ် အခြေခံထားပါသည်။ ၎င်းတို့မှာ (က) ဘေးအန္တရာယ်များကိုနားလည်ရန်၊ (ခ) ဘေးအန္တရာယ်စီမံခန့်ခွဲရေးအတွက် ဘေးအန္တရာယ်များနှင့် ပတ်သက်သည့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကိုအားကောင်းလာစေရန်၊ (ဂ) ဘေးအန္တရာယ်များကြောင့်ဆုံးရှုံးမှုများမှပြန်လည်နာလန်ထူနိုင်ရေး ဘေးအန္တရာယ်လျော့ချရေးအတွက် ရင်းနှီးမြှုပ်နှံရန်၊ (ဃ) ထိထိ

## သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာဆန်ဒိုင်းမူဘောင် (အဆက်)

ရောက်ရောက်တုံ့ပြန်နိုင်ရေးဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို မြှင့်တင်ရန် (ကုလသမဂ္ဂ ၂၀၁၅း၁၄) တို့ဖြစ်ပါသည်။ လွှတ်တော်များသည် ဘေးအန္တရာယ်လျော့ချရေးနှင့်ပတ်သက်၍ အရေးကြီးသည့်ကဏ္ဍမှ ပါဝင်ပါသည်။ ဆန်ဒိုင်း မူဘောင်အရလွှတ်တော်များသည်အောက်ဖော်ပြပါတိုကိုဆောင်ရွက်သင့်ပါသည်–

- သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဥပဒေများကို ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းနှင့် မဲဆန္ဒပြုခြင်းများကို ဆောင်ရွက်ခြင်း
- သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့အတွက် ဘဏ္ဍာငွေချထားပေးနိုင်ရန် ဆောင်ရွက်ခြင်း
- အစိုးရ၏သဘာဝဘေးအန္တရာယ်စီမံမှုအပေါ် ပြည်သူများပါဝင်ဆွေးနွေး စေရေးနှင့် ယင်းပြည်သူများ၏ အမြင်များကိုစိစစ်ရေး
- သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာကိစ္စများတွင် အကောင်းဆုံး လုပ်ထုံးလုပ်နည်းများရှိစေရေးနှင့်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုတို့ကို ကြီးကြပ်နိုင်ရေးတို့အတွက် နိုင်ငံတကာ၏ ဆောင်ရွက်ချက် များကို နိုင်ငံတကာလွှတ်တော်များဆိုင်ရာသမဂ္ဂမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ခြင်း

မြေငလျင်များ၊ ရေကြီးမှုများ၊ လေဆင်နှာမောင်းများနှင့် ဆိုက်ကလုန်းမုန်တိုင်းများတို့ကဲ့သို့သော သဘာဝဘေးအန္တရာယ်ကိုသာ ဦးတည်သည့် UNDRR သည် ၂၀၀၉ ခုနှစ်၊ ဝက်တုပ်ကွေးရောဂါ (UN ISDR ၂၀၀၉း၃၇–၃၈) နှင့် ၂၀၁၄–၂၀၁၆ ခုနှစ်များ တွင်ဖြစ်ပွားခဲ့သည့် အီဘိုလာရောဂါနှင့် ဇီကာရောဂါများအပါအဝင် ကူးစက်ရောဂါများနှင့် ပတ်သက်၍လည်း ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း ပိုမိုအာရုံစိုက်လာပါသည်။ UNDRR က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့်ပူးပေါင်း၍ ၂၀၁၅ခုနှစ်တွင် သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်အတွက် ကျန်းမာရေးဆိုင်ရာရှုထောင့်များကို အကောင်အထည်ဖော်ရေး နိုင်ငံတကာညီလာခံ ၂၀၁၅–၂၀၃၀ ကိုကျင်းပခဲ့ပါသည်။ ထိုင်းအစိုးရကအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ယင်းညီလာခံသည် သဘာဝဘေးအန္တရာယ်များ၏ ကျန်းမာရေးဆိုင်ရာနောက်ဆက်တွဲပြဿနာများနှင့် ကပ်ရောဂါအန္တရာယ်များကို အဓိကထား ဆွေးနွေးခဲ့ပါသည်။ ဘန်ကောက်မြို့၌ကျင်းပခဲ့သည့် ယင်းအစည်းအဝေး၏ဆုံးဖြတ်ချက်များအနက် တစ်ခုမှာ 'ကူးစက်ရောဂါ၊ ကပ်ရောဂါနှင့် လူ၊ တိရစ္ဆာန်တို့၏ ဂေဟာစနစ်အတွင်းတည်ရှိသည့် ရောဂါများအပါအဝင် ဇီဝဘေးအန္တရာယ်များကို ဘက်ပေါင်းစုံလွှမ်းခြုံမှုရှိသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုသို့ချိတ်ဆက်နိုင်ရေး မြှင့်တင်ဆောင်ရွက်ရန်' ဖြစ်ပါသည် (UNDRR ၂၀၁၆)။
ကပ်ရောဂါများကိုစီမံခန့်ခွဲရေးနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းသည် WHO ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် အီဘိုလာကူးစက်ရောဂါအပေါ် နိုင်ငံတကာမှ တုံ့ပြန်မှုများကို ဗြိတိန်လွှတ်တော်က သုံးသပ်ရာတွင် WHO အနေဖြင့် ဆောလျင်စွာ ဦးဆောင်မှုမပေးနိုင်ခဲ့ကြောင်းနှင့် 'နိုင်ငံတကာ အရေးပေါ် ပြည်သူ့ကျန်းမာရေးကိစ္စများအပေါ် တုံ့ပြန်နိုင်ရေး အပြည့်အဝလည်ပတ်နိုင်သည့် ကြိုတင်သတိပေးမှုစနစ်ရှိရမည်ဖြစ်ကြောင်း' မှတ်ချက်ပြုခဲ့ပါသည် (ဗြိတိန်လွှတ်တော် ၂၀၁၆)[၁]။

ဆန်ဒိုင်းမူဘောင်သည် ဥပဒေအရစည်းနှောင်မှုမရှိသဖြင့် နိုင်ငံများအနေဖြင့် မူဘောင်နှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်မည်ကိုရွေးချယ်နိုင်ပါသည်။ ဆန်ဒိုင်းမူဘောင်ကိုအမှန်တကယ် လိုက်နာအကောင်အထည်ဖော်သည့် နိုင်ငံများသည် သဘာဝဘေးအန္တရာယ်ကို မကြာခဏကြုံတွေ့နေရသည့်နိုင်ငံများ ဖြစ်ပါသည်။ ယင်းအနက်မှဂျပန်နိုင်ငံသည်မူဘောင်အတွက်ငွေကြေးထည့်ဝင်သည့်အပြင် ဦးဆောင်သည့်ကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့်ရာသီဥတုပြောင်းလဲမှုဒဏ်ကို မကြာခဏကြုံတွေ့နေရသည့် ပစိဖိတ်ကျွန်းစုနိုင်ငံများက သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိရာတွင် ယင်းနိုင်ငံများရှိ လွှတ်တော်များလည်း ပါဝင်ပါသည်။

ဆိုက်ကလုန်းများ (ဟာရီကိန်း)၊ ဆူနာမီများ၊ မြေငလျင်များအပါအဝင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို တွေ့ကြုံနေရသည့် ဖီဂျီနိုင်ငံသည် အမြဲတစေမွမ်းမံလျက်ရှိသည့်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တစ်ရပ်ကိုထားရှိပြီး (ဥပမာအတွက် ဖီဂျီအစိုးရ ၂၀၁၇ ကိုကြည့်ပါ) UNDRR ကို ယင်းအစီအစဉ်အပေါ် ပြန်လည်စိစစ်စေပါသည်။ ဖီဂျီလွှတ်တော်က သက်ဆိုင်ရာတာဝန်ရှိ အစိုးရအဖွဲ့ဝင်ဝန်ကြီးကို စိစစ်မေးမြန်းခြင်းအပါအဝင် အစိုးရ၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအပေါ် တင်းတင်းကြပ်ကြပ်ကြီးကြပ်လျက် ရှိပါသည်။ ဖီဂျီလွှတ်တော်က သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ တာဝန်ရှိသည့် ဝန်ကြီး Jone Usamate ကိုင်း၏ဝန်ကြီးဌာနကပြင်ဆင်ထားရှိမှုများနှင့်ပတ်သက်၍လွှတ်တော်သို့ ၅-၉-၂၀၁၉ ရက်တွင် လာရောက်ရှင်းလင်းစေခဲ့ပြီး ၎င်းကို လွှတ်တော်ကိုယ်စားလှယ်များက စေ့စေ့ပေါက်ပေါက် မေးမြန်းစိစစ်ခဲ့ကြပါသည် (ဖီဂျီလွှတ်တော် ၂၀၁၉)။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုကြောင့် အခြားလွှတ်တော်များကလည်း အလားတူ ဆောင်ရွက်လာနိုင်ပါသည်။

## မှတ်စုများ

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၈ ခုနှစ်ထုတ် လမ်းညွှန်စာအုပ်တွင် လွှတ်တော်များနှင့်ပတ်သက်၍ ဖော်ပြထားခြင်းမရှိကြောင်း သတိပြုပါ (ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၂၀၁၈)။

## ၁၂။ ကြိုတင်မမှန်းဆနိုင်သည့် ဘေးအန္တရာယ်များအတွက် ပြင်ဆင်ခြင်း – ကိစ္စရပ်တစ်ခုလုံးအား သုံးသပ်ခြင်း

သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ယခင်ကကြုံတွေ့ဖူးသည့် ဘေးအန္တရာယ်များအတွက်သာ ကြိုတင်ပြင်ဆင်လေ့ရှိသည်မှာ သဘာဝပင်ဖြစ်ပါသည်။ ဥပမာအားဖြင့် အနာဂတ်တွင်ကပ်ရောဂါများဖြစ်နိုင်ကြောင်း သို့မဟုတ် မလွဲမသွေကြုံရနိုင်ကြောင်း သိရှိထားသည့်အခါမျိုးတွင် ဖြစ်ပါသည်။ အလားတူပင် မြေငလျင်များ၊ ဆိုက်ကလုန်းမုန်းတိုင်းများ မကြာခဏဖြစ်လေ့ရှိသည့် ဒေသများ၌ရှိသည့် လွှတ်တော်များသည် ၎င်းတို့၏နိုင်ငံသားများနှင့် လွှတ်တော်ဝန်ထမ်းများကို ကာကွယ်နိုင်ရန်အတွက် အနာဂတ်တွင်ဖြစ်နိုင်သည့် မြေငလျင်များ၊ ဆိုက်ကလုန်းမုန်တိုင်းများအတွက် ကြိုတင်ပြင်ဆင်လေ့ရှိပါသည်။ စစ်ပွဲများဖြစ်နိုင်မှုနှင့်ကျူးကျော်ခံရမှုရှိသည့်နိုင်ငံများမှလွှတ်တော်များသည်လည်းလက်နက်ကိုင်ပဋိပက္ခများဖြစ်သည့်အချိန်တွင်ပင်ဆက်လက်လည်ပတ်နိုင်ရေးအတွက် ကြိုတင်ပြင် ဆင်ထားမည်သာဖြစ်ပါသည်။

သို့ရာတွင် ကြိုတင်မှန်းဆ၍မရနိုင်သည့်ဘေးအန္တရာယ်များ၏ သဘောသဘာဝကိုကြိုတင် ခန့်မှန်းနိုင်ခြင်းမရှိသောကြောင့် ယင်းဘေးအန္တရာယ်များကို ရှောင်ရှားနိုင်ရေး သို့မဟုတ် လျော့ချနိုင်ရေး အတွက်အစီအစဉ်များကို ချမှတ်နိုင်ရန်ခက်ခဲသည်ဖြစ်ရာ ယင်းကဲ့သို့ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်မှာမူ ခက်ခဲပါသည်။ ကြိုတင်မသိသည့်အကြောင်းအရာအတွက် ကြိုတင်ပြင်ဆင်ခြင်းသည် ကိုယ်မသိသည့်အကြောင်းအရာကို တတ်ယောင်ကားလျှောက်လုပ်နေသည်နှင့် တူနိုင်ပါသည်။ သို့ရာတွင် ယင်းသို့ပြင်ဆင်ခြင်းသည် ရေလတ်နှင့် ရေရှည်တွင် ဆိုးရွားသည့်နောက်ဆက်တွဲ ဆိုးကျိုးများ မဖြစ်စေရေး အတွက်ဆောင်ရွက်နိုင်ရန် ကျွန်ုပ်တို့လူသားများနှင့် ပတ်ဝန်းကျင်အကြားတစ်ခုနှင့်တစ်ခုအပြန်အလှန်ဆက်နွယ်မှုများကို အသေးစိတ်နားလည်နိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ရာသီဥတုပြောင်းလဲမှုအပေါ်စိုးရိမ်မှုများမြင့်တက်လာသည် နှင့်အမျှ ကမ္ဘာလုံးဆိုင်ရာလွှမ်းခြုံမှုဖြစ်စဉ်နှင့် ကျန်းမာရေးကဏ္ဍတို့အကြား ဆက်စပ်မှုအပါအဝင် လူသားများ၏အပြုအမူများကြောင့် ရေရှည်သက်ရောက်မှုများနှင့် နောက်ဆက်တွဲကိစ္စများအပေါ် အာရုံစိုက်လာကြပါသည်။ လွှတ်တော်များသည် မတူညီသည့် လူ့အဖွဲ့အစည်းများ၊ ထင်မြင်ယူဆချက်များနှင့်အကျိုးစီးပွားများကိုကိုယ်စားပြုသဖြင့်ဖော်ပြပါကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးငြင်းခုံရန် သင့် လျော်မှုရှိပါသည်။

ခေတ်သစ်လူ့အဖွဲ့အစည်း၏ သဘောသဘာဝများကြောင့် ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှု များမည်သည့်အတိုင်းအတာအထိ ထွက်ပေါ်နေသည်ဆိုသည့်မေးခွန်းမျိုးကို ဆွေးနွေးရန်သည် ဤ စာအုပ်၏အတိုင်းအတာထက် ကျော်လွန်နေပါသည်။ သို့ရာတွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတု ပြောင်းလဲမှု

ကြောင့်ဖြစ်သည့် ရောဂါများနှင့် ကပ်ရောဂါ၏ နောက်ဆက်တွဲကိစ္စများကြောင့် ယင်းမေးခွန်းမျိုးကို စဉ်းစားလာရပါသည်။ ကပ်ရောဂါအန္တရာယ်နှင့်ပတ်သက်၍စတန်းဖို့တက္ကသိုလ်မှ ဇီဝ ဗေဒပညာရှင် Paul နှင့် Ann Ehrlich (၂၀၁၃း၃ – ၄) တို့က 'ကိုယ်ခံအားနည်းသည့် လူ့အဖွဲ့အစည်းများ၌ လူဦးရေအလျင်အမြန်တိုးပွားလာမှု၊ တိရစ္ဆာန်များနှင့် ထိတွေ့မှုများလာမှု၊ မြန်ဆန်လွယ်ကူသည့်သယ်ယူပို့ဆောင်ရေးများကို အသုံးပြုမှုများလာမှု၊ ပဋိဇီဝဆေးများကို စနစ်တကျသုံးစွဲခြင်းမရှိမှု တို့ကြောင့်ကူးစက်ရောဂါများပိုမိုအဆင့်မြင့်လာနိုင်ချေရှိသည်' ဟု မှတ်ချက်ပြုထားပါသည်။

နယူးဇီလန် နိုင်ငံတကာလေ့လာရေးဌာနအကြီးအကဲ၊ နယူးဇီလန်လွှတ်တော်အမတ်ဟောင်း Kennedy Graham က အောက်ပါအချက်များကြောင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် ပြီးခဲ့သည့် ကျန်းမာရေးအန္တရာယ်များနှင့်မတူညီကြောင်း ပြောကြားထားပါသည်(Graham ၂၀၂၀) –

၁။ လူဦးရေသိပ်သည်းမှုမြင့်လာခြင်းနှင့် လူအများ လှုပ်ရှားသွားလာမှုမြင့်လာခြင်းတို့ကြောင့်ကပ်ရောဂါသည် လူသားမျိုးနွယ်တစ်ခုလုံးအပေါ် အလျင်အမြန်သက်ရောက် မှုရှိခြင်း။

၂။ ကမ္ဘာတစ်ဝှမ်းလူအများအနေဖြင့် နောက်ဆုံးရသတင်းအချက်အလက်များကို လက်လှမ်းမီလာသောကြောင့် ကိုရိုနာရောဂါပြန့်ပွားမှုအခြေအနေကို အချိန်နှင့်တပြေးညီသိရှိနိုင်ခြင်း။

ကိုရိုနာရောဂါပိုးကြောင့် ဖြစ်ပေါ်လာသည့် အကျပ်အတည်းသည် ကာလတို (၁ နှစ်)၊ ကာလလတ် ( ၁၀ နှစ်) နှင့် ကာလရှည် (၂၅ နှစ်) ကာလအပိုင်းအခြားများဖြင့် အောက်ပါအတိုင်းသက်ရောက်မှုရှိနိုင်ကြောင်း Graham က ပြောကြားထားပါသည် –

၁။ ကာလတိုတွင် တစ်ကိုယ်ရေကျန်းမာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ စိုးရိမ်မှုများ အဓိကကြီးစိုးနေမည်ဖြစ်ပါသည်။

၂။ ကာလလတ်တွင် ကမ္ဘာ့စီးပွားရေးကျဆင်းမှုမှ ပြန်လည်ရုန်းထနိုင်ခြင်း ရှိ – မရှိနှင့် အသွားအလာကန့်သတ်မှုများ၏ သက်ရောက်မှုအတိုင်းအတာကို သိရန်လိုပါသည်။ယင်းသို့အသွားအလာကန့်သတ်မှုသည် ၂၁ ရာစု လူနေမှုပုံစံမှ ခေတ္တသွေဖီသည့် ဖြစ်စဉ်တစ်ခုသာဖြစ်သည် သို့မဟုတ် ခေတ်သစ်လူမှုအဖွဲ့အစည်း၏ပုံစံကိုပြောင်းလဲစေမည့်ဖြစ်စဉ်တစ်ခုဖြစ်သည် ဆိုသည်ကို စဉ်းစားရန်လိုပါသည်။

၃။ ကာလရှည်တွင် လက်ရှိနိုင်ငံတကာစနစ်သည် ကပ်ရောဂါကို ထိထိရောက်ရောက် တုံ့ပြန်နိုင်ခဲ့ခြင်း ရှိ – မရှိ သို့မဟုတ် စနစ်အသစ်များ လို – မလို၊ ကမ္ဘာတစ်ဝှမ်းရေရှည် တည်တံ့ရေးနှင့် ကမ္ဘာတစ်ဝှမ်းကျန်းမာရေးသည်အပြန်အလှန်ဆက်စပ်မှု ရှိ – မရှိနှင့်အုပ်ချုပ်ရေးတွင် အဓိကကျသည့်ကိစ္စတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားရန် လို – မလို တို့ကို စဉ်းစားရမည်ဖြစ်ပါသည်။

ဖော်ပြပါကိစ္စများသည် ပုံမှန်အားဖြင့် ဘာသာရပ်ပိုင်းဆိုင်ရာ ပညာရေးရှုထောင့်မှ စဉ်းစားရမည့် ကိစ္စများ သို့မဟုတ် အနာဂတ်အတွက် ထင်ကြေးပေးရုံသက်သက်ကိစ္စများဖြစ်သော်လည်း ယခုအခါယင်း ကိစ္စများသည် မူဝါဒချမှတ်ဖြေရှင်းရန်လိုလာပြီဖြစ်ကြောင်း Graham က ယုံကြည်ပါသည်။ လွှတ်တော်များ အနေဖြင့် ရေတိုကိစ္စများကိုသာ ဖြေရှင်းရုံမကဘဲ ဖော်ပြပါအရေးကြီးသည့် ရေရှည်ကိစ္စများအတွက်ပါ ဆွေး နွေးအဖြေရှာနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ကိုရိုနာပိုင်းရပ်စ်ကပ်ရောဂါအပြီး နောက်ပိုင်းတွင် ဖော်ပြပါကိစ္စများအပေါ် ကျိန်းသေအာရုံစိုက် လာကြမည်ဖြစ်ပါသည်။ လူမှုရေးနှင့်စီးပွားကိစ္စများကိုဆောင်ရွက်သည့်ပုံစံများကိုပြောင်းလဲခြင်းမှတစ်ဆင့် ကပ်ရောဂါများနှင့် လူ့အသက်ကိုအန္တရာယ်ပြုနိုင်သည့် အခြားခြိမ်းခြောက်မှုများကို လျော့ချရန် သို့မဟုတ် ရှောင်ရှားရန်နှင့် ၎င်းတို့နှင့်ပတ်သက်၍ လေ့လာနိုင်ရန် အထူးကော်မတီများကို လွှတ်တော်များကဖွဲ့စည်း လာကြမည်ဖြစ်ပါသည်။ ဒီမိုကရေစီလွှတ်တော်များတွင် လူ့အဖွဲ့အစည်း အမျိုးမျိုးမှ ဥပဒေနှင့်အညီ ရွေး ကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များပါဝင်သဖြင့် ဖော်ပြပါကိစ္စနှင့် ပတ်သက်၍ လွှတ်တော် များသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်ပါသည်။ ပုံမှန်အားဖြင့် လွှတ်တော်များသည် အစိုးရများကဲ့သို့အ ကြောင်းအရာတစ်ခုခုကို ခုခံကာကွယ်ပေးရန် မလိုပါ။ အထက်လွှတ်တော်များသည် ကပ်ရောဂါကဲ့သို့သော ပြဿနာများအပါအဝင် လူ့အဖွဲ့အစည်းက ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကိုဖြေရှင်းနိုင်ရေးဦးဆောင်သည့် ကဏ္ဍမှပါဝင်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့် ကပ်ရောဂါများအတွက် ကနေဒါနိုင်ငံ၏ ကြိုတင်ပြင်ဆင် မှုများထိရောက်မှုကို ကနေဒါ အထက်လွှတ်တော်က ဆန်းစစ်ခြင်းသည် ဥပမာကောင်းတစ်ခုဖြစ်ပါသည် (Webster ၂၀၀၄ တွင် ကြည့်ပါ)။

လက်ရှိနှင့် အနာဂတ်တွင်တွေ့ရမည့် ကပ်ရောဂါများသည် တစ်နိုင်ငံမှတစ်နိုင်ငံသို့ ကူးစက် နိုင်ပြီး ၎င်းတို့နှင့် ပတ်သက်၍ ဖြေရှင်းနိုင်ရေးကို နိုင်ငံတစ်နိုင်ငံတည်းက ဆောင်ရွက်၍ မရသဖြင့် ယခု ကိုရိုနာပိုင်းရပ်စ်ကပ် ရောဂါကို မည်ကဲ့သို့ ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်းကို လွှတ်တော်များအချင်းချင်း အပြန်အလှန်လေ့လာ သင်ယူရန်လိုအပ်ပြီး အနာဂတ်တွင်ထပ်မံကြုံတွေ့ရနိုင်သည့် ကပ်ရောဂါအတွက်ပြင်ဆင်နိုင်ရေး သင်ခန်း စာများရယူရန်လိုအပ်ပါသည်။ ဥရောပလွှတ်တော်နှင့် ကမ္ဘာတစ်ဝှမ်းရှိ လွှတ်တော်များအကြား မိတ်ဖက်ပြု တည်ထောင်ထားသည့် INTER PARES စီမံကိန်းက ဖော်ပြပါ အတိုင်းဆွေးနွေးနိုင်ရေးကူညီပေးမည်ဖြစ်ပါ သည်။

### လူ့အဖွဲ့အစည်းများကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များသည် 'ပုံမှန်မတော်တဆဖြစ်စဉ်များ' ဟုတ် – မဟုတ် နှင့် ဟုတ်ပါက ထိခိုက်မှုများကိုသက်သာနိုင်ရန် မည်ကဲ့သို့ဆောင်ရွက်နိုင်မည်နည်း

လူ့အဖွဲ့အစည်းဆိုင်ရာလူမှုဗေဒပညာရှင် Charles Perrow က 'ပုံမှန်မတော်တဆဖြစ်စဉ်များ' သီအိုရီကို ဖော်ထုတ်ခဲ့ပါသည် (Perros ၁၉၈၄)။ နယူကလီးယားဓာတ်အားပေးစက်ရုံများကဲ့သို့အင်မတန် ရှုပ်ထွေးသည့် နည်းပညာများ တည်ရှိသည့် နေရာဒေသများ၌ မတော်တဆဖြစ်စဉ်များကို မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်ကြောင်း Perrow က ဆိုပါသည်။ ၁၉၈၄ ခုနှစ်၊ ဘိုပိုင်းလ်ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်စဉ်နှင့် ၁၉၈၆ ခုနှစ်၊ ချာနိုဘိုင်းလ် နယူးကလီးယား မတော်တဆဖြစ်စဉ်တို့ မဖြစ်ပွားခင် ၎င်း၏စာအုပ်ကိုထုတ်ဝေ ခဲ့ပါသည်။ Perros၏ အယူအဆအရ စနစ်များသည် အင်မတန်ရှုပ်ထွေးပြီးတစ်ခုနှင့် တစ်ခု ဆက်စပ်နေ သည့် ထောင် သို့မဟုတ် သောင်းချီသည့် လုပ်ငန်းစဉ်များ အပေါ် တွင်မူတည်သည့်အခါ မတော်တဆမှုဖြစ် နိုင်ချေမြင့်ပြီး ဆိုးရွားသည့် ဆိုးကျိုးများ ရှိနိုင်ပါသည်။ အစိတ်အပိုင်း တစ်ခုတွင် အမှားအယွင်းဖြစ်ပါက နောက်ဆက်တွဲပြဿနာများကြောင့် ဆိုးရွားသည့် ရလဒ်များနှင့်အတူ စနစ်တစ်ခုလုံးကျဆုံးခြင်းကိုဦးတည်

## လူ့အဖွဲ့အစည်းများကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များသည် 'ပုံမှန်မတော်တဆဖြစ်စဉ်များ' ဟုတ် – မဟုတ် နှင့် ဟုတ်ပါက ထိခိုက်မှုများကိုသက်သာနိုင်ရန် မည်ကဲ့သို့ဆောင်ရွက်နိုင်မည်နည်း (အဆက်)

စေနိုင်ပါသည်။ ဘိုပိုင်းလ်နှင့် ချာနိဘိုင်းလ်ဖြစ်စဉ်များတွင် ယင်းကဲ့သို့ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။[၁]

ပြီးခဲ့သည့်နှစ်များအတွင်း Perrow သည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုများနှင့် ပတ်သက်၍စိတ်ဝင်စားလာခဲ့ပြီးအလွန်ရှုပ်ထွေးသည့်လူမှုရေးနှင့်စီးပွားရေးဆိုင်ရာကူးလူးဆက်ဆံမှုများကြောင့် ဖြစ်လာသည့်ရလဒ်များအပေါ် ဖော်ပြပါရှုပ်ထွေးသည့် နည်းပညာများနှင့် စပ်လျဉ်းသည့် ၎င်း၏အယူအဆများအတိုင်း ချဉ်းကပ်ခဲ့ပါသည် (Perros and Pulver ၂၀၁၅)။ လူဦးရေသိပ်သည်းလာမှု၊ ဇဟိုချုပ်ကိုင်မှုရှိသည့် သယ်ယူပို့ဆောင်ရေးအပေါ် မှီခိုလာရမှု၊ အန္တရာယ်ဖြစ်နိုင်သည့် စက်မှုလက်မှုလုပ်ငန်းများ တစ်ခုနှင့်တစ်ခု နီးကပ်စွာတည်ရှိမှုတို့ကြောင့် 'ပုံမှန်မတော်တဆဖြစ်စဉ်များ' လူ့အဖွဲ့အစည်းတစ်ခုလုံးအတွင်းဖြစ်နိုင်ချေများလာကြောင်း ၎င်းကဆိုပါသည်။ အထူးသဖြင့် ကမ္ဘာ့စီးပွားရေးကိုအကောင်အထည်ဖော်သည့်ပုံစံများကြောင့် မတော်တဆမှုများဖြစ်နိုင်ချေမြင့်ပြီး ဖြစ်ပါကလည်း အခြေအနေပိုဆိုးနိုင်ကြောင်း Perrowကဆိုပါသည်။[၂] Perrow ၏ သီအိုရီကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါတွင် အသုံးချကြည့်မည်ဆိုပါက မြို့ပြရှိလူဦးရေသိပ်သည်းသည့်နေရာများ၌ ရောဂါပြန့်ပွားခြင်းနှင့် ကမ္ဘာ့စီးပွားရေးတွင် နိုင်ငံအချင်းချင်း ဆက်စပ်မှုတို့ကြောင့် လူအများနှင့် ကုန်ပစ္စည်းများတစ်နေရာမှတစ်နေရာသို့စီးဆင်းမှုမြင့်သဖြင့် ကမ္ဘာတစ်ဝှမ်းရောဂါပျံ့နှံ့မှုကို အားကောင်းစေခြင်းတို့ကိုဖြစ်စေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

'ဘေးအန္တရာယ်များကိုတုံ့ပြန်သည့်လူ့အဖွဲ့အစည်း' အယူအဆကို ဖော်ထုတ်ခဲ့သည့် Ulrich Beck (၁၉၉၂) နှင့် Anthony Giddensy (၁၉၉၀) တို့ကလည်း အလားတူထင်မြင်ချက်တစ်ခုကို ပြောကြားထားပါသည်။ ရှေးခေတ်က လူ့အဖွဲ့အစည်းများကြုံတွေ့ရသည့် ဘေးအန္တရာယ်များ (ဥပမာ ရေခဲခေတ်နှင့် အခြားသဘာဝဘေးအန္တရာယ်များ) သည် လူသားများကထိန်းချုပ်နိုင်ခြင်းမရှိသည့်သို့မဟုတ် ၎င်းတို့ကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များမဟုတ်ပါ။ သို့ရာတွင် ခေတ်သစ်လူ့အဖွဲ့အစည်းများရှိ ဘေးအန္တရာယ်များသည် လူသားများကြောင့်ဖြစ်နေပါသည်။ Giddens က ယင်းကဲ့သို့အန္တရာယ်များကို 'လူအများပြုလုပ်သည့်ဘေးအန္တရာယ်များ' ဟုခေါင်းစဉ်တပ်ထားပြီးယင်းဘေးအန္တရာယ်များတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် ရာသီဥတုပြောင်းလဲမှုတို့၏ဒဏ်များနှင့် ရောဂါအသစ်အဆန်းများ ထွက်ပေါ် လာမှုတို့ပါဝင်ပါသည်။

### မှတ်စုများ

၁။ ဘိုပိုင်းလ်မတော်တဆဖြစ်စဉ်တွင် (အိန္ဒိယနိုင်ငံ၊ ဘိုပိုင်းလ်မြို့ရှိ အမေရိကန်ကုမ္ပဏီ ဖြစ်သည့်) Union Carbide ၏စက်ရုံမှ methyl isocyanate ဓာတ်ငွေ့တန်ချိန် ၄၀ ခန့်ယိုစိမ့်မှုဖြစ်ပွားခဲ့ပြီး လူ ၃,၀၀၀ မှ ၁၆,၀၀၀ အထိသေကြေခဲ့ကာ လူ ၅၀၀,၀၀၀ ကျော်ဒဏ်ရာရခဲ့ပါသည်။ အသေးစိတ်ကို Broughton (၂၀၀၅) တွင်ကြည့်ပါ။

၂။ Perrow ၏ အယူအဆနှင့်ပတ်သက်သည့် ဥပမာတစ်ခုကို Prudham (၂၀၀၄) တွင်ကြည့်ပါရန်။

## ၁၃။ နိဂုံး

ဤဖတ်စာအုပ်သည် ဘေးအန္တရာယ်များ မတိုင်မီ၊ ဖြစ်နေသည့်ကာလတွင်းနှင့် ဖြစ်ပြီးနောက်ကာလ များတွင် လွှတ်တော်များက ဆောင်ရွက်နိုင်သည့်ကိစ္စများ၊ ဆောင်ရွက်နေသည့်ကိစ္စများနှင့် ဆောင်ရွက်သင့်သည့်ကိစ္စများနှင့်ပတ်သက်သည့်အကြံပြုချက်များကို ပြည့်ပြည့်စုံစုံပေးနိုင်ရန် ရည်ရွယ်ပါသည်။ ဖတ်စာအုပ်ပါ အဓိကဦးတည်သည့်အကြောင်းအရာသည် ၂၀၁၉-၂၀၂၀ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပြီး ဤဖတ်စာအုပ်ပြီးစီးသည့်အချိန်အထိတိုင် ကမ္ဘာအနှံ့ ရောဂါဖြစ်ပွားနေဆဲဖြစ်ပါသည်။ သို့ရာတွင် ဖတ်စာအုပ်၌ ဤကပ်ရောဂါနှင့်ပတ်သက်၍ဆွေးနွေးခြင်းသည် ကပ်ရောဂါဖြစ်နေသည့် ကာလနှင့် ကပ်ရောဂါအလွန်ကာလများအတွင်း လွှတ်တော်များ၏ လုပ်ငန်းဆောင်တာများအတွက် အသုံးဝင်စေရန်ဖြစ်ပြီး အထူးသဖြင့် အနာဂတ်တွင်ကြုံရနိုင်သည့် ကပ်ရောဂါများကို ပိုမိုမြန်ဆန် ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရေး လွှတ်တော်များက အစီအစဉ်များချမှတ်နိုင်ရန်အတွက် ဖြစ်ပါသည်။

ဤဖတ်စာအုပ်အရ အဓိကပြောလိုသည့်အချက်မှာ အကျပ်အတည်းကာလအတွင်း လွှတ်တော်များ၏ ထိထိရောက်ရောက်ဆောင်ရွက်ချက်များသည် ဒီမိုကရေစီစနစ်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်း/ အလေ့အထများကို ထိန်းသိမ်းရန်အတွက်သာမကတတ်နိုင်သမျှအကောင်းဆုံးရလဒ်ရရှိရန်အတွက်အရေးပါကြောင်းဖြစ်ပါသည်။ဖြစ်ပေါ်လာသည့်အခက်အခဲများအပေါ်တုံ့ပြန်နိုင်ရေးအစီအစဉ်များကိုလွှတ်တော်များကအနီးကပ်ဆွေးနွေးချမှတ်ပါကပြည်သူများ၏လိုအပ်ချက်များကိုပါဖြည့်ဆည်းပေးနိုင်မည့် ကောင်းမွန်သည့်ရလဒ်များရရှိနိုင်ကြောင်း ဤဖတ်စာအုပ်က ရှင်းရှင်း လင်းလင်းဖော်ပြနေပါသည်။

အစိုးရများအတွက်အထူးလုပ်ပိုင်ခွင့်အာဏာအတိုင်းအတာသတ်မှတ်ပေးခြင်းနှင့် သင့်လျော်သည့်ကြီးကြပ်စောင့်ကြည့်ရေးစနစ်များကို တည်ထောင်ပေးရေးအတွက် လွှတ်တော်များ၏ကဏ္ဍ သည်အရေးပါပါသည်။ အထူးလုပ်ပိုင်ခွင့်အာဏာများကိုသတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပြည်သူများ၏လိုအပ်ချက်များနှင့် စိုးရိမ်မှုများကို လွှတ်တော်များက ထည့်သွင်းစဉ်းစားပါက ပြည်သူများ၏အခွင့်အရေးများရေရှည်ဆုံးရှုံးနိုင်မည့်အခြေအနေကို လျှော့ချနိုင်ရုံသာမက လိုအပ်၍ သတ်မှတ်ထားသည့် ကန့်သတ်ချက်များကို ခြွင်းချက်အနည်းငယ်မှအပ ပြည်သူများက ဆန္ဒအလျောက်လိုက်နာနိုင်ရေးကိုလည်းရရှိနိုင်မည်ဖြစ်ပါသည်။

ပြည်သူ့ကျန်းမာရေးအတွက် ဥပမာကောင်းများကိုဖော်ဆောင်ပြီး လွှတ်တော်များ ထိထိ ရောက်ရောက်ဆက်လက်လည်ပတ်နိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများ နှင့်ပြည်သူများကို ကာကွယ်နိုင်ရေးတို့အတွက် လွှတ်တော်များက ဆောင်ရွက်ခဲ့သည့် အစီအစဉ်များ ကို ဤဖတ်စာအုပ်၌ ဖော်ပြထားပါသည်။ အခက်အခဲများကိုကျော်လွှားရန် တီထွင်ဆန်းသစ်မှုများတွင် အဝေးမှနေ၍ အစည်းအဝေးများကျင်းပနိုင်မည့်နည်းပညာများကို အသုံးချမှုကိုလည်း မကြာခဏ တွေ့ခဲ့ရပါသည်။ လွှတ်တော်အစည်းအဝေးများကိုအွန်လိုင်းမှတစ်ဆင့်ကျင်းပခြင်းကိုမကြာသေးခင်ကမှစတင်ဆောင်ရွက်ခြင်းဖြစ်သော်လည်း ကပ်ရောဂါကြောင့် လွှတ်တော် အတော်များများက မျက်နှာစုံညီအစည်းအဝေးများနှင့် မဲပေးခြင်းများကိုပါ အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်သည်အထိ တိုးတက်လာခဲ့ပါသည်။ နေစဉ်နှင့်အမျှ နည်းလမ်းအသစ်များကို အကောင်အထည်ဖော်နေလျက်ရှိပြီး ယင်းဆောင်ရွက်ချက်များကို ထပ်မံမွမ်းမံထုတ်ပြန်မည့် ဤဖတ်စာအုပ်၌ ထည့်သွင်းဖော်ပြမည်ဖြစ် ပါသည်။

လွှတ်တော်လုပ်ငန်းများကို အဝေးမှနေ၍ဆောင်ရွက်ခြင်းများနှင့်စပ်လျဉ်းသည့် နည်းပညာအမျိုးမျိုးကို ဤဖတ်စာအုပ်၌ တင်ဆက်ခဲ့ပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကာလအတွင်း လွှတ်တော်များအနေဖြင့် ၎င်းတို့ဘာသာတီထွင်ကြံဆခဲ့ရသော်လည်း မကြာမီလာမည့်ကာလတွင် လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လာကြမည်ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတကာလွှတ်တော်များဆိုင်ရာသမဂ္ဂ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လွှတ်တော်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဥရောပသမဂ္ဂ၏ကမ္ဘာလုံးဆိုင်ရာစီမံကိန်း (INTER PARES) ကကူညီပံ့ပိုးထားသည့် လွှတ်တော်ဆိုင်ရာတီထွင်ဆန်းသစ်မှုများစင်တာကဲ့သို့သော အစီအစဉ်များမှ တစ်ဆင့် လွှတ်တော်များပူးပေါင်းဆောင်ရွက်နိုင်ပါသည်။ ကပ်ရောဂါကြောင့် လွှတ်တော်များ ပုံမှန်အတိုင်း လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိသည့်အခက်အခဲကို နည်းပညာများအသုံးပြု၍ ဖြေရှင်းရာတွင် အရေးကြီးသည့် အချက်တစ်ချက်မှာ လုံခြုံရေးဖြစ်ပါသည်။ ကပ်ရောဂါကာလအတွင်း ယာယီ အသုံးပြုရန်ထားရှိသည့် ဗီဒီယိုကွန်းဖရင့်စနစ်များသည် လုံခြုံရေးအရ အားနည်းချက်များရှိသည့် ဆော့ဝဲများကိုအသုံးပြုထားခြင်းဖြစ်ပါသည်။

နည်းပညာများအသုံးပြု၍ဖြေရှင်းရာတွင် ကြုံရသည့်ပြဿနာတစ်ရပ်မှာ အွန်လိုင်းမှတစ်ဆင့် မျက်နှာစုံညီအစည်းအဝေးများနှင့် မဲပေးခြင်းများဆောင်ရွက်နိုင်ရေး ဥပဒေအရကန့်သတ်ချက်များကို ထည့်သွင်းစဉ်းစားရခြင်းဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရေး လွှတ်တော်၏လုပ်ထုံးလုပ်နည်းများ သို့မဟုတ် သာမန်ဥပဒေများကို ပြင်ဆင်ရုံဖြင့်ဖြစ်နိုင်သည်ဆိုပါက အွန်လိုင်းအစည်းအဝေးများ ကျင်းပနိုင်ရေးကို လွှတ်တော်များက အလျင်အမြန်အကောင်အထည်ဖော်နိုင်ပါသည်။ သို့ရာတွင် လွှတ်တော်အစည်းအဝေးများသို့ လူကိုယ်တိုင်တက်ရောက်ရန်လိုကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ များတွင်ပြဋ္ဌာန်းထားပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အွန်လိုင်းမှတစ်ဆင့်အစည်းအဝေး တက်ရောက်မည့်အစီအစဉ်ကိုစွန့်လွှတ်၍ ၎င်းတို့၏ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်သည့်တိုင် အစည်းအဝေးများသို့ လူကိုယ်တိုင်တက်ရောက်ရမည်ဖြစ်ပါသည်။သို့မဟုတ်ပါကလွှတ်တော်ကို ဆိုင်းငံ့ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လွှတ်တော်၏အခန်းကဏ္ဍကို ခေတ္တစွန့်လွှတ်ခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေအရလူကိုယ်တိုင်တက်ရောက်ရမည်ဆိုသည့်ပြဋ္ဌာန်းချက်တွင်အွန်လိုင်းမှတစ်ဆင့်တက်ရောက်ခြင်းကိုပါ အကျုံးဝင်စေရန် အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ကို ရွေးချယ်ရန်လိုပါသည်။ ချီလီတစ်နိုင်ငံတည်းသာ လွှတ်တော်အစည်းအဝေးများကို အွန်လိုင်းမှတစ်ဆင့်ကျင်းပနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အနာဂတ်တွင် အလားတူကြုံလာရနိုင်သည့် အခြေအနေများကို မျှော်မှန်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လွှတ်တော်အစည်းအဝေးများကို အွန်လိုင်းမှတစ်ဆင့် ကျင်းပသည်ကိုခွင့်ပြုထားရန်၊ သို့ရာတွင် အမှားအယွင်းမဖြစ်စေရန် ရှင်းလင်းသည့်မူဘောင်တစ်ရပ်နှင့် လိုအပ်သည့် လုံခြုံရေးအစီအမံများကိုပါထားရှိရေး စီစဉ်ဆောင်ရွက်ရန် အရေးကြီးပါသည်။

မျက်နှာစုံညီအစည်းအဝေးများကို စီစဉ်ရာတွင် ကြုံရသည့်အခက်အခဲများကိုဖြေရှင်းနိုင်မည့် နည်းတစ်ခုသည် လွှတ်တော်၏သက်ဆိုင်ရာကော်မတီများက ကပ်ကာလအတွင်း လွှတ်တော်၏ လုပ်ငန်းတာဝန်များကို သတ်သတ်မှတ်မှတ်ခွဲဝေဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယင်းသည် လွှတ်တော် ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား ရပ်နားထားသည့် ကာလအတွင်း ဆောင်ရွက်သည့် ပုံစံနှင့်ဆင်တူပါသည်။ ယင်းနှင့်ပတ်သက်သည့် ဥပမာတစ်ချို့ကို ဤဖတ်စာအုပ်၌ဖော်ပြထားပါသည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းဖြင့် လွှတ်တော်မျက်နှာစုံညီအစည်းအဝေးအပြည့်အစုံကို ကျင်းပနိုင်မည်မဟုတ်သော်လည်း ကိုယ်စားလှယ်အရေအတွက်အနည်းငယ်သာပါဝင်သည့် လွှတ်တော်ကော်မတီများ၏အစည်းအဝေးများသည်ကိုယ်စားလှယ်ရာနှင့်ချီပါဝင်သည့် လွှတ်တော်မျက်နှာစုံညီအစည်း အဝေးများထက် ကျင်းပရန်ပိုမိုလွယ်ကူမည်ဖြစ်ပါသည်။

ကပ်ရောဂါကြောင့်ဖြစ်သည့်အခက်အခဲများကို နည်းပညာအသုံးပြု၍ဖြေရှင်းခြင်း၏ ကောင်း ကျိုးတစ်ခုမှာဘရာဇီးအထက်လွှတ်တော်မှာကဲ့သို့ လွှတ်တော်က ပြည်သူများ၏အမြင်များကို တိုက်ရိုက်ရယူ၍ ထည့်သွင်းဆွေးနွေးနိုင်ခြင်းဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းကိုလွှတ်တော်အတွင်းဒီမိုကရေစီနည်းကျဆွေးနွေးမှုများကိုဝင်ရောက်နှောင့်ယှက်လိုသူများက အလွဲသုံးစားမှုမပြုနိုင်ရေး သေချာစီစဉ်ရန်လိုအပ်မည်ဖြစ်သော်လည်း လွှတ်တော်များကို ပြည်သူများနှင့်အနီးကပ်ထိ တွေ့စေနိုင်ပါသည်။

၂၀၁၉ – ၂၀၂၀ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် ယင်းကဲ့သို့ကပ်ရောဂါဖြစ်လာနိုင်သည်ကို သိရှိထားကြသည့်တိုင် နိုင်ငံများ၏ပြင်ဆင်ဆောင်ရွက်ချက်များသည် လုံလောက်မှုမရှိကြောင်း ဖော်ပြနေ ပါသည်။ ဘာကြောင့်ယင်းကဲ့သို့ လိုအပ်ချက်များရှိသည်ကို သုံးသပ်နိုင်ရေးနှင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်များမှ သင်ခန်းစာယူနိုင်ရေးအတွက် လွှတ်တော်များသည် အရေးပါပါသည်။ ယေဘူယျအားဖြင့် ပိုမိုခိုင်မာသည့်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များကိုလိုအပ်ကြောင်း ထင်ရှားလျက်ရှိပြီး ယင်းအစီအစဉ်များကို လွှတ်တော်များကကြီးကြပ်ပေးရန်လိုပါသည်။ သဘာဝဘေးအန္တရာယ် များကို ကြုံတွေ့နေသည့် နိုင်ငံများ၊ အထူးသဖြင့် ပစိဖိတ်ဒေသမှနိုင်ငံများ၏ ဆောင်ရွက်ချက်များနှင့် ယင်းနိုင်ငံများမှ လွှတ်တော်များ၏ကြီးကြပ်မှုများကို လေ့လာရန်နှင့် ၎င်းတို့ကိုအတုယူရန်လိုပါသည်။

နောက်ဆုံးအနေဖြင့် အချိန်ကြာမြင့်စွာ မေးနေရမည့် မေးခွန်းများတွင် ရှုပ်ထွေးသည့် ခေတ်သစ်လူ့ယဉ်ကျေးမှုသည် ကမ္ဘာ့ရာသီဥတုကို သာမက လူအများ၏ ကျန်းမာရေးကိုပါ ထိခိုက်နေခြင်း ရှိ – မရှိ စဉ်းစားရမည်ဖြစ်ပြီး လွှတ်တော်များသည် ယင်းကဲ့သို့ကိစ္စများကို ဆွေးနွေးရမည့် နေရာဖြစ်ပါသည်။ အစိုးရများသည် မူဝါဒများကို အကောင်အထည်ဖော်ရန် တာဝန်ရှိပြီး ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်များသည် မူဝါဒများကို ဆွေးနွေးခြင်း၊ အနာဂတ်တွင်ဆောင်ရွက်ရမည့်ကိစ္စများ၊ အစိုးရများက နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စများအတွက် ညှိနှိုင်းခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ပေးရမည့်အဓိကနေရာ ဖြစ်ပါသည်။ အနာဂတ်အတွက် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် နောင်လာမည့် မျိုးဆက်သစ်များအတွက်နှင့် ၎င်းတို့ကြုံတွေ့ရနိုင်သည့် အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်မည်ဖြစ် ကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

## ကိုးကားစာရင်း

AgenPress.it, ‘Coronavirus. Fico. Parlamento sia in prima ínea, non può chiudere. Voto on line complesso’, 18 March 2020, <https://www.agenpress.it/2020/03/18/coronavirus-fico-parlamento-sia-in-prima-linea-non-puochiudere-voto-on-line-complesso/>, accessed 20 April 2020

Agora, ‘Tonga: Parliament speaker announces plans for temporary parliament’, 20 February 2018, <https://agora-parl.org/news/tonga-parliament-speakerannounces-plans-temporary-parliament>, accessed 20 April 2020

Avgerinopoulou, D.-T., Chair, Special Permanent Committee of Environmental Protection of the Hellenic Parliament, personal communication with the author, 14 April 2020

Bayer, L., ‘13 countries “deeply concerned” over rule of law’, 1 April 2020, Politico, <https://www.politico.eu/article/viktor-orban-hungary-13-countries-deeply-concerned-over-rule-of-law/>, accessed 20 April 2020

Beck, U., *Risk Society: Towards a New Modernity* (London: Sage Publications, 1992)

Blaževičius, K., ‘Likimo vedami, XXI *Amžius*, 8/1211 (2004), <http://www.xxiamzius.lt/archyvas/xxiamzius/20040128/liter_01.html>, accessed 21 April 2020

Bradley, K., ‘Select committees are adapting swiftly to the new reality—and will continue to be the lifeblood of parliamentary scrutiny’, *The House*, 26 March 2020, <https://www.politicshome.com/news/article/select-committees-are-adapting-swiftly-to-the-new-reality-and-will-continue-to-bethe-lifeblood-of-parliamentary-scrutiny>, accessed 20 April 2020

Brazilian Chamber of Deputies, ‘Proposed Resolution No. 11 of 2020’, 17 March 2020, <https://www.camara.leg.br/proposicoesWeb/prop_mostrarintegra;jsessionid=809C427A97A179A01F7AF84DDEDB280D.proposicoesWebExterno1?codteor=1866929&filename=Tramitacao-PRC+11/2020>, accessed 20 April 2020

Brazilian Senate, ‘Sessão deliberativa—Regularização de débitos fiscais com a União’ [Deliberative session—Regularization of tax debts with the Union], YouTube, 25 March 2020, <https://www.youtube.com/watch?v=oQzZ5I0yrXI&feature=youtu.be>, accessed 20 April 2020

Bright, J., ‘Why Congress isn’t working remotely due to COVID-19’, *TechCrunch*, 18 March 2020, <https://techcrunch.com/2020/03/18/whycongress-isnt-working-remotely-due-to-covid-19/>, accessed 21 April 2020

Brinkley, D., ‘The flood that sank George W. Bush’, *Vanity Fair*, 26 August 2015, <https://www.vanityfair.com/news/2015/08/hurricane-katrinageorge-w-bush-new-orleans>, accessed 20 April 2020

Broughton, E., ‘The Bhopal disaster and its aftermath: a review’, *Environmental Health*, 4/1 (2005), pp. 1–6, <https://doi.org/10.1186/1476-069X-4-6>

Camacho, S., ‘Un Senado desierto vota a distancia por primera vez en la historia’ [A deserted Senate votes remotely for the first time in history], NIUS, 17 March 2020, <https://www.niusdiario.es/nacional/politica/coronavirus-covid-19-senado-desierto-vota-distancia-primera-vezhistoria_18_2916120072.html>, accessed 20 April 2020

Capital FM (Kenya), ‘Only 70 MPs will be in parliament on Wednesday to debate COVID-19’, 4 April 2020, <https://www.capitalfm.co.ke/news/2020/04/only-70-mps-will-be-in-parliament-on-wednesday-to-debatecovid-19/>, accessed 20 April 2020

Cherf, W. J., ‘Earth, Wind, and Fire: The Alexandrian Fire-storm of 48 BC’, in M. El-Abbadi, O. Fathallah and I. Serageldin (eds), *What Happened to the Ancient Library of Alexandria?* (Leiden: Brill Publishers, 2008, pp. 55–73), <https://doi.org/10.1163/ej.9789004165458.i-259.24>

Chilean Chamber of Members and Members, ‘Proyecto de reforma constitucional que autoriza al Congreso Nacional a sesionar por medios telemáticos en loscasos que indica’ [Constitutional reform project that authorizes the National Congress to meet by telematic means in the cases indicated], 21 April 2020, <https://www.camara.cl/legislacion/ProyectosDeLey/tramitacion.aspx?prmID=13859&prmBOLETIN=13318-07>, accessed 21 April 2020

Congress of the Deputies, Resolución de la Mesa del Congreso de los Diputados, de 21 de mayo de 2012, para el desarrollo del procedimiento de votación telemática [Resolution for the development of the telematic voting procedure], 21 May 2012, <http://www.congreso.es/portal/page/portal/Congreso/Congreso/Hist_Normas/Norm/NormRes/21052012vottelem>, accessed 20 April 2020

Czech Republic Parliament, 'O aktuální situaci včeské republice' [The current situation in Czech Republic], 17 March 2020a, <https://www.psp.cz/sqw/cms.sqw?z=13794>, accessed 20 April 2020

—, Information Centre (2020b), <https://public.psp.cz/en/sqw/hp.sqw?k=2>, accessed 20 April 2020

Dáil Éireann, Debate, 26 March 2020, <https://www.oireachtas.ie/en/debates/debate/dail/2020-03-26/12/>, accessed 20 April 2020

Danish Parliament, 'The Danish Parliament is closed for visits but essential parliamentary work will continue', 11 March 2020, <https://www.thedanishparliament.dk/en/news/2020/03/parliament-is-closed-forvisits>, accessed 20 April 2020

Defoe, *D., A Journal of the Plague Year* (1722), <https://www.gutenberg.org/ebooks/376>, accessed 20 April 2020

Deksnis, E. B., 'Latvian Exile Government Proposals', *Juridiskā zinātne*, 9 (2016), pp. 78–90, <https://www.journaloftheuniversityoflatvialaw.lu.lv/fileadmin/user_upload/lu_portal/projekti/journaloftheuniversityoflatvialaw/No9/6.Eduards_Bruno_Deksnis.pdf>, accessed 20 April 2020

Der Spiegel, 'Attention slowly turns to the mother of all coronavirus questions', 27 March 2020, <https://www.spiegel.de/international/germany/what-nextattention-slowly-turns-to-the-mother-of-all-coronavirus-questionsa-853a559e-d454-41e2-b8f2-e8f2c8d5ca18>, accessed 20 April 2020

Deutsche Welle, 'Coronavirus: German parliament passes historic aid package', 25 March 2020, <https://www.dw.com/en/coronavirus-german-parliamentpasses-historic-aid-package/a-52908339>, accessed 20 April 2020

Dynes, R. R., 'Noah and disaster planning: The cultural significance of the flood story', University of Delaware Disaster Research Centre (1998), <http://dspace.udel.edu/bitstream/handle/19716/285/PP%20265.pdf>, accessed 20 April 2020

—, ‘Noah and disaster planning: The cultural significance of the flood story’, *Journal of Contingencies and Crisis Management*, 11/4 (2003), pp. 170–77, <https://doi.org/10.1111/j.0966-0879.2003.01104003.x>

ECNL and ICNL, *Keeping Civic Space Healthy: Saving Lives & Human Rights* (European Center for Not-for-Profit Law and International Center for Not-for-Profit Law, n.d.), <http://ecnl.org/wp-content/uploads/2020/03/saving-life-and-human-rights-ECNL-ICNL.pdf>, accessed 20 April 2020

Ehrlich, P. R. and Ehrlich, A. H., ‘Can a collapse of global civilization be avoided?’ *Proceedings of the Royal Society B: Biological Sciences*, 280/1754 (2013), pp. 1–9, <https://doi.org/10.1098/rspb.2012.2845>

*Espace Manager*, ‘L’ARP adopte des mesures exceptionnelles pour faire face à la crise’ [ARP adopts exceptional measures to deal with the crisis], 26 March 2020, <https://www.espacemanager.com/larp-adopte-des-mesuresexceptionnell es-pour-faire-face-la-crise.html>, accessed 21 April 2020

European Commission, ‘Statement by President von der Leyen on emergency measures in Member States’, STATEMENT/20/567, 31 March 2020, <https://ec.europa.eu/commission/presscorner/detail/en/statement_20_567>, accessed 20 April 2020

European Parliament, *Report and Roadmap on Internal Reform and CapacityBuilding for the Verkhovna Rada of Ukraine*, European Parliament’s Needs Assessment Mission (2016), <https://www.europarl.europa.eu/resources/library/media/20160229RES16408/20160229RES16408.pdf>, accessed 21 April 2020

—, EP Plenary Newsletter, 26 March 2020a, <https://www.europarl.europa.eu/ireland/en/news-press/ep-plenary-newsletter-26-march-2020>, accessed 20 April 2020

—, Legal basis of the temporary participation rules, 14 April 2020b, <https://www.europarl.europa.eu/news/en/press-room/20200325BKG75805/q-a-on-extraordinary-remote-participation-procedure/2/legal-basis-of-thetemporary-participation-rules>, accessed 20 April 2020

Evans, P. and Silk, P., The Parliamentary Assembly: Practice and Procedure (Strasbourg: Council of Europe, 2008)

*Financial Times*, ‘Containing coronavirus: lessons from Asia’, 16 March 2020, <https://www.ft.com/content/e015e096-6532-11ea-a6cd-df28cc3c6a68>, accessed 20 April 2020

Fleck, L., Genesis and Development of a Scientific Fact (Chicago: University of Chicago Press, 2012)

Fluri, L., 'Das Parlament will seine Macht zurück: Beantragt der Bundesrat eine ausserordentliche Session?' [Parliament wants its power back: is the Federal Council proposing an extraordinary session?], 24 March 2020, <https://www.aargauerzeitung.ch/schweiz/das-parlament-will-seine-macht-zurueckbeantragt-der-bundesrat-eine-ausserordentliche-session-137302922>, accessed 21 April 2020

Forgey, Q., 'Both parties pile on Massie after effort to force recorded vote flops', Politico, 27 March 2020, <https://www.politico.com/news/2020/03/27/trump-congressman-thomas-massie-coronavirus-vote-151523>, accessed 21 April 2020

France 24, 'French Senate approves state of health emergency amid spike in infections', 20 March 2020, <https://www.france24.com/en/20200320-french-senate-approves-state-of-health-emergency-as-virus-casespass-10-000>, accessed 20 April 2020

German Parliament, 'Fraktionen befür worten Milliar den-Paket im Kampf gegen Corona-Pandemie' [Factions advocate billions of euros in fighting corona pandemic], 25 March 2020a, <https://www.bundestag.de/dokumente/textarchiv/2020/kw13-de-corona-generalaussprache-688948>, accessed 20 April 2020

—, 'Ja zu Gesetzen zum Bevölkerungs- und Sozialschutz und zu Krankenhäusern' [Yes to civil and social protection laws and hospitals], 25 March 2020b, <https://www.bundestag.de/dokumente/textarchiv/2020/kw13-de-corona-infektionsschutz-688952>, accessed 20 April 2020

Giddens, A., *Consequences of Modernity* (Cambridge: Polity Press, 1990) Global Right to Information Rating, COVID-19 Tracker, 15 April 2020, <https://www.rti-rating.org/covid-19-tracker>, accessed 20 April 2020

Globo Extra, 'Câmara e Senado adotam deliberação remota em meio ao avanço do Coronavírus no país' [Chamber and Senate adopt remote resolution amid the advance of the Coronavirus in the country], 17 March 2020, <https://extra.globo.com/noticias/economia/camara-senado-adotam-deliberacaoremota-em-meio-ao-avanco-do-coronavirus-no-pais-24311464.html>, accessed 20 April 2020

Government of Fiji, *National Humanitarian Policy for Disaster Risk Management* (2017), <http://www.fijigeoportal.gov.fj/documents/85/download>, accessed 21 April 2020

Government of Romania, HOTĂRÂRE nr. 2 din 14 martie 2020 privind completarea Regulamentului activităților comune ale Camerei Deputaților și Senatului [Decision no. 2 of 14 March 2020, regarding the amendment of the Regulation of the joint activities of the Chamber of Deputies and the Senate], Official Gazette, no. 209, 14 March 2020, <http://legislatie.just.ro/Public/DetaliiDocument/223817>, accessed 20 April 2020

Graham, K., 'The Global Community Catches a Virus: Thoughts on recovery and outcome', 31 March 2020, New Zealand Centre for Global Studies, <https://nzcgs.org.nz/director/the-global-community-catches-a-virus/>, accessed 28 April 2020

Grandjean, D., Rendu, A. C., MacNamee, T. and Scherer, K. R., 'The wrath of the gods: appraising the meaning of disaster', *Social Science Information*, 47/2 (2008), pp. 187–204, <https://doi.org/10.1177/0539018408089078> Hansard, House of Commons, Volume 110, Column 1463, 30 October 1918, <https://hansard.parliament.uk/Commons/1918-10-30/debates/b4fd97b3-a6c0-4535-820f-0fe4969d7467/MinisterialStatements>, accessed 21 April 2020

*The Hill*, 'Pelosi rejects calls to shutter Capitol: "We are the captains of this ship"', 10 March 2020a, <https://thehill.com/homenews/house/486834-pelosi-rejects-calls-to-shutter-capitol-were-the-captains-of-this-ship>, accessed 21 April 2020

—, 'Poll: Nearly 90 percent say they are practicing social distancing "as much as possible"', 27 March 2020b, <https://thehill.com/policy/healthcare/public-global-health/489810-poll-nearly-90-percent-say-they-are-practicing-social>, accessed 20 April 2020

Houses of the Oireachtas, Emergency Measures in the Public Interest (Covid-19) Act 2020 (2020a), <https://www.oireachtas.ie/en/bills/bill/2020/4/>, accessed 20 April 2020

—, Health (Preservation and Protection and other Emergency Measures in the Public Interest) Act 2020 (2020b), <https://www.oireachtas.ie/en/bills/bill/2020/3/>, accessed 20 April 2020

IPU, *Human Rights*: *Handbook for Parliamentarians* (Geneva: Inter-Parliamentary Union, 2005), <https://www.ipu.org/resources/publications/handbooks/2016-07/human-rights-handbook-parliamentarians>, accessed 20 April 2020

—, 'Country compilation of parliamentary responses to the pandemic', InterParliamentary Union, 17 April 2020a, <https://www.ipu.org/countrycompilation-parliamentary-responses-pandemic>, accessed 20 April 2020

—, 'Parliaments in a time of pandemic', Inter-Parliamentary Union, 2020b, <https://www.ipu.org/parliaments-in-time-pandemic>, accessed 20 April 2020

Irish Council for Civil Liberties, 'Emergency powers should only be exercised to protect public health', 24 March 2020, <https://www.iccl.ie/news/exerciseemergency-powers-only-to-protect-health/>, accessed 20 April 2020

*Irish Times*, 'Coronavirus: Increase in €203 welfare payment expected: Emergency legislation to be rushed through Oireachtas amid constitutional concern over Seanad', 23 March 2020a, <https://www.irishtimes.com/news/politics/coronavirus-increase-in-203-welfare-payment-expected-1.4209890>, accessed 20 April 2020

—, 'Marathon Dáil, Seanad sessions to pass Bill to mitigate economic collapse', 25 March 2020b, <https://www.irishtimes.com/news/ politics/marathond% C3%A1il-seanad-sessions-to-pass-bill-to-mitigate-economiccollapse-1.4212008?>, accessed 20 April 2020

—, 'Dáil passes legislation giving Government emergency powers', 26 March 2020c, <https://www.irishtimes.com/news/politics/d%C3%A1il-passeslegislation-giving-government-emergency-powers-1.4212869>, accessed 20 April 2020

thejournal.ie, 'Emergency Covid-19 legislation passes all stages in the Dáil', 19March 2020a, <https://www.thejournal.ie/emergency-covid19-legislationireland-5051280-Mar2020/>, accessed 20 April 2020

—, 'Plans underway for Dáil to sit in Convention Centre or Dublin Castle for Taoiseach election vote', 31 March 2020b, <https://www.thejournal.ie/convention-centre-dail-sitting-5062950-Mar2020/>, accessed 20 April 2020

Kreps, G. A., 'The federal emergency management system in the United States: Past and present', International Journal of Mass Emergencies and Disasters, 8/3 (1990), pp. 275–300

Kuta, M., Head of the General Analyses Department, Parliamentary Institute of the Chamber of Deputies of the Czech Republic, email communication with the author, 14 April 2020

Lapin Kansa, 'Oppositio tivasi ratkaisuja yritysten ja työpaikkojen pelastamiseksi —hallitus julkistaa linjaukset huomenna' [The opposition sought solutions to save businesses and jobs—the government will announce guidelines tomorrow], 19 March 2020, <https://www.lapinkansa.fi/oppositio-tivasiratkaisuja-yritysten-ja-tyopaikko/723354>, accessed 20 April 2020

*L'Economiste Maghrébin*, 'Nécessité d'accélérer les mesures de lutte contre les impacts du Covid-19' [Need to accelerate measures to combat the impacts of Covid-19], 24 March 2020a, <https://www.leconomistemaghrebin.com/2020/03/24/covid-19-necessite-accelerer-mesures-lutte-contre-impacts/>, accessed 21 April 2020

—, 'Mesures exceptionnelles pour la continuité du travail au Parlement' [Exceptional measures for the continuity of work in Parliament], 26 March 2020b, <https://www.leconomistemaghrebin.com/2020/03/26/mesures-exceptionnelles-pour-la-continuite-du-travail-parlement/>, accessed 21 April 2020

Le Point, 'Ces lois que Vichy nous a léguées' [These laws that Vichy bequeathed to us], 11 October 2012, <https://www.lepoint.fr/societe/ces-lois-que-vichynous-a-leguees-11-10-2012-1695073_23.php#>, accessed 20 April 2020

Lundsgaard, C., 'Tibetan Parliament in exile to see first ever opposition party', Tibet Post International, 18 May 2011, <http://www.thetibetpost.com/en/outlook/interviews-and-recap/1709-tibetan-parliament-in-exile-to-see-firstever-opposition-party>, accessed 20 April 2020

Makszimov, V., 'Hungarian parliament considers punishing false and true distorted facts with up to five years imprisonment', EURACTIV.com, 15 March 2020, <https://www.euractiv.com/section/coronavirus/short_news/hungary-update-covid-19>, accessed 20 April 2020

Mexican Chamber of Deputies, 'Aprueba la Cámara de Diputados la integración de la Comisión Permanente' [The Chamber of Deputies approves the integration of the Permanent Commission], 19 March 2020, <https://comunicacionnoticias.diputados.gob.mx/comunicacion/index.php/boletines/aprueba-la-camara-de-diputados-la-integracion-de-la-comisionpermanente>, accessed 21 April 2020

Ministry of Justice, Finland, Emergency Powers Act (1991), <https://www.finlex.fi/fi/laki/kaannokset/1991/en19911080_20030696.pdf>, accessed 20 April 2020

Mosaique FM, 'Report de la réunion de cellule de crise à l'ARP' [Postponement of the ARP crisis cell meeting], 18 March 2020, <https://www.mosaiquefm.net/fr/actualite-national-tunisie/706471/report-de-lareunion-de-cellule-de-crise-a-l-arp>, accessed 21 April 2020

Myroniuk, A., 'Another member of parliament tests positive for COVID-19', Kyiv Post, 28 March 2020, <https://www.kyivpost.com/ukraine-politics/mpanna-skorokhod-tests-positive-for-covid-19.html>, accessed 21 April 2020

New York Times, 'As Coronavirus spread, largest stimulus in history united a polarized Senate', 26 March 2020a, <https://www.nytimes.com/2020/03/26/us/coronavirus-senate-stimulus-package.html>, accessed 20 April 2020

—, 'The Senate unanimously passed a USD 2 trillion stimulus plan', 26 March 2020b,<https://www.nytimes.com/2020/03/26/world/coronavirusnews.html#link-6d551722>, accessed 20 April 2020

—, 'From afar, Congress moves to oversee Trump coronavirus response', 2 April 2020c, <https://www.nytimes.com/2020/04/02/us/politics/coronaviruscongress-oversight-trump.html>, accessed 20 April 2020

—, 'Where America didn't stay home even as the virus spread', 2 April 2020d, <https://www.nytimes.com/interactive/2020/04/02/us/coronavirus-socialdistancing.html>, accessed 20 April 2020

New Zealand House of Representatives, Order Paper, 19 March 2020, <https://www.parliament.nz/resource/en-NZ/OrderPaper_20200319/51f4e4043fae04326a10d0789038b351c147fcd7>, accessed 20 April 2020

New Zealand Parliament, 'COVID-19: What is the Epidemic Response Committee?', 30 March 2020, <https://www.parliament.nz/en/get-involved/features/covid-19-what-is-the-epidemic-response-committee/>, accessed 21 April 2020

Norris, S., Pandemic Influenza Background Paper (Ottawa: Library of Parliament, 2010), <https://lop.parl.ca/staticfiles/PublicWebsite/Home/ResearchPublications/BackgroundPapers/PDF/2004-57-e.pdf>, accessed 21 April 2020

Parliament of Finland, ‘Enacting Emergency Powers Act: Parliament procedures’, 17 March 2020a, <https://www.eduskunta.fi/EN/tiedotteet/Pages/EnactingEmergency-Powers-Act-Parliament-procedures.aspx>, accessed 20 April 2020

—, Constitutional Law Committee, Report, 18 March 2020b, <https://www.eduskunta.fi/FI/vaski/Mietinto/Sivut/PeVM_2+2020.aspx>, accessed 20 April 2020

—, Parliamentary Debate Minutes, 18 March 2020c, <https://www.eduskunta.fi/FI/vaski/Poytakirja/Documents/PTK_27+2020.pdf>, accessed 20 April 2020

—, ‘The Speaker’s Council issued new regulations’, 23 March 2020d, <https://www.eduskunta.fi/EN/tiedotteet/Pages/230320-speakers-councilsrecommendations.aspx>, accessed 20 April 2020

—, ‘Information about the COVID-19’, n.d., <https://www.eduskunta.fi/EN/Pages/koronavirus_ajankohtaista.aspx>, accessed 20 April 2020
Parliament of Kenya, Speaker’s Guidelines 02/2020, <http://www.parliament.go.ke/sites/default/files/2020-04/SPEAKER%27S%20GUIDELINES%20ON%20COVID-19%20%281%29.pdf>, accessed 20 April 2020

Parliament of Norway, ‘The Storting constitutes coronavirus special committee’, 16 March 2020a, <https://www.stortinget.no/en/In-English/About-theStorting/News-archive/Front-page-news/2019-2020/the-stortingconstitutes-coronavirus-special-committee/>, accessed 21 April 2020

—, ‘New working procedures for the standing committees during the COVID-19 outbreak’, 19 March 2020b, <https://www.stortinget.no/en/In-English/About-the-Storting/News-archive/Front-page-news/2019-2020/newworking-procedures-for-the-standing-committees-during-the-covid-19-outbreak/>, accessed 21 April 2020

—, ‘The Storting considers an enabling act’, 20 March 2020c, <https://www.stortinget.no/en/In-English/About-the-Storting/News-archive/Frontpage-news/2019-2020/the-storting-considers-an-enabling-act/>, accessed 20 April 2020

Parliament of the Republic of Fiji, Parliamentary Debates: Daily Hansard, 5 September 2019, <http://www.parliament.gov.fj/wp-content/uploads/2019/09/Thursday-5th-September-2019.pdf>, accessed 21 April 2020

Parliament of Trinidad and Tobago, Facebook page, 25 March 2020 <https://www.facebook.com/watch/?v=883479848790499>, accessed 20 April 2020

Perrow, C., Normal Accidents: *Living with High-Risk Technologies* (New York, Basic Books, 1984)

—, *The Next Catastrophe: Reducing Our Vulnerabilities to Natural, Industrial, and Terrorist Disasters* (Princeton, NJ: Princeton University Press, 2011), <https://doi.org/10.1515/9781400838516>, accessed 21 April 2020

Perrow, C. and Pulver, S., 'Organizations and markets', in R. E. Dunlap and R. J. Brulle (eds), *Climate Change and Society: Sociological Perspectives* (Oxford: Oxford University Press, 2015, pp. 61–92), <https://doi.org/10.1093/acprof:oso/9780199356102.003.0003>

Pohjanpalo, K., 'Finland invokes emergency powers to slow coronavirus spread', Bloomberg, 16 March 2020, <https://www.bloomberg.com/news/articles/2020-03-16/finland-invokes-emergency-powers-to-slow-coronavirusspread>, accessed 20 April 2020

The President, European Parliament, 'Sassoli: "Democracy cannot be paralysed against COVID-19"', 26 March 2020, <https://www.europarl.europa.eu/the-president/en/newsroom/sassoli-democracy-cannot-be-suspended-in-face-of-covid-19?lang=en>, accessed 20 April 2020

Prudham, S., 'Poisoning the well: neoliberalism and the contamination of municipal water in Walkerton, Ontario', Geoforum, 35/3 (2004), pp. 343–59, <https://doi.org/10.1016/j.geoforum.2003.08.010>

Reuters, '"We are the last to leave": Pelosi resists closing Congress amid coronavirus crisis', 10 March 2020, <https://www.reuters.com/article/ushealth-coronavirus-congress/we-are-the-last-to-leave-pelosi-resists-closingcongress-amid-coronavirus-crisis-idUSKBN20X317>, accessed 20 April 2020

*Romania Insider*, 'Romania's Parliament endorses the state of emergency but asks for ex-post report', 20 March 2020, <https://www.romania-insider.com/parliament-endorses-state-emergency>, accessed 20 April 2020

Romanian Chamber of Deputies, Informare de presă privind procedura de vot electronic la distanță pentru şedința comună on-line a Camerei Deputaților şi Senatului de joi, 19 martie [Press release on the electronic remote voting procedure], 19 March 2020, <http://www.cdep.ro/relatii_publice/site2015.text_presa?pid=19660>, accessed 20 April 2020

Sablayrolles, R., 'Libertinus miles: Les cohortes de vigiles', *Ecole française de Rome,* No. 224 (1996), <https://www.persee.fr/doc/efr_0223-5099_1996_ths_224_1>, accessed 20 April 2020

Senate of Chile, 'En primera sesión virtual Comisión de Educación analizó medidas frente a suspensión de clases' [In the first virtual session, the Education Commission analysed measures against the suspension of classes], 24 March 2020, <https://www.senado.cl/en-primera-sesion-virtualcomision-de-educacion-analizo-medidas-frente-a/senado/2020-03-24/154838.html>, accessed 21 April 2020

Senate of the Republic, Constitution of the Italian Republic (1947), Englishlanguage translation, <https://www.senato.it/documenti/repository/istituzione/costituzione_inglese.pdf>, accessed 17 April 2020

Sorokin, O., 'Crucial laws stalled in parliament as lawmakers self-isolate from work', Kyiv Post, 20 March 2020a, <https://www.kyivpost.com/ukrainepolitics/crucial-laws-stalled-in-parliament-as-lawmakers-self-isolate-fromwork.html>, accessed 21 April 2020

—, 'As COVID-19 strikes lawmakers, parliament prepares to work remotely to pass crucial bill', Kyiv Post, 24 March 2020b, <https://www.kyivpost.com/ukraine-politics/as-lawmakers-come-down-with-covid-19-parliamentprepares-to-work-remotely-to-pass-crucial-bill.html>, accessed 21 April 2020

*South China Morning Post*, 'Coronavirus: Whistle-blower Dr Li Wenliang confirmed dead of the disease at 34, after hours of chaotic messaging from hospital', 7 February 2020, <https://www.scmp.com/news/china/society/article/3049411/coronavirus-li-wenliang-doctor-who-alerted-authoritiesoutbreak>, accessed 20 April 2020

The State Great Hural of Mongolia, 'The draft law on amending the Law on Session Procedures of the State Great Hural of Mongolia has been submitted for the first discussion' [in Mongolian], 7 April 2020, <http://parliament.mn/n/d9mo>, accessed 21 April 2020

Swalwell, E., 'Swalwell, Crawford Reintroduce the MOBILE Resolution', Press release, 9 March 2020, <https://swalwell.house.gov/media-center/pressreleases/swalwell-crawford-reintroduce-mobile-resolution>, accessed 21 April 2020

Swiss Parliament, ‘Pas de 3ème semaine de session de printemps de l’Assemblée fédérale’ [The 3rd week of spring session of the Federal Assembly], 15 March 2020a, <https://www.parlament.ch/press-releases/Pages/mmvd-2020-03-15.aspx>, accessed 21 April 2020

—, ‘Crise du COVID-19: le parlement siègera début mai à BERNEXPO’ [COVID-19 crisis: Parliament will meet in early May at BERNEXPO], 26 March 2020b, <https://www.parlament.ch/press-releases/Pages/mm-information-2020-03-26.aspx>, accessed 21 April 2020

Thornton, L., former Resident Director, NDI Georgia, email communication with the author, 1 April and 24 April 2020

Tibetan Parliament in Exile, Official website (2019a), <, accessed 20 April 2020

—, Tibetan Parliament-in-Exile: An Introduction and Insight (2019b), <https://issuu.com/chithu/docs/2017_book-reduced>, accessed 21 April 2020

*Times of Israel*, ‘High Court says virus mass surveillance can’t continue without Knesset oversight’, 19 March 2020, <https://www.timesofisrael.com/highcourt-says-virus-mass-surveillance-cant-continue-without-knesset-oversight/>, accessed 21 April 2020

Turp, C., ‘In a time of coronavirus, Romania gets a new government’, *Emerging Europe*, 14 March 2020, <https://emerging-europe.com/news/romaniacoronavirus-government/>, accessed 20 April 2020

UK Parliament, ‘UK should lead efforts to reform World Health Organization’, House of Commons International Development Committee, 19 January 2016, <https://www.parliament.uk/business/committees/committees-a-z/commons-select/international-development-committee/newsparliament-20151/ebola-report-published-15-16/>, accessed 21 April 2020

—, ‘House of Commons implements proxy voting pilot system for new parents’, 28 January 2019, <https://www.parliament.uk/business/news/2019/parliamentary-news-2019/the-house-of-commons-makes-proxy-votingdecision/>, accessed 21 April 2020

—, ‘Bomb damage’ (n.d.), <https://www.parliament.uk/about/living-heritage/building/palace/architecture/palacestructure/bomb-damage/>, accessed 21 April 2020

UNDRR, *Bangkok Principles for the Implementation of the Health Aspects of the Sendai Framework for Disaster Risk Reduction 2015–2030* (Bangkok: United Nations Office for Disaster Risk Reduction, 2016), <https://www.preventionweb.net/files/47606_bangkokprinciplesfortheimplementati.pdf>, accessed 21 April 2020

—, Disaster Risk Reduction in the Republic of *Fiji: Status Report* 2019 (Bangkok: United Nations Office for Disaster Risk Reduction, 2019), <https://www.unisdr.org/files/68251_682302fijirevised16oct2019.pdf>, accessed 21 April 2020

UNIAN, 'Ukraine criminalizes piano voting', 19 December 2019, <https://www.unian.info/politics/10802540-ukraine-criminalizes-pianovoting.html>, accessed 21 April 2020

UN ISDR, *Disaster Reduction in Africa* (Nairobi: United Nations International Strategy for Disaster Reduction, 2009), <https://www.preventionweb.net/files/13709_UNISDRAfricaInforms2009PDF.pdf>, accessed 21 April 2020

United Nations, *Sendai Framework for Disaster Risk Reduction* 2015–2030 (2015), <https://www.preventionweb.net/files/43291_sendaiframeworkfordrren.pdf>, accessed 21 April 2020

United States House of Representatives, 'The House's decision to conduct business during the 1918 influenza pandemic', 15 October 1918, <https://history.house.gov/HistoricalHighlight/Detail/36494>, accessed 20 April 2020

Urbinati, N. and Warren, M. E., 'The concept of representation in contemporary democratic theory', *Annual Review of Political Science,* 11 (2008), pp. 387–412, <https://doi.org/10.1146/annurev.polisci.11.053006.190533>

Van Onselen, P., 'Coronavirus Australia: War couldn't stop parliament, so why should COVID-19?', *The Australian*, 24 March 2020, <https://www.theaustralian.com.au/commentary/coronavirus-australia-war-couldntstop-parliament-so-why-now/news-story/a6b3ea10778ca67818142c5d01e41b37>, accessed 20 April 2020

Vargas, M. G., 'Senado suspendió sesiones por coronavirus: se sumó a la Cámara de Diputados y al Poder Judicial' [Senate suspended sessions due to coronavirus: joined the Chamber of Deputies and the Judiciary], Infobae, 25 March 2020, <https://www.infobae.com/america/mexico/2020/03/25/senado-suspendio-sesiones-por-coronavirus-se-sumo-a-la-camara-dediputados-y-al-poder-judicial/>, accessed 21 April 2020

*Warsaw Business Journal*, 'Upper house of Polish parliament votes on "anti-crisis shield"', 31 March 2020, <https://wbj.pl/upper-house-of-polish-parliamentvotes-on-anti-crisis-shield/post/126589>, accessed 21 April 2020

Webster, P., 'Canada strengthens pandemic plan in wake of SARS', *The Lancet*, 363/9409 (2004), p. 628, <https://doi.org/10.1016/S0140-6736(04)15635-3>

Weinberg, J., 'Coronavirus lockdown: fresh data on compliance and public opinion', The Conversation, 9 April 2020, <https://theconversation.com/coronavirus-lockdown-fresh-data-on-compliance-and-publicopinion-135872>, accessed 20 April 2020

Weinstein, R. A., 'Planning for epidemics—the lessons of SARS', *New England Journal of Medicine*, 350/23 (2004), pp. 2332–34, <https://doi.org/10.1056/NEJMp048082>

Weisz, G. M. and Grzybowski, A., 'Medical discoveries in the ghettos: the antityphus battle', *The Israel Medical Association Journal*: IMAJ, 13/5 (2011), pp. 261–65, <https://www.ima.org.il/FilesUploadPublic/IMAJ/0/39/19794.pdf>, accessed 20 April 2020

WHO, *Essential Steps for Developing or Updating a National Pandemic Influenza Preparedness Plan* (Geneva: World Health Organization, 2018), <https://apps.who.int/iris/bitstream/handle/10665/272253/WHO-WHE-IHMGIP-2018.1-eng.pdf?ua=1>, accessed 21 April 2020

Yle, 'Gov leaders meet on Sunday amid first steps on Emergency Powers Act', 14 March 2020a, 16:20, <https://yle.fi/uutiset/osasto/news/article11307944.ece>, accessed 20 April 2020

—, 'Finland closes schools, declares state of emergency over coronavirus', 16 March 2020b, <https://yle.fi/uutiset/osasto/news/finland_closes_schools_declares_state_of_emergency_over_coronavirus/11260062>, accessed 20 April 2020

## ကျေးဇူးတင်လွှာ

ဤစာအုပ်နှင့်ပတ်သက်၍ အကြံဉာဏ်ပေးခဲ့သူများနှင့် မထုတ်ပြန်မီ ဖတ်စာအုပ်မူကြမ်းများကို ဖတ်ရှုသုံးသပ်ပေးခဲ့သူများကို ဤဖတ်စာအုပ်ကိုရေးသားပြုစုသူက ကျေးဇူးတင်ပါသည်။ ဖတ်စာအုပ်အတွက် သုတေသနပြုနိုင်ရန် အကူအညီများပေးခဲ့သည့် Laura Mancilla ကို အထူးကျေးဇူးတင်ပါသည်။ ဤဖတ်စာအုပ်ဖြစ်မြောက်ရန် ကူညီပေးခဲ့သည့် Gonzalo Jorro-Martinez ၊ INTET PARES ၏ဥရောပသမဂ္ဂစီမံကိန်းမန်နေဂျာနှင့် ဖတ်စာအုပ်အတွက် အသုံးဝင်သည့် ဥပမာများကို ပံ့ပိုးပေးခဲ့သည့် International IDEA မှ လုပ်ဖော်ကိုင်ဖက်များကိုလည်း ကျေးဇူးတင်ပါသည်။

ယခုမြန်မာဘာသာ လွှတ်တော်ဆိုင်ရာ ဖတ်စာအုပ် – ၁ကို အုပ်ချုပ်ရေးမဏ္ဍိုင် အပေါ်စောင့်ကြည့်အကဲဖြတ်မှုစွမ်းရည်မြှင့်တင်ပေးမည့် ကာလရှည်စီမံချက် တစ်ခုဖြစ်သောလွှတ်တော်၏ဘတ်ဂျက်စိစစ်ရေးကဏ္ဍ ထိရောက်ရေးစီမံချက် (Support Hluttaw Work on Effective Budget Oversight-SHWEBO) က ဥရောပသမဂ္ဂ (European Union) နှင့် ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာန (UK DfID) တို့၏ ထောက်ပံ့မှုဖြင့် ထုတ်ဝေသည်။

# နောက်ဆက်တွဲ

## INTER PARES အကြောင်း

INTER PARES | မိတ်ဖက်လွှတ်တော်များစီမံကိန်း – လွှတ်တော်များ၏စွမ်းဆောင်ရည်မြှင့်တင်ရေးဥရောပသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာစီမံကိန်းသည် ဒီမိုကရေစီစနစ်များ ရှင်သန်ထွန်းကားရေးအတွက် ကူညီပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ ဥရောပသမဂ္ဂက ငွေကြေးပံ့ပိုးပေးပြီး International IDEA က အကောင်အထည်ဖော်လျက်ရှိသည့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပထမဆုံးဆောင်ရွက်သည့် ယင်းစီမံကိန်းသည်မိတ်ဖက်နိုင်ငံများရှိ လွှတ်တော်များ၏ ဥပဒေပြုရေး၊ ကြီးကြပ်စောင့်ကြည့်ရေး၊ ကိုယ်စားပြုရေး၊ ဘဏ္ဍာရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများကို မြှင့်တင်ပေး၍လွှတ်တော်များ၏ စွမ်းဆောင်ရည်မြင့်လာစေရန်ရည်ရွယ်ပါသည်။ လွှတ်တော်များ၏လိုအပ်ချက်များကိုအခြေခံ၍ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှလွှတ်တော်များနှင့်မိတ်ဖက်လွှတ်တော်များအကြား မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့်၎င်းစီမံကိန်းသည်လွှတ်တော်များကိုပိုမိုထိရောက်စွာ စွမ်းဆောင် နိုင်စေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေး၊ တာဝန်ခံမှုရှိစေရေး၊ ချဉ်းကပ်ရန်လွယ်ကူစေရေးနှင့် ပြည်သူများကို ကိုယ်စားပြုစေရေးတို့အတွက် ရည်ရွယ်ပါသည်။

ဒီမိုကရေစီထွန်းကားစေရေးသည် ဥရောပသမဂ္ဂ၏ အဓိကကျသည့် နိုင်ငံခြားရေးမူဝါဒတစ်ရပ်ဖြစ်ပြီး နိုင်ငံတကာနှင့် ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးမူဝါဒတွင် ဦးစားပေးကိစ္စတစ်ခု ဖြစ်ပါသည်။ ယင်းရည်မှန်းချက်ကို ပြည့်မီစေရေးအတွက် လွှတ်တော်များ၏စွမ်းဆောင်ရည်ကို မြှင့် တင်ပေးရန်လိုအပ်ပါသည်။

လွှတ်တော်အချင်းချင်းမိတ်ဖက်ပြုမှုနှင့်အတူ၎င်းစီမံကိန်းသည်ရေရှည်တည်တံ့သည့်လွှတ်တော်အချင်းချင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် လွှတ်တော်များနှင့်သက်ဆိုင်သည့်ကိစ္စများတွင်လက်တွေ့အသုံးချနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန်လည်း ရည်ရွယ်ပါသည်။
<http://www.inter-pares.eu>

## စာရေးသူအကြောင်း

**JONATHAN MURPHY** သည် ဒီမိုကရေစဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာမှအသိအမှတ်ပြုထားသည့် ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး လွှတ်တော်များနှင့် အခြားဒီမိုကရေစီဆိုင်ရာ အဖွဲ့အစည်းများ/အလေ့အထများအားကောင်းစေရေးနှင့်ပတ်သက်၍ အထူးပြုပါသည်။

၎င်းသည် INTER PARES | မိတ်ဖက်လွှတ်တော်များစီမံကိန်း – လွှတ်တော်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ဥရောပသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာစီမံကိန်းအစီအစဉ်၏အကြီးအကဲဖြစ်ပါသည်။

ပြီးခဲ့သည့် နှစ် ၂၀ အတွင်း Jonathan သည် အာဖရိက၊ အာရှ၊ ဥရောပ၊ တောင်နှင့်မြောက်အမေရိက၊ အာရပ်နိုင်ငံများနှင့် ပစိဖိတ်ဒေသများမှ လွှတ်တော် ၄၀ ကျော် နှင့် အလုပ်လုပ်ခဲ့ပါသည်။ ထို့အပြင် ၎င်းသည် International IDEA သို့ ၂၀၁၉ ခုနှစ်တွင် မဝင်ရောက်ခင် နိုင်ငံတကာအေဂျင်စီများအတွက် မူဝါဒများရေးဆွဲခြင်းနှင့် သုံးသပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

Jonathan သည် ကိန်းဘရစ်တက္ကသိုလ်မှစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိထားပါသည်။ ၎င်းသည် စာအုပ် ၆ အုပ်နှင့် ဘာသာရပ်ပိုင်းဆိုင်ရာဆောင်းပါးများ၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာစီမံခန့်ခွဲမှုဆိုင်ရာကိစ္စများအပါအဝင် အခြားခေါင်းစဉ်များနှင့်ပတ်သက်သည့် အစီရင်ခံစာများကို ထုတ်ဝေထားပါသည်။

## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းရေရှည်တည်တံ့သော ဒီမိုကရေစီရရှိရေးအတွက် ပံ့ပိုးကူညီလျက်ရှိပါသည်။ ယင်း ရည်မှန်းချက်ကိုအကောင်အထည်ဖော်ရာတွင် အဆင့်တိုင်း၌ ဒီမိုကရေစီဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများကို တည်ဆောက်ခြင်း၊ အားကောင်းရန်ဆောင်ရွက်ခြင်းနှင့် ကာကွယ်ပေးခြင်းတို့တွင် ပံ့ပိုးကူညီပေးခြင်းဖြင့် ဆောင်ရွက်ပါသည်။ ဒီမိုကရေစီဆိုင်ရာလုပ်ငန်းစဉ်များ၊ ယင်းတွင်ပါဝင်သူများနှင့် အဖွဲ့အစည်းများက သက်ဆိုင်သူအားလုံးကို ကိုယ်စားပြု၍ တာဝန်ခံမှုရှိပြီး အားလုံးအတွက်ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည့် ကမ္ဘာဖြစ်ရေးသည် ကျွန်ုပ်တို့၏ ရည်မှန်းချက်ဖြစ်ပါသည်။

## International IDEA မှဆောင်ရွက်နေသည့်လုပ်ငန်းများ

International IDEA သည် ရွေးကောက်ပွဲဆိုင်ရာကိစ္စများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာကိစ္စများနှင့် နိုင်ငံရေးကိစ္စများတွင် ပြည်သူအများပါဝင်နိုင်ရေးကိစ္စများဟူသည့် ကဏ္ဍ (၃) ရပ်တွင် အဓိကပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ကျားမတန်းတူညီမျှရှိရေး၊ ပဋိပက္ခများကိုသတိပြုမှု နှင့် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ သည်လည်း ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များတွင် ပါဝင်ပါသည်။

International IDEA က တစ်ကမ္ဘာလုံးနှင့် ဒေသအလိုက် ဒီမိုကရေစီထွန်းကားမှုနှင့်ပတ်သက်၍ လေ့လာသုံးသပ်ခြင်း၊ ဒီမိုကရေစီအလေ့အထများကို နှိုင်းယှဉ်လေ့လာခြင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် ပါဝင်နေသူများအတွက် နည်းပညာအကူအညီနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးများ စီစဉ်ပေးခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် ဒီမိုကရေစီနှင့် ဒီမိုကရေစီတည်ဆောက်ခြင်းဆိုင်ရာကိစ္စများ အတွက်ဆွေးနွေးပွဲများစီစဉ်ပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါသည်။

## International IDEA တည်ရှိသည့်နေရာများ

International IDEA ၏ ရုံးချုပ်သည် ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့၌ရှိပြီး အာဖရိက၊ အာရှ၊ ပစိဖိတ်၊ ဥရောပ၊ လက်တင်အမေရိက နှင့် ကာရေးဘီးယမ်းဒေသများ၌ ဒေသဆိုင်ရာရုံးများနှင့် နိုင်ငံဆိုင်ရာရုံးများထား ရှိပါသည်။ International IDEA သည် ကုလသမဂ္ဂ၌ အမြဲတမ်းလေ့လာသူအဆင့်ကို ရရှိထားပြီး ဥရောပသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများထံသို့လည်း ကိုယ်စားလှယ်ခန့်အပ်ထားရှိပါသည်။

<http://www.idea.int>

လွှတ်တော်များနှင့်အကျပ်အတည်း – စိန်ခေါ်မှုများနှင့်ဆန်းသစ်တီထွင်မှုများသည်ဥရောပသမဂ္ဂက ငွေကြေးထောက်ပံ့ပြီး International IDEA မှ အကောင်အထည်ဖော်လျက်ရှိသည့် INTER PARES ကထုတ်ဝေသည့် လွှတ်တော်ဆိုင်ရာဖတ်စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ နှင့် ဆက်စပ်ရေးထားသည့် ဤဖတ်စာအုပ်တွင် ကပ်ကာလအတွင်း မှန်ကန်သည့်ဆုံးဖြတ်ချက်များချရန် နှင့် နိုင်ငံသားအခွင့်အရေးများကို ကာကွယ်ရေးလွှတ်တော်များ၏ အရေးကြီးသည့် အခန်းကဏ္ဍကို ဖော်ပြထားပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် နိုင်ငံများ၏အုပ်ချုပ်မှုပုံစံများ အပေါ် ကြီးကြီးမားမား သက်ရောက်မှုရှိပါသည်။ ဒီမိုကရေစီအုပ်ချုပ်မှုစနစ်ကို အကောင်းဆုံးနှင့် အထိရောက်ဆုံးအုပ်ချုပ်မှုစနစ်ဖြစ်စေသည့် အချက်များဖြစ်သည့် ပွင့်လင်းမြင်သာမှု၊ နိုင်ငံသားများ၏ဆန္ဒကို အလေးထားမှု၊ မူဝါဒများကိုထိရောက်စွာပြန်လည်သုံးသပ်နိုင်မှုတို့ကို မထိခိုက်စေဘဲ အချိန်အကန့်အသတ်ကြားမှ ဆောင်ရွက်နိုင်ရေး ဒီမိုကရေစီနိုင်ငံများက ကြိုးပမ်းလာရပါသည် မူဝါဒများချမှတ်ရာတွင် ပြည်သူများကိုကိုယ်စားပြုခြင်း၊ လူ့အဖွဲ့အစည်းကိုအုပ်ချုပ်မည့်ဥပဒေများချမှတ်ခြင်း၊ ဥပဒေအရဆောင်ရွက်ရမည့် ကိစ္စများကို အစိုးရကထိရောက်စွာနှင့် မျှတမှုရှိစွာဆောင်ရွက်ရေးကြီးကြပ်ခြင်း၊ ပြည်သူများထံမှရရှိသည့် အခွန်ငွေများကိုအစိုးရ၏ လုပ်ငန်းများ အတွက်ခွဲဝေချထားပေးခြင်းနှင့် ပြည်သူများ၏ အမြင်များကိုအဆင့်တိုင်းတွင် ထည့်သွင်းစဉ်းစားခြင်းတို့အတွက် လွှတ်တော်များသည်အခရာကျသည့် ဒီမိုကရေစီအဖွဲ့အစည်းများ ဖြစ်ပါသည်။ ကပ်ကာလအတွင်း လွှတ်တော် များသည် အကျပ်အတည်းများကြားမှ ၎င်းတို့၏တာဝန်များကို ထမ်းဆောင်ရပါသည်။ ဤဖတ်စာအုပ်တွင် လွှတ်တော်များ၏တုံ့ပြန်ဆောင်ရွက်မှုများအနက်မှ ၂ ချက်ကို ဦးစားပေးထားပါသည်။ ပထမဦးဆုံးအနေဖြင့် ပြည်သူအားလုံး၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားသည့် အရေးပေါ်ကာလဆောင်ရွက်ချက်များကို ချမှတ်ရေး၊ ကပ်ဘေးကာလအတွင်းအစိုးရများ၏ အထူးလုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ရေး၊ အချိန်အတိုင်းအတာတစ်ခု အထိသာ အသက်ဝင်စေရေး နှင့် လွှတ်တော်ကကြီးကြပ်နိုင်ရေးတို့တွင် လွှတ်တော်များကမည်သို့ဆောင်ရွက်သည်ကို တင်ပြထားပါသည်။ ဒုတိယအချက်အနေဖြင့် လွှတ်တော်များ၏လုပ်ငန်းများကိုအဝေးမှနေ၍ဆောင်ရွက်နိုင်ရန်အတွက် မည်ကဲ့သို့ ကြံဆဆောင်ရွက်ခဲ့သည်ကို ဖော်ပြထားပါသည်။ နိဂုံးအဖြစ် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအပေါ် အစိုးရများအနေဖြင့်မည်သည့်ထိရောက်မှုအတိုင်းအတာအထိတုံ့ပြန်ခဲ့သည်ကို ပြန်လည်သုံးသပ်ရေးနှင့် ကပ်ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် သင်ခန်းစာ များရယူနိုင်ရေးတို့တွင် လွှတ်တော်များက မည်ကဲ့သို့အရေးပါသည့်နေရာမှပါဝင်နိုင်သည်ကိုဆွေးနွေးထားပါသည်။

ISBN: 978-91-7671-320-4 (Print)
ISBN: 978-91-7671-321-1 (PDF)

**INTER PARES | မိတ်ဖက်လွှတ်တော်များစီမံကိန်း**
*လွှတ်တော်များ၏စွမ်းဆောင်ရည်မြှင့်တင်ရေး*
*ဥရောပသမဂ္ဂ၏ကမ္ဘာလုံးဆိုင်ရာစီမံကိန်း*
ဥရောပသမဂ္ဂဆိုင်ရာ International IDEA ရုံး
ဒေစ်ဇာလမ်း ၄၁, ၁၀၄၀ ဘရပ်ဆဲလ်မြို့
ဘယ်လ်ဂျီယံနိုင်ငံ
အီးမေးလ် : interpares@idea.int

**International IDEA**
စတွန်းစ်ဘောဂ်
SE-၁၀၃ ၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် : +၄၆ ၈ ၆၉၈ ၃၇ ၀၀
အီးမေးလ် : info@idea.int

ဤဖတ်စာအုပ်ကို INTER PARES | မိတ်ဖက်လွှတ်တော်များစီမံကိန်း – *လွှတ်တော်များ၏စွမ်းဆောင်ရည်မြှင့်တင်ရေး ဥရောပသမဂ္ဂ၏ကမ္ဘာလုံးဆိုင်ရာစီမံကိန်း* အရ ပြုစုခြင်းဖြစ်ပြီး ဥရောပသမဂ္ဂက ငွေကြေးထောက်ပံ့ထားပါသည်။ ဖတ်စာအုပ်ပါ အကြောင်းအရာများနှင့်ပတ်သက်၍ International IDEA တွင်သာတာဝန်ရှိပြီး ဥရောပသမဂ္ဂ၏ အမြင်များကိုကိုယ်စားမပြုပါကြောင်းဖော်ပြအပ်ပါသည်။